ပန်းဝေဝေ စာပေ

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေဇာတ်ဝတ္ထုများ

အတွဲ(၁၇)

နန္ဒာမိုးကြယ် ပြုစုသည်



ငါးရာ့ငါးဆယ်နိပါတ်တော် စကားပြေဇာတ်ဝတ္ထုများ ( အတွဲ - ၁၇ )

ပန်းဝေဝေ စာပေ

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေဇာတ်ဝတ္ထုများ

အတွဲ-၁၇

နန္ဒာမိုးကြယ် ပြုစုသည်



http://www.dhammadownload.com

15350221

ပန်းဝေဝေစာပေ

အမှတ်-၄၄၊ ဦးရွှေဥမ်းလမ်း၊ ရေကျော်
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉ ၄၃၀ ၉၇၉၆၁

ပြည်လုံးကျွတ်ဖြန့်ချိရေး

မြတ်ပန်းရဂုံစာပေ

အမှတ် ၁၉၄၊ ၂၉ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- [illegible]

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် ၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.dhammadownload.com

ကလေးတို့အတွက်

# ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

## နန္ဒာမိုးကြယ်

ပြုစုသည်

(အတွဲ ၁၇)

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်** – ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၅၀၀ ကျပ်

**အဖုံးဒီဇိုင်း** – သန့်ဇော်သစ်

**အတွင်းဖလင်** – A-7 Group

**ထုတ်ဝေသူ** – ဦးစိုးတင့်
ရွှေပြည်သာစာပေ၊
၆/၁၀ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာမြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** – ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် -- ၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** – ပန်းဝေဝေ

၂၉၄.၃
နန္ဒာမိုးကြယ်
ပုံပြင်ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေဇာတ်ဝတ္ထုများအတွဲ(၁၇) /
နန္ဒာမိုးကြယ်။ ရန်ကုန်။ ရွှေပြည်သာစာပေ၊ ၂၀၁၂။
၁၇၆-စာ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁)ပုံပြင်ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေဇာတ်ဝတ္ထုများအတွဲ(၁၇)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၄၄၃။ | **စူဠဗောဓိဇာတ်** (လူ့ဘဝ မယားဖြစ်ခဲ့သည့် ရသေ့မကို မိမိရှေ့တွင် အတင်း ဗလက္ကာရပြု၍ မင်းကြီးသိမ်း ပိုက်သော်လည်း စိုးစဉ်းငယ်မျှ ဒေါသအမျက် မထွက်သော မောဓိ ရသေ့အကြောင်း) | ၁ |
| ၄၄၄။ | **ကဏှဒီပါယနဇာတ်** (သားငယ် မြွေကိုက်၍ မြွေဆိပ်မွန်၍ သေအံ့ဆဲဆဲ ဆရာရသေ့ သူကြွယ် အိမ်ရှင်မတို့ အသီး ဖုံးကွယ်လိမ်ညာခြင်းမရှိဘဲ အရှိကို အရှိအတိုင်း သစ္စာဆိုကြသဖြင့် မြွေဆိပ်မှ ကင်းဝေး ရသည့်အကြောင်း) | ၁၁ |
| ၄၄၅။ | **နိဂြောဓဇာတ်** (ကြက်၏ဆူဖြိုးသောအသားကိုစားရလျှင် မင်းဖြစ်၍ ကြုံလှီ သောအသားကိုစားရလျှင် စစ်သူကြီးဖြစ်ကာ အရိုး၌ကပ်သော အသားကို စားရလျှင် ဘဏ္ဍာစိုးဖြစ်ရသည့်အကြောင်း) | ၂၅ |
| ၄၄၆။ | **တက္ကလဇာတ်** (ယုတ်မာကြမ်းတမ်းသော မိခင်ကို ယဉ်ကျေး သိမ်မွေ့အောင် နည်းပရိယာယ်ဖြင့် ဆုံးမသော သားပညာရှိအကြောင်း) | ၃၈ |

http://www.dhammadownload.com

၄၄၇။ **မဟာဓမ္မပါလဇာတ်** ၄၉

(တစ်ရွာလုံး တရားစောင့်သဖြင့် ငယ်ရွယ်သူများ သေရိုးမရှိ။ အသက်ကြီးမှသာ သေကြရသော ဓမ္မပါလ ရွာသူရွာသားများ အကြောင်း)

၄၄၈။ **ကုက္ကုဋဇာတ်** ၅၉

(အခွေခင်ပွန်းဖွဲ့၍ မပေါင်းသင်းထိုက်သောသူတို့၏ လက္ခဏာ အမူအရာကို ပြောဆိုပြီးလျှင် စွန်အားပြေးစေသော ကြက်မင်းအကြောင်း)

၄၄၉။ **မဋ္ဌကုဏ္ဍလီဇာတ်** ၆၃

(သားသေ၍ ပူဆွေးငိုကြွေးနေသော ဖခင်အား သားဖြစ်သူ နတ်သားက နည်းပရိယာယ်ဖြင့် သောကကင်းဝေးစေရန် ဆုံးမပြောဆိုသည့်အကြောင်း)

၄၅၀။ **ဗိလာရ ကောသိယဇာတ်** ၆၉

(ခွေစဉ်မျိုးဆက် ပေးမြဲဖြစ်သော အလှူဝတ်ကို ဖျက်သဖြင့် သိကြားမင်း သတိရစေသော သူဌေးအကြောင်း)

၄၅၁။ **စက္ကဝါကဇာတ်** ၈၂

(အဆင်းလှပသောအကြောင်းနှင့် အဆင်းမလှပသော အကြောင်းကို ကျီးအားပြောဆိုသော စက္ကဝက်ငှက်အကြောင်း)

၄၅၂။ **ဘူရိပညဇာတ်** ၈၇

(ရှေးအထက်တွင် ဖော်ပြခဲ့ပြီးသော မဟာဥမင်္ဂဇာတ်နှင့်တူ၏)

http://www.dhammadownload.com


၄၅၃။ **မဟာမင်္ဂလဇာတ်** ၈၉

(မင်္ဂလာတရား ၈ ပါးကို ဟောကြားသော ဆရာရသေ့ကြီး အကြောင်း)

၄၅၄။ **ဃဋပဏ္ဍိတဇာတ်** ၉၉

(ကံသမင်းမျိုး ဝါသုဒေဝ၊ ဗလဒေဝ မင်းမျိုးတို့ ပျက်စီးရ ခြင်းနှင့် ဃဋပဏ္ဍိတ ပညာရှိအကြောင်း)


## ကောဒသကနိပါတ်


၄၅၅။ **မာတုပေါသကဇာတ်** ၁၁၇

(တောမှောက်လမ်းမှားနေသော မုဆိုးယုတ်ကို ကယ်တင်ပေး ပြီး မျက်မမြင်မိခင် ဆင်အိုမကြီးအား ပြုစုလုပ်ကိုင်ကျွေး မွေးသော ဆင်မင်းအကြောင်း)

၄၅၆။ **ဇုဏှဇာတ်** ၁၂၅

(မင်းကြီးနှင့်ပုဏ္ဏားတို့ငယ်စဉ်က အမှောင် လွှမ်းသောနေရာ၌ တိုက်မိကြရာ ပုဏ္ဏား၏ ထမင်းခွက် ကျကွဲသဖြင့် ပုဏ္ဏားက အလျော်တောင်းရာ မင်းကြီးဖြစ်လာသောအခါ ပုဏ္ဏားတောင်း ဆိုသမျှအားလုံးအား ပေးကမ်း ချီးမြှင့်သည့်အကြောင်း)

၄၅၇။ **ဓမ္မဒေဝပုတ္တဇာတ်** ၁၃၃

(သုစရိုက်တရားများ ပွားများရန် လူအများအား ကောင်းကင် ခရီးဖြင့် ကြွေးကြော်သော ဓမ္မနတ်သားနှင့် အဓမ္မနတ်သားတို့

http://www.dhammadownload.com

ထိပ်တိုက်တွေ့ကြရာ အဓမ္မနတ်သားမှ
လမ်းဖယ်မပေးဘဲ တိုက်ခိုက်ရန် စိန်ခေါ်စဉ်
သည်းခံခြင်းကြောင့် အနိုင်ရသော ဓမ္မနတ်သားအကြောင်း)

၄၅၈။ **ဥဒယဘဒ္ဒဇာတ်** ၁၄၀

(လူ့ဘဝက အတူတကွ နေထိုင်ဖူးသော
ဥဒယဘဒ္ဒါမိဖုရား ကြီးအား နတ်ရွာသို့လား
ရောက်ရန်အတွက် တရားဓမ္မတို့ ဟောကြား
ဆုံးမသော သိကြားမင်းအကြောင်း)

၄၅၉။ **ပါနီယဇာတ်** ၁၅၁

(အရှင်ပစ္စေကဗုဒ္ဓါတို့ ဟောကြားအပ်သော
တရားတို့ကြောင့် သတိသံဝေဂရသဖြင့်
ထီးနန်းကိုစွန့်ကာ တောထွက်သော
ဗာရာဏသီမင်းကြီးအကြောင်း)

၄၆၀။ **ယုဓဉ္စယဇာတ်** ၁၆၁

(ဥယျာဉ်တော်သို့ တောကစားထွက်ခိုက်
နံနက်ခင်းကတွေ့မြင်ခဲ့ ရသော ဆီးနှင်းပေါက်တို့၏
ဖြစ်ခြင်း၊ ပျက်စီးခြင်းကိုမြင်တွေ့ပြီး
သတိသံဝေဂရကာ ထီးနန်းစွန့်
ရဟန်းပြုတောထွက်သော ယုဓဉ္စယမင်းအကြောင်း)

၄၆၁။ **ဒသရထဇာတ်** ၁၆၈

(တောတွင် အတူနေသော ညီနှင့်နှမငယ်အား ဖခင် ဒသရထ
မင်းကြီး နတ်ရွာစံကြောင်း ပြောကြားလိုသဖြင့် ပရိယာယ်
ဆင်ကာ သောကငြိမ်းအေးမှုကို ဆိုဆုံးမသော ရာမမင်းသား
အကြောင်း)

**အတွဲ (၁၇) ပြီး၏**

http://www.dhammadownload.com

# ၄၄၃။ စူဠဗောဓိဇာတ်



http://www.dhammadownload.com

# (၄၄၃)
# စုဋ္ဌမောဓိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဦးထိပ်တင်စရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် အမျက်ထွက်တတ်၏။ အမျက်ထွက်ခြင်းကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းရ၏။ တုန်လှုပ်ချောက်ချားရ၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်လည်း အဆိုပါ အမျက်မာန်စောင်ကြီးမားလှသော ရဟန်းကို ခေါ်တော်မူ၍ မျက်မှောက်တော်ရှေ့ရောက်သည့်အခါ -

"ချစ်သားရဟန်း အမျက်ဒေါသမရှိသော ငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ့်ကြောင့် အမျက်ထွက်ရလေသနည်း၊ အမျက်ဒေါသတို့ကို တားမြစ်အပ်၏၊ အမျက်ဒေါသမည်သည်ကား မျက်မှောက်ပစ္စုပ္ပန်ကာလတွင်လည်းကောင်း နောင်တမလွန်၌သော်လည်းကောင်း အကျိုးမဲ့ခြင်းကိုပြုတတ်၏။ ရှေးပညာရှိတို့သည် သာသနာပကာလ၌ ရသေ့ရဟန်း ပြုကြသော်လည်း အမျက်ဒေါသ မထွက်ကြကုန်"

http://www.dhammadownload.com



ဟူ၍ မိန့်ဆိုကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သာမန်မျှဖြစ်သော နိဂုံးရွာတစ်ရွာ၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သူကြွယ်တစ်ဦးရှိလေ၏။ ထိုသူကြွယ်၌ သားသမီးမရှိပေ။ မယားဖြစ်သူ သူကြွယ်ကတော် ပုဏ္ဏေးမသည်ကား သားရတနာကို တောင့်တလေ၏။ မကြာခင်ကာလမှာပင် ပုဏ္ဏေးမလည်း ကိုယ်ဝန်ရလာပြီး အချိန်အခါသင့်သည်ရှိသော် သားရတနာတစ်ပါးကို ဖွားမြင်လေ၏။ ထိုသတို့သားအား 'ဗောဓိသတို့သား' ဟူ၍ အမည်မှည့်ကြကုန်၏။

သတို့သားလည်း အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွားရောက်ကာ အတတ်ပညာ အလုံးစုံကို သင်ယူတတ်မြောက်ခဲ့ပြီးနောက် ပြန်လာခဲ့လေ၏။ ဤတွင် မိဘတို့သည် လုလင်အလိုမရှိဘဲ မျိုးရိုးတူ သတို့သမီးတစ်ဦးကို ဆောင်နှင်းကာ ထိမ်းမြားလက်ထပ်ပေးလေ၏။

ထိုသတို့သမီးသည်လည်း ဗြဟ္မာ့ပြည်မှ လာသူဖြစ်သဖြင့် အိမ်ထောင်သားမွေးခြင်းအလုပ်ကို စက်ဆုပ်သူဖြစ်၏။ လက်ထပ်ခြင်းကို မလိုမရှိ၊ အဆင်းအားဖြင့် နတ်သမီးတမျှ လှပ၏။ သို့နှင့်ပင် အိမ်ထောင်မှုအပေါ် မနှစ်သက်သော သတို့သားနှင့် သတို့သမီးတို့သည် မိဘတို့ လက်ထပ်ပေးစားခဲ့သည့်အတွက် အကြင်လင်မယားဖြစ်လာကြရ၏။ သို့ပါသော်လည်း ကိလေသာစိတ်ဟူ၍ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်လာခြင်းမရှိ။ ရာဂအစွမ်းဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်က စေ့စေ့မျှ မကြည့်ဖူးကြကုန်။ ယုတ်စွအဆုံး အိပ်မက်ထဲမှာပင် မေထုန်အကျင့်ကို မကျင့်စဖူး။ နှစ်ဦးစလုံး၌ အလွန်

http://www.dhammadownload.com



စင်ကြယ်သော သီလတို့ ရှိကြကုန်၏။ ကာလကြာ၍ သတို့သား၏ မိဘတို့ သေလွန်သည်ရှိသော် မယားကိုခေါ်၍-

"ရှင်မ သင်သည် ကုဋေရှစ်ဆယ်သော ဥစ္စာတို့နှင့် အသက် မွေးမြူရစ်ပါလော့၊ ငါသည် လောကီလူ့ဘောင်ကိုစွန့်ခွာ၍ ရသေ့ ရဟန်း ပြုပါတော့မည်"

ဟူ၍ တိကျပြတ်သားစွာ ဆိုလေ၏။ ထိုအခါ မယားဖြစ်သူ လည်း မေးလေ၏။

"အရှင် ရသေ့ရဟန်းအဖြစ်ကို ယောကျ်ားများသာ ရအပ်ပါ သလော"

"ရှင်မ ရသေ့ရဟန်းအဖြစ်ကို ယောကျ်ားများသာ ရအပ် သည်မဟုတ်၊ ရှင်မတို့ကဲ့သို့ မိန်းမများလည်း ရအပ်သည်သာ ဖြစ် ပါ၏"

"အရှင် သည်သို့ဆိုပါက အရှင် ထွေးပစ်လိုက်သော တံ တွေးပေါက်ကို အကျွန်ုပ် မမျိုလိုပါ။ ဥစ္စာတို့ကို မမက်မော၊ အလိုမရှိ၊ အကျွန်ုပ်လည်း အရှင်ကဲ့သို့ပင် ရသေ့ရဟန်း ပြုပါတော့မည်"

"ကောင်းပေပြီ ရှင်မ"

ဤကဲ့သို့ လင်မယားနှစ်ယောက်တို့သည်လည်း သဘော ထား အလိုဆန္ဒတို့ တူညီမျှတကြလျက် ရှိရှိသမျှသော ပစ္စည်းဥစ္စာ တို့ကို အလှူကြီးပေးပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုကြ၏။ သင့်လျော်သောအရပ်၌ ကျောင်းသခ်မ်းဆောက်လုပ်၍ သီတင်းသုံး ကာ သစ်သီးကြီးငယ်တို့နှင့် မျှတ၍နေကြကုန်၏။ ဟိမဝန္တာတောအုပ် အတွင်းမှာပင် ဆယ်နှစ်တာကာလပတ်လုံး ရသေ့ရဟန်းချမ်းသာဖြင့် နေကြကုန်၏။ သို့ရာတွင် ဈာန်အဘိညာဉ်ကိုကား မရကြကုန်။

တစ်နေ့သ၌ ရသေ့နှင့် ရသေ့မတို့သည် ချဉ်ဆားမှီဝဲရန်အလို့ ငှာ ဟိမဝန္တာမှ ဗာရာဏသီသို့ ဒေသစာရီ ထွက်လာခဲ့ကြလေ၏။

http://www.dhammadownload.com



ဗာရာဏသီပြည်သို့ရောက်သည်ရှိသော် မင်းကြီး၏ဥယျာဉ်တော်၌ နေကြလေ၏။ ထိုအချိန်တွင် မင်းကြီးလည်း အခြံအရံများစွာဖြင့် ဥယျာဉ်ကစား ထွက်လာသည်ရှိသော် တင့်တယ်လှစွာသော ရသေ့မကို မြင်လိုက်ရာ ကိလေသာစိတ်များ နိုးထလာလေ၏။ ထိုသို့သော တပ်စွန်းစိတ်များကို ချိုးနှိမ်မရသည့်အဆုံး ဗောဓိရသေ့ထံ ချဉ်းကပ်ကာ လျှောက်ထားမေးမြန်းလေ၏။

"ရှင်ရသေ့ ဤရသေ့မသည် ရှင်ရသေ့နှင့် မည်ကဲ့သို့တော်စပ်ပါသနည်း"

"အရှင်မင်းကြီး ငါသည် ရသေ့ဖြစ်၏၊ သည့်အတွက် လူမှုကိစ္စနှင့်မရော၊ အမျိုးတော်သည်၊ မတော်သည်ဟု မပြောမဆိုသာ။ စင်စစ် လောကီလူ့ဘောင်၌ ကျင်လည်ခဲ့စဉ်က ငါ၏အလုပ်အကျွေး မယားဖြစ်ခဲ့၏။

ထိုအခါ မင်းကြီးလည်း-

"ဤရသေ့ကား ယခုအခါ ရသေ့မကို ပိုင်ဆိုင်ခြင်းမရှိပြီ၊ ငါသည် မင်းအာဏာဖြင့် သိမ်းယူခဲ့သည်ရှိသော် အဘယ်ကဲ့သို့ တတ်နိုင်ပါအံ့နည်း၊ ဆက်၍ မေးမြန်းစုံစမ်းဦးအံ့"

ဟူ၍ ကြံစည်ကာ ဗောဓိရသေ့အား မေးမြန်းပြန်လေ၏။

"ရှင်ရသေ့ ရှင်ရသေ့ လူဖြစ်စဉ်က မယားဖြစ်ဖူး၍ ယခုအခါ ရသေ့မဖြစ်နေသော ၎င်းအား နိုင်ထက်ကလူ အတင်းယူ၍သွားပါက ရှင်ရသေ့အနေဖြင့် မည်ကဲ့သို့ ပြုလုပ်ပါမည်နည်း"

"အရှင်မင်းကြီး ငါသည် အကယ်၍ အမျက်ဒေါသတို့ ထွက်သည်ဆိုငြားအံ့၊ ကိုယ်အတွင်းမှနေ၍ ပြင်ပသို့မထွက်ရာ။ အသက် ရှည်သမျှ ကာလပတ်လုံး၌လည်း ပြင်ပသို့ ထွက်လိမ့်မည် မဟုတ်၊ ကြီးမားသော မိုးပေါက်တို့အား သွန်ချလေ့ရှိသော မိုးသည်

http://www.dhammadownload.com



မြူမှုန်တို့ ကို တားမြစ်သကဲ့သို့ ထိုအမျက်ဒေါသကိုလည်း လျှင်စွာပင် တား မြစ်ပါလိမ့်မည်''

မင်းကြီးလည်း ရှင်ရသေ့၏ မွန်မြတ်သန့်စင်သည့် တရားတော်ကို ကြားနာရသော်လည်း မိုက်မည်းသောစိတ်၊ ကိလေသာတို့ဖြင့် တပ်စွန်းသောစိတ်ကို မတားမြစ်နိုင်ရလေကား အမတ်တစ်ယောက်ကို ခေါ်၏။ ပြီးလျှင် ရသေ့မအား အတင်းအဓမ္မ နန်းတော်သို့ ယူဆောင်စေ၏။ ရသေ့မလည်း-

''အချင်းတို့ သူယုတ်မာတို့၏အကျင့်ကား လျောက်ပတ်သင့်လျော်ခြင်း မရှိပါတကား''

ဟူ၍ ငိုကြွေးမြည်တမ်းကာ အလိုမတူဘဲ လိုက်ပါရလေ၏။ ဗောဓိရသေ့လည်း ရသေ့မ၏ငိုသံကိုကြားလျှင် တစ်ကြိမ်တည်းသာ လှည့်ကြည့်ပြီး နောက်ထပ် လုံးဝ မကြည့်တော့ပေ။

မင်းကြီးသည် နန်းတော်သို့ရောက်လျှင် ရသေ့မကိုခေါ်စေကာ ကြီးစွာသော မင်းစည်းစိမ်တို့ဖြင့် သွေးဆောင်ဖြားယောင်းလေ၏။ ရသေ့မလည်း မင်းကြီး၏အလိုသို့မလိုက်သဖြင့် မင်းကြီးသည် ရသေ့မအား အခန်းတစ်ခုတွင် ထားလေ၏။ ထို့နောက် မင်းကြီးလည်း-

''ဤရသေ့မကား သီလရှိ၏၊ ဖြူစင်ကောင်းမြတ်သော အကျင့်ရှိ၏၊ ရှင်ရသေ့မှာလည်း မိမိ၏လူ့ဘဝတုန်းဆီက ဇနီးဖြစ်ခဲ့ဖူးသော ရသေ့မအား နိုင့်ထက်ကလူ လုယူပါလျက် အမျက်ဒေါသ မထွက်၊ တစ်ကြိမ်မျှသာ ကြည့်ပြီး နောက်ထပ် မည်သို့မျှမကြည့်၊ စင်စစ် ရသေ့ရဟန်းတို့မည်သည်ကား မာယာများကုန်၏၊ မန္တန်၊ ဆေးဝါးအတတ်ဖြင့် ငါ့အား အကျိုးပျက်ပြားအောင် ပြုရာ၏၊ အကြောင်းစုံ ငါသွား၍ သိအောင်ပြုရမည်''

ဟု ကြံစည်ကာ ဥယျာဉ်တော်သို့ ပြန်လည်ထွက်သွားလေ၏။ ဥယျာဉ်တော်သို့ရောက်သည်ရှိသော် ရှင်ရသေ့ထံ ချဉ်းကပ်ပြန်

http://www.dhammadownload.com



လေ၏။ ရှင်ရသေ့လည်း သက်န်းတို့ကိုချုပ်၍နေလေ၏။ မင်းကြီးကိုမူ ငဲ့၍မျှမကြည့်ပေ။ ထိုအခါ မင်းကြီးလည်း-

"ဤရသေ့ စဉ်းလဲကာ ငါ့အပေါ် အမျက်ဒေါသထွက်နေ၍ စကားမပြော၊ နှုတ်ဆိတ်နေခြင်းဖြစ်မည်"

ဟု ထင်မှတ်သဖြင့် စွပ်စွဲသော စကားတို့ကို ဆိုလေ၏။

"ရှင်ရသေ့ အရှင်သည် စိတ်အတွင်း၌ အကျွန်ုပ်အား ကြုံးဝါးနေသည်မဟုတ်လော၊ အမျက်ဒေါသဖြင့် မည်သည့်စကားမျှ မပြောမဆိုဘဲ ဒုကုဋ်သက်န်းကိုသာ ချုပ်လျက်နေပေ၏။

ထိုစကားကိုကြားလေသော် ရသေ့လည်း "ဤမင်းကား ငါ့ကို အမျက်ဒေါသထွက်နေသဖြင့် စကားမပြောဟူ၍ မှတ်ထင်နေဘိသည်၊ ငါ၏ အမျက်ဒေါသအလိုသို့မလိုက်ခြင်းကို ထင်လင်းစွာ သိစေအံ့"ဟူ၍ ကြံစည်ပြီး-

"အရှင်မင်းကြီး ငါ့မှာ ဖြစ်ကားဖြစ်၏၊ သို့ရာတွင် ကိုယ်သန္တာန်မှ အပ၌မဖြစ်။ အသက်ရှိသော သန္တာန်မှ မထွက်စေ၊ ပမာအားဖြင့် ကြီးစွာသော မိုးပေါက်တို့သည် မြူမှုန့်တို့အား ပြယ်လွင့်ဖယ်ရှားသကဲ့သို့ အမျက်ဒေါသတို့အား လျင်စွာ ပယ်ဖျောက်၏"

ဟူ၍ အမျက်ဒေါသမထွက်ကြောင်းကို ပြောဆိုလေ၏။ ထိုအခါ မင်းကြီးလည်း 'ဤရသေ့ကား အမျက်ဒေါသကို ရည်ရွယ်၍ ပြောလေသလော၊ သို့တည်းမဟုတ် အတတ်ပညာကို ရည်ရွယ်၍ ပြောလေသလော၊ သေချာစွာ မေးရမည်'ဟု ကြံစည်လျက်-

"အရှင်ရသေ့ 'ဖြစ်၏'ဟူသည်မှာ ဘာကိုဖြစ်ပါသနည်း၊ အမျက်ရှိသောသန္တာန်မှ ဘာကိုမထွက်ပါစေသနည်း၊ ကြီးစွာသော မိုးပေါက်တို့သည် မြူမှုန့်တို့အား ပြယ်လွင့်ဖယ်ရှားသကဲ့သို့ဆိုသည်မှာ ဘာကို ပြယ်လွင့်ဖယ်ရှား ပယ်ဖျောက်လေသနည်း"

http://www.dhammadownload.com



ဟူ၍ သံသယရှိသည်တို့အား မေးမြန်းလေ၏။ ထိုအခါ ဗောဓရသေ့လည်း မင်းကြီး နားလည်သဘောပေါက်စေရန် ဟောကြားရလေ၏။

"အရှင်မင်းကြီး၊ ငါ့အား အမျက်ဒေါသတို့ ဖြစ်စေ၏၊ သို့ရာတွင် မေတ္တာဘာဝနာဖြင့် တားမြစ်ပယ်ဖျောက်ထား၏၊

အရှင်မင်းကြီး အမျက်ဒေါသထွက်သည်ရှိသော် အကျိုးစီးပွားကိုမမြင်၊ အမျက်ဒေါသမထွက်သည်ရှိသော် အကျိုးစီးပွားကို ကောင်းစွာမြင်၏၊ သူမိုက်တို့ ကျင်လည်ကျက်စားရာ အာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်၏၊ သို့ပါသော်လည်း ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်ပေ၊

အရှင်မင်းကြီး ဖြစ်ပေါ်လာသော အမျက်ဒေါသဖြင့် ကိုယ်၊ စိတ်ဆင်းရဲခြင်းကို အလိုရှိကုန်သော ရန်သူတို့သည် နှစ်သက်အားရရှိကြကုန်၏၊ သူမိုက်တို့ ကျင်လည်ကျက်စားရာ အာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်စေပသော်ငြား ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်ပေ၊ အရှင်မင်းကြီး အမျက်ဒေါသထွက်သည်ရှိသော် မိမိအစီးအပွားကို အလိုမရှိ သိလည်းမသိ....ကိုယ်သန္တန်မှပြင်ပသို့မထွက်။

အရှင်မင်းကြီး အမျက်ဒေါသ နှိပ်စက်ခြင်း ခံရသူသည် ကုသိုလ်ကို ပယ်စွန့်သူဖြစ်၏၊ ပြန့်ပြောသော မိမိ၏အကျိုးစီးပွားကို ပစ်ပယ်၏၊ ကိလေသာစစ်သည်ရှိသော အားကြီးသူတို့ကို နှိမ်နင်းနိုင်သော အမျက်ဒေါသသည် ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်၊

အရှင်မင်းကြီး မီးပွတ်ခုံအား မီးပွတ်သည်ရှိသော် မီးသည် ဖြစ်လာ၏၊ ထိုမီးသည် ပွတ်ခုံကိုပင် လောင်ကျွမ်း၏၊ ထို့အတူ ပညာမရှိ မိုက်မဲလျက် အကျိုးစီးပွားကို မသိသောသူအား နင်လား၊ ငါလား

http://www.dhammadownload.com



ချုပ်ချယ်သော အမျက်ဒေါသသည် ထွက်လာခဲ့၏၊ ထိုအမျက်ဒေါသသည် ဖြစ်သောသူကိုပင် လောင်ကျွမ်း၏၊

အရှင်မင်းကြီး မြက်ခြောက်၊ သစ်ရွက်ခြောက်တို့ရှိသော အရပ်၌ လောင်သောမီးသည် ပြန့်ပွားသကဲ့သို့ နည်းသောသူအား အမျက်ဒေါသသည် ပြန့်ပွား၏၊ ထိုအမျက်ဒေါသ ပြန့်ပွားသူအား လဆုတ်ပက္ခ၌ဖြစ်သော လမင်းကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ ဆုတ်ယုတ်၏၊

အရှင်မင်းကြီး မီးစာမရှိသောမီးသည် ငြိမ်းရလေသကဲ့သို့ ပညာရှိအား အမျက်ဒေါသသည် ငြိမ်းဘိ၏၊ ထိုအမျက်ဒေါသငြိမ်းသူအား လဆန်းပက္ခ၌ ထွန်းပဖြစ်ပေါ်သောလကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ တိုးပွား၏''

ဟူ၍ မင်းကြီးအား ဒေါသ၏အပြစ်တို့ကို ဥပမာများစွာ သာဓကများစွာဖြင့် ဟောကြားလေ၏။

ထိုအခါ ဗာရာဏသီမင်းကြီးလည်း ဗောဓိရသေ့၏ တရားစကားကို ကြားနာရလျှင် အမတ်တစ်ယောက်ကိုစေလွှတ်ကာ ရသေ့မကို ဆောင်စေခဲ့၏။ ထို့နောက်-

''ရှင်ရသေ့ ရှင်ရသေ့တို့သည် ရသေ့၊ ရဟန်း ချမ်းသာတို့ကို ခံစားလျက် ဤဥယျာဉ်တော်၌သာ နေတော်မူကြပါကုန်၊ အကျွန်ုပ်သည် ရှင်ရသေ့တို့အား တရားနှင့်ညီသော စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ပါအံ့''

ဟု တောင်းပန်လျှောက်ထား ဝန်ချပြီး အကြိမ်ကြိမ် ရှိခိုးကန်တော့လေ၏။ ထိုအခါ ဗောဓိရသေ့နှင့် ရသေ့မတို့လည်း ဥယျာဉ်တော်၌ ချမ်းသာစွာ နေကြကုန်၏။ ရသေ့နှင့် ရသေ့မတို့လည်း အချိန်တန်၍ ဟမဝန္တာသို့ဝင်ခဲ့ကြပြီး ဈာန်သမာပတ်တို့ကိုဖြစ်စေလျက်

http://www.dhammadownload.com



ဗြဟ္မာ့ ဝိဟာရတရားလေးပါးကိုပွားများကာ သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားကြရလေ၏။

မြတ်စွာဘုရားရှင်သည် ဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ အမျက်ဒေါသ ကြီးမားသော ရဟန်းလည်း အနာဂါမ်သို့ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုစဉ်အခါက ရသေ့မသည် ယခုအခါ ရာဟုလာမယ်တော်၊ ဗာရာဏသီမင်းသည် အာနန္ဒာဖြစ်လာပြီး ဇောမိရသေ့သည်ကား ငါ ဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၄၄။ ကဏှဒီပါယနဇာတ်



http://www.dhammadownload.com

# (၄၄၄)
# ကဏှဒီပါယနဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ ခညောင်းပူဇော်ရာ ဖြစ်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးနေတော်မူစဉ်အခါက ရဟန်းတစ်ပါးသည် သာသနာတော်၌ ငြီးငွေ့နေလေ၏။ ထိုအကြောင်းကိုသိတော်မူလေသော် ရဟန်းတို့အား အဆိုပါရဟန်းအား ရှေ့တော်မှောက်သို့ ခေါ်စေ၏။ ရောက်လေသော် ဘုရားရှင်က-

“ချစ်သား ရဟန်း၊ ငါ ဘုရားရှင်၏မျက်မှောက်တော်၊ ပရိသတ်လေးပါးအလယ်၌ သာသနာတော်အား ငြီးငွေ့ပျင်းရိသော အဖြစ်ကို အဘယ့်ကြောင့် ထင်ရှားစွာ ပြုရလေသနည်း။ အဘယ့်ကြောင့် အရှက်၊ အကြောက်တရားတို့ကို မစောင့်ရှောက်ရလေသနည်း။ ရှေးပညာရှိတို့သည် သာသနာပရသေ့ရဟန်းပင် ဖြစ်သော်လည်း ငါးဆယ်ငါးနှစ်တာကာလပတ်လုံး ငြီးငွေ့သည့် အဖြစ်ကို ထင်ရှားစွာ မပြုကြကုန်။ ဟိရိဩတ္တပ္ပမည်သော အရှက်အကြောက်တရားတို့ကို စောင့်ရှောက်ကြကုန်၏”

http://www.dhammadownload.com



ဟု မိန့်ဆိုကာ အောက်ပါအတိတ်ဇာတ်တော်ကို ဆောင်တော်မူလေသတည်း။

ရှေး... လွန်လေပြီးသောကာလ။

ဝံသတိုင်း ကောသမ္ဗီပြည်ဝယ် ကောသမ္ဗကမင်း မင်းပြုစဉ်က ဖြစ်၏။ ထိုအချိန်တွင် နိဂုံးရွာတစ်ရွာ၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော အဆွေခင်ပွန်း ပုဏ္ဏားနှစ်ဦး ရှိကြ၏။ အမည်အားဖြင့် ဒီပါယနနှင့် မဏ္ဍဗျတို့ ဖြစ်ကြ၏။

တစ်နေ့သ၌ ထိုအဆွေခင်ပွန်း ပုဏ္ဏားနှစ်ဦးသည် ကာမဂုဏ်တို့၏အပြစ်ကိုမြင်၍ စည်းစိမ်ဥစ္စာအလုံးစုံတို့ကို လှူဒါန်းစွန့်ကြဲပြီး လျှင် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ဝင်လေ၏။ အနှစ်ငါးဆယ် ကာလပတ်လုံး သစ်သီးကြီးငယ်တို့ဖြင့် မျှတလျက် နေကြကုန်၏။ ဈာန်အဘိညာဉ်ကို ဖြစ်စေခြင်းကိုမူ မတတ်နိုင်ကြကုန်။

အနှစ်ငါးဆယ် လွန်လေသောအခါ တစ်နေ့တွင် အဆိုပါ ရသေ့နှစ်ပါးတို့သည် ချဉ်ဆားမှီဝဲရန်အလို့ငှာ ကောသလတိုင်းသို့ ထွက်ခွာလာကြလေ၏။ ကောသလတိုင်း၊ နိဂုံးရွာတစ်ရွာ၌ လူဖြစ်စဉ်က ဒီပါယနရသေ့၏ အဆွေခင်ပွန်းဖြစ်ဖူးသော မဏ္ဍဗျသူကြွယ်ထံသို့ ရောက်ကြကုန်၏။ ထိုအခါ မဏ္ဍဗျသူကြွယ်လည်း ကျောင်းသင်္ခမ်း ဆောက်လုပ်ကာ ရသေ့နှစ်ပါးအား ရှိသေစွာ ဆွမ်းလုပ်ကျွေးလေ၏။

ရသေ့နှစ်ပါးလည်း မဏ္ဍဗျသူကြွယ် ဆောက်လုပ်သော ကျောင်းသင်္ခမ်း၌ သုံးနှစ်မျှ သီတင်းသုံး နေထိုင်ပြီးသည်ရှိသော် သူကြွယ်ကိုပန်ကြား၍ ဒေသစာရီ ကြွလာခဲ့ကြလေ၏။ ဗာရာဏသီပြည်သို့ရောက်လေသော် အဓိမုတ္တကအမည် သုသာန်၌ သီတင်းသုံး ကြလေ၏။ ကာလအနည်းငယ်ကြာသော် ဒီပါယနရသေ့သည် မဏ္ဍဗျ သူကြွယ်ထံ ပြန်လည်ကြွမြန်းခဲ့ပြီး မဏ္ဍဗျရသေ့မှာမူ အဓိမုတ္တက သုသာန်တွင်ပင် နေရစ်ခဲ့လေ၏။

http://www.dhammadownload.com



တစ်နေ့သ၌ သူခိုးတို့သည် မြို့တွင်းသို့ဝင်ကာ ဥစ္စာတို့ကို ခိုးယူကြလေ၏။ ဥစ္စာရှင်တို့သိရှိလေသော် သူခိုးတို့ထံ အတင်းလိုက်ကြလေရာ သူခိုးတို့လည်း အဓိမုတ္တက သုသာန်တွင်းသို့ဝင် ရောက်၍ ရသေ့၏ကျောင်းသင်္ခမ်း၌ ဥစ္စာတို့ကိုပစ်ချကာ ကိုယ်လွတ်ရုန်း ထွက်ပြေးကြလေ၏။ နောက်မှ ထက်ကြပ်မကွာ လိုက်လာသော ဥစ္စာရှင်တို့သည် သုသာန်တွင်းသို့ ဝင်ရောက်ကြလေရာ ကျောင်း သင်္ခမ်း၌ ၄င်းတို့၏ ဥစ္စာပစ္စည်းများကို တွေ့ရှိကြလေ၏။ ဤတွင် စူးစမ်း ဆင်ခြင်မှုမပြုဘဲ မဏ္ဍဗျရသေ့အား အထင်မှတ်မှားလျက်-

"ဟယ် ရသေ့ယုတ်၊ သင်ကား ညအခါ ဥစ္စာပစ္စည်းတို့ကို ခိုးယူ၍ နေ့အခါ၌လည်း ရသေ့ယောင်ဆောင်နေဘိ၏"

ဟူ၍ ဆဲရေးကြကုန်၏။ ရိုက်ပုတ်ကြကုန်၏၊ ဖမ်းဆီး၍ မင်းကြီးထံမှောက်သို့ ပို့ဆောင်ကြကုန်၏။ မင်းကြီးလည်း စူးစမ်းဆင်ခြင်မှုမပြုဘဲ တံကျင်လျှို၍သတ်စေရန် အမိန့်ပေးလေ၏။ မင်းချင်းတို့လည်း မဏ္ဍဗျရသေ့အား သုသာန်သို့ ပြန်လည်ဆောင်ကြဉ်း၍ ရှားနှစ်ဖြင့် တံကျင်လျှိုလေ၏။ သို့ရာတွင် ရှားနှစ်သည် မဏ္ဍဗျရသေ့၏ ကိုယ်တွင်း သို့ ဝင်ခြင်းမရှိပေ။ ထိုအခါ တမာသားဖြင့် ထပ်မံ၍ တံကျင် လျှိုကြပြန်လေ၏။ ထိုအခါတွင်လည်း ကိုယ်တွင်းသို့ဝင်ခြင်း မရှိပြန်ပေ။ ဤတွင် သံတံဖြင့် တံကျင်လျှိုကြပြန်ကုန်၏။ ဤတွင်လည်း ကိုယ်တွင်းသို့ မဝင်ပြန်။

ထိုအခါ မဏ္ဍဗျရသေ့သည် ဇာတိဿရဉာဏ်ဖြင့် ဆင်ခြင် ကြည့်လေ၏။ ထိုအခါတွင် ရှေးဘဝ၌ လက်သမားဖြစ်ခဲ့၍ ဖခင် သစ်ခွေးရာအရပ်၌ ယင်ယယ်တစ်ကောင်ကိုဖမ်းဆီးပြီး ပင်လယ် ကသစ်မြစ်ဖြင့် ထိုးခဲ့ဖူးသော မကောင်းမှုကံ အကျိုးပေးချိန်ရောက်လာ ပြီဟူ၍ မြင်မက်လေ၏။ ထို့နောက်-

http://www.dhammadownload.com



"အမောင်တို့ ငါ့ကို တံကျင်လျှိုမည်ဆိုပါက ပင်လယ်ကသစ်သားဖြင့်ပင် တံကျင်လျှိုကြကုန်လော့"

ဟူ၍ ပြောဆိုလေ၏။ မင်းချင်းတို့လည်း မဏ္ဍဗျရသေ့ ပြောသည့်အတိုင်း ပင်လယ်ကသစ်သားတံကျင်ဖြင့် လျှို၍ အစောင့်အရှောက်ထားပြီးလျှင် ပြန်ကြကုန်၏။ အစောင့်အရှောက်တို့လည်း ရသေ့ထံ လာရောက်ကြည့်ရှုကြသူတို့အား အကဲခတ်နေလေ၏။ ဤတွင် ဒီပါယနရသေ့သည် မဏ္ဍဗျရသေ့အား ဖူးမြင်ရန်သွားရာ တံကျင်အလျှိုခံထားရသည်ကို တွေ့မြင်လေရာ အကျိုးအကြောင်း မေးမြန်းလေ၏။

"အရှင် အရှင့်၌ အပြစ်တစ်စုံတစ်ရာ ရှိပါသလော"

"မရှိပါ"

"ထိုသို့ဖြစ်ပါက ဖမ်းဆီးသူ၊ တံကျင်လျှိုသူ၊ မင်းကြီးစသူတို့အပေါ်၌ စိတ်နှင့်ပြစ်မှားမိသလော၊ အမျက်ထွက်လေလော"

"အရှင် အကျွန်ုပ်သည် အကျွန်ုပ်အား ဖမ်းဆီးသောသူတို့ကိုလည်းကောင်း၊ တံကျင်လျှိုကြသူတို့ကိုလည်းကောင်း၊ မင်းကြီးကိုလည်းကောင်း မပြစ်မှားပါ၊ အမျက်ဒေါသလည်း မထွက်ပါ"

ထိုအခါ ဒီပါယနရသေ့သည်-

"အရှင် အရှင်ကဲ့သို့သော သီလရှိသူတို့၏အရိပ်ကို မှီခို၍နေရခြင်းကား ချမ်းသာခြင်းဖြစ်ရပေ၏"

ဟု ပြောဆိုလျက် လျှိုထားသော တံကျင်တိုင်ကို မှီ၍နေလေ၏။ ထိုအခါ မဏ္ဍဗျရသေ့၏ခန္ဓာကိုယ်မှ သွေးစက်သွေးပေါက်တို့သည် ဒီပါယနရသေ့၏ ကိုယ်ခန္ဓာပေါ်သို့ကျလေ၏။ သွေးစက်သွေးပေါက်တို့ ခြောက်သွေ့လေသော် ဒီပါယနရသေ့တစ် ကိုယ်လုံးမည်းနက်သော အကွက်တို့ဖြစ်လာကြကုန်၏။ ထိုအခါမှစ၍ ဒီပါယနရသေ့အား 'ကဏှဒီပါယနရသေ့'ဟု အမည်တွင်လေ၏။

http://www.dhammadownload.com



မိုးသောက်ကာလ ရောက်သည်ရှိသောအခါ အစောင့်အရှောက်တို့သည် တံကျင်လျှိုရာသို့ ရောက်လာကြပြီး ရသေ့အချင်းချင်း ပြောဆိုသော စကားတို့ကို မှတ်သားကြလေ၏။ ပြီးလျှင် မင်းကြီးထံ သွားရောက်လျှောက်ထားကြလေ၏။ မင်းကြီးလည်း-

"ငါသည် မစူးစမ်း မဆင်ခြင်ဘဲ ပြုမိလေပြီတကား"

ဟူ၍ တွေးတောမိကာ ရသေ့တို့ထံ သွားလေ၏။ ရောက်လျှင် ကဏှဒီပါယနရသေ့အား-

"ရှင်ရသေ့ အဘယ့်ကြောင့် တံကျင်တိုင်ကို မှီ၍နေရသနည်း"

ဟု မေးလေ၏။

"အရှင်မင်းကြီး ငါသည် မဏ္ဍဗျရသေ့အား စောင့်၍နေခြင်းဖြစ်ပါ၏။

'အို... ရသေ့ အရှင်သည် တံကျင်အလျှိုခံထားရသော ရသေ့၌ အပြစ်ရှိသည် မရှိသည်ကို သိပါသလော"

"အရှင်မင်းကြီး သေချာစွာ လေ့လာစုံစမ်းပြီးပါ၏၊ ဤတွင် မဏ္ဍဗျရသေ့၌ အပြစ်မရှိကြောင်း သိပါ၏"

ထိုသို့ ပြောဆိုပြီး၍ မင်းတို့မည်သည် မေးမြန်းစုံစမ်းခြင်းမပြုဘဲ၊ ဆင်ခြင်တွေးတောခြင်းမရှိဘဲ မပြုအပ် ကြောင်းကို မိန့်တော်မူ၍ မင်းကျင့်တရားဆယ်ပါးဖြင့် ဆုံးမလေ၏။ ထိုအခါ မင်းကြီးသည် မဏ္ဍဗျရသေ့၌ အပြစ်မရှိကြောင်းကို သိလာ လေရကား တံကျင်ကို နုတ်စေကုန်၏။ ထိုအခါတွင် တံကျင်ကို မနုတ်နိုင်ကြကုန်၊ ထိုအခါမှ မဏ္ဍဗျရသေ့လည်း-

"အရှင်မင်းကြီး ငါ့အဖို့ တံကျင်လျှိုခံရသည်မှာ မကောင်းမှုကံကြောင့် ခံရခြင်းဖြစ်၏။ ငါသည် ရှေးဘဝ၌ လက်သမားဖြစ်စဉ် ယင်ယယ်တစ်ကောင်ကို သေးငယ်သော ကသစ်မြစ်ဖြင့် တံကျင်

http://www.dhammadownload.com



လျှိုခဲ့ဖူး၏။ ထိုကသစ်မြစ်သည် ယင်ငယ်၏ကိုယ်တွင်း၌သာတည်၏။ သို့သော်လည်း ကသစ်မြစ်ကြောင့် အသက်သေဆုံးခြင်း မသေခဲ့၊ အသက်အတိုင်းနေ၍သာ သေရ၏၊ သို့ဖြစ်၍ ငါ့ကို အသက်ရှည်စေလိုစဉ် တံကျင်ကို မနှုတ်ပါနှင့်၊ အရေနှင့်ညီမျှအောင်သာ ဖြတ်ပေးပါလော့''

ဟု ပြောဆိုလေ၏။ မင်းချင်းတို့လည်း ရသေ့ပြောသည့်အတိုင်း ပြုကြကုန်၏။ ထိုအခါမှစ၍ မဏ္ဍဗျရသေ့အား 'အာဏိမဏ္ဍဗျ' ရသေ့ဟူ၍ တွင်လေ၏။ မင်းကြီးလည်း ရသေ့နှစ်ပါးအားရိုသေစွာရှိခိုးပြီး ဥယျာဉ်တော်၌နေစေကာ အလုပ်အကျွေးပြုလေ၏။ အာဏိမဏ္ဍဗျရသေ့သည် မင်းကြီးကိုအမှီပြု၍ ဥယျာဉ်တော်၌သာနေလေ၏။ ကဏှဒီပါယနရသေ့ကား မိမိနေရာသို့ပြန်သွား၍ သူကြွယ်ကျောင်း၌သာ နေလေ၏။ မဏ္ဍဗျသူကြွယ်လည်း ဆရာအရှင် ကဏှဒီပါယနရသေ့ ကြွလာသည်ရှိသော် ဆွမ်းအဖျော်တို့ကို စီမံလျက် သားမယားနှင့်တကွ အာဏိမဏ္ဍဗျရသေ့၏အကြောင်းကို မေးမြန်းရန် ကျောင်းသခ်မ်းသို့သွားရောက်လျက် ဆရာရသေ့အား အကျိုးအကြောင်းမေးမြန်းလေ၏။

ထိုအခိုက် မဏ္ဍဗျသူကြွယ်၏သားဖြစ်သော 'ယညဒတ်' အမည်ရှိ သူငယ်သည် စင်္ကြံဦး၌ ဂျင်ပေါက်၍ကစားနေရာ ဂျင်သည်လိမ့် သွားပြီး အနီးရှိ မြွေဟောက်တွင်းထဲသို့ ဝင်သွားလေ၏။ ထိုအခါ ဂျင်သည် မြွေဟောက်၏ဦးခေါင်းကို ထိလေ၏။ သူငယ်လည်း တွင်းထဲ၌ မြွေဟောက်ရှိနေမှန်း မသိလေရာကား တွင်းထဲသို့ လက်ကိုထည့်ကာ ဂျင်ကိုနှိုက်ယူလေ၏။ ဤတွင် အဆိပ်ထန်သောမြွေသည် သူငယ်၏လက်ကို ခဲလေရာ သူငယ်လည်း အဆိပ်ဖြင့်မိန်းမောလျက် ထိုနေရာ၌ပင် လဲကျသွားလေ၏။

http://www.dhammadownload.com



သူငယ်၏ မိဘတို့လည်း သူငယ် လဲကျသွားသည်ကိုမြင်ရသည်ရှိသော် မြွေကိုက်ခံမှန်းသိကာ သူငယ်အားပွေ့ယူလျက် ဆရာရသေ့၏ခြေရင်းသို့ သယ်ဆောင်ကာ အသာအယာ ထားလေ၏။ ထို့နောက် သူကြွယ်လည်း ဆရာရသေ့အား-

"အရှင်ရသေ့ ရသေ့ရဟန်းတို့မည်သည် တစ်စုံတစ်ရာ မန္တန်ဆေးဝါးတို့ကို နားလည်တတ်ကျွမ်းကြပါ၏၊ သို့ဖြစ်၍ တပည့်တော်တို့၏ ရင်သွေးငယ် အသက်ရှင်ရလေအောင် ပြုစုကုသပေးတော်မူပါလော့"

ဟူ၍ တောင်းပန်လျှောက်ထားလေ၏။ ထိုအခါ ကဏှဒီပါယနရသေ့လည်း ပကတိ အမှန်အတိုင်းပင် ပြန်လည်ပြောဆိုလေ၏။

"ဒါယကာသူကြွယ် အချို့သော ရသေ့ရဟန်းတို့သည် မန္တာန်ဆေးဝါးတို့ကို နားလည်တတ်ကျွမ်းကြပါလိမ့်မည်၊ ငါကား မည်သည့်မန္တာန်၊ မည်သည့်ဆေးဝါးကိုမျှ နားမလည်ပါ"

"အရှင်ရသေ့ သို့ဆိုပါက သစ္စာ၏တန်ခိုးဖြင့် တပည့်တော်၏ရင်သွေးငယ်အား ကုသပေးနိုင်ပါလိမ့်မည်၊ သို့ဖြစ်၍ သားငယ်အပေါ်တွင် မေတ္တာထားကာ သစ္စာပြုတော်မူပါလော့"

ထိုအခါ ကဏှဒီပါယနရသေ့လည်း မတတ်သာတော့ဘဲ မြွေဆိပ်ဖြင့် လဲကျနေသော သူငယ်၏ဦးခေါင်းပေါ်သို့ လက်ကိုတင်လိုက်ပြီး-

"ဒါယကာတို့ ငါသည် ရသေ့ရဟန်းဘဝကို ခံယူခဲ့ပြီးသည့်နောက် ခုနစ်ရက်သာလျှင် ကြည်ညိုသောစိတ်ဖြင့် ကောင်းမှုကိုပြု၍ မြတ်သောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ထိုခုနစ်ရက်မှလွဲ၍ နောက်ပိုင်းအနှစ်ငါးဆယ်လုံးလုံးတိုင်အောင် ကာလတစ်လျှောက် စိတ်ဆန္ဒမပါဘဲ ကျင့်ခဲ့ပါ၏၊ ဤသို့ မှန်သောစကားကို ဆိုရသည့်အတွက် သူငယ်

http://www.dhammadownload.com



သည် ချမ်းသာခြင်းကို ဖြစ်ပါစေ၊ အသက်ရှည်ပါစေ၊ မြွေဆိပ်တို့ ပျောက်ကင်းပါစေသတည်း"

ဟူ၍ သစ္စာပြုလေ၏။ ထိုသို့ သစ္စာပြုသောခဏ၌ သစ္စာ၏ တန်ခိုးအာနိသင်ကြောင့် သူငယ်လည်း ရင်မှသည် အထက်ပိုင်းရှိ မြွေဆိပ်တို့ လျှောကျ၍ မြေသို့ဝင်လေ၏။ သူငယ်သည် မျက်လုံးကို ဖွင့်၍ အမိအဘတို့ကိုကြည့်ရှုကာ 'အို... မိခင်နှင့် ဖခင်'ဟု ခေါ် ဆိုမြည်တမ်းရင်း အဆိပ်တို့ရှိနေသေးသည့်အတွက် ပြန်လည်၍ မှိန်း သွားပြန်လေ၏။ ထိုအခါ ဆရာရသေ့လည်း-

"ဒါယကာ ငါ၏အစွမ်းကိုပြသည့်အနေနှင့် သစ္စာဆိုခဲ့ပြီး ပေပြီ၊ ယခုတစ်ဖန် သင်၏အစွမ်းကို ပြသည့်အနေနှင့် သစ္စာကို ဆိုပေဦးလော့"

ဟူ၍ ပြောဆိုတိုက်တွန်းလေ၏။ ထိုအခါ ဖခင်သူကြွယ် လည်း-

"အရှင်တို့ အကျွန်ုပ်သည် အလှူကို မည်သည့်အခါမျှ မနှစ်သက်၊ အလှူခံတို့၊ ခရီးသွားဧည့်သည်တို့ အိမ်သို့ရောက်လာပါ လျှင်လည်း မနှစ်သက်၊ အကျွန်ုပ်၏ အလှူဒါနအပေါ် မနှစ်သက်မှု၊ အလှူခံမှုတို့အပေါ်၊ ခရီးသွား ဧည့်သည်တို့အပေါ် မနှစ်သက်သည့် အဖြစ်ကို အကြားအမြင်များသော ရဟန်း ပုဏ္ဏားတို့ မသိကြကုန်၊ အကျွန်ုပ်သည် စိတ်ထဲ၌ အလိုမရှိပါပဲနှင့် လှူဒါန်းခြင်း ဖြစ်ပါ၏။

ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်၏ သားသူငယ်သည် ချမ်းသာခြင်းကို ဖြစ်ပါစေ၊ အသက်ရှည်ပါစေ၊ မြွေဆိပ်တို့ ပျောက်ကင်းပါစေသတည်း"

ဟူ၍ သစ္စာပြုလေ၏။ ထိုအခါ သူငယ်၏ကိုယ်အတွင်းမှ အဆိပ်တို့သည် ရင်ပိုင်းမှခါးသို့တိုင်အောင် လျှောကျကာ မြေသို့ဝင် လေ၏။ သူငယ်လည်း လဲလျောင်းနေရာမှ ထိုင်နိုင်သည့် အဖြစ်သို့

http://www.dhammadownload.com



ရောက်၏။ သို့ရာတွင် ရပ်ခြင်းကိုကား မပြုနိုင်သေးပေ။ ထိုအခါ သူကြွယ်လည်း သူကြွယ်မအား တိုက်တွန်းပြောဆိုလေ၏။

"ရှင်မ… ငါသည်ငါ၏အစွမ်းကို ပြသည့်အနေဖြင့် သစ္စာဆိုခဲ့ပြီးပေပြီ။ ရှင်မသည်လည်း ရှင်မ၏အစွမ်းကို ပြသည့်အနေဖြင့် သစ္စာဆိုဦးလော့…"

"အရှင်… အကျွန်ုပ်၌ သစ္စာပြုရန် တစ်ခုသာရှိပါ၏။ သို့ပါသော်လည်း ထိုတစ်ခုကို အရှင်၏ မျက်မှောက်၌ ပြုခြင်းငှာ မတတ်ကောင်းပါ"

"ရှင်မ… ယခုအချိန်တွင် ငါတို့၏ သားသူငယ် အသက်ချမ်းသာရာရဖို့သာလျှင် အရေးအကြီးဆုံးဖြစ်ပါ၏။ အခြားဘာမျှ ကိစ္စမရှိ၊ ရဲဝံ့မှန်ကန်စွာသာ သစ္စာပြုပါလော့"

ထိုသို့ သူကြွယ်မှ တိုက်တွန်းပြောဆိုလေသော် သူကြွယ်မလည်း 'ကောင်းပေပြီ'ဟု ဝန်ခံလျက် သားသူငယ်အား လက်နှင့်ထိကိုင်လျက်-

"ချစ်သား… ပြင်းထန်လှစွာသော အဆိပ်ရှိသည့် မြွေဟောက်သည် တွင်းထဲမှနေ၍ ချစ်သားအားကိုက်ခဲဘိ၏၊ ယခုအခါ ထိုကိုက်သော မြွေဟောက်ကိုလည်းကောင်း ချစ်သား၏ ဖခင်ကိုလည်းကောင်း ငါသည်လုံးဝချစ်ခင်စိတ် မရှိပါ။

ဤမှန်သော သစ္စာစကားကြောင့် ချစ်သားသည် အသက်ချမ်းသာရာရပါစေ၊ အသက်ရှည်ပါစေ၊ မြွေဆိပ်များအားလုံး လျှောကျပါစေသား"

ဟူ၍ သစ္စာပြုလေ၏ ထိုအခါ အလုံးစုံသော မြွေဆိပ်တို့ လျှောကျ၍ မြေသို့ဝင်လေ၏။ သားငယ်လည်း အနာရောဂါတို့ကင်းရှင်းသွားလေသည့်အတွက် ထိုင်ရာမှထကာ ခုန်ပေါက်ကစားလေ၏။

http://www.dhammadownload.com



ထိုအခါ မဏ္ဍဗျသူကြွယ်လည်း ကဏှဒီပါယနရသေ့အား လျှောက်ထားမေးမြန်းလိုသဖြင့် -

"အရှင်ရသေ့...ရှင်ရသေ့မှတစ်ပါး ရသေ့ရဟန်းပြုကြကုန်သော...မင်းအစရှိသောသူတို့သည် ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်ကြကုန်၏။ ကိလေသာငြိမ်းရန် ဒွါရသုံးပါးကို ဆုံးမလျက် မြတ်သောအကျင့်ကို ကျင့်ကြကုန်၏။ အရှင်ရသေ့ကား အဘယ်ကြောင့် ရသေ့ရဟန်းအဖြစ်၌ ငြီးငွေ့ရပါသနည်း။ အလိုမရှိဘဲလျက် မြတ်သောအကျင့်ကို ကျင့်ရပါသနည်း"

ဟူ၍ ရသေ့၏အလိုကို မေးမြန်းလေ၏။

"အို...ဒါယကာ၊ ငါသည်...ကံကံ၏ကျိုးကို ယုံကြည်လျက် ရသေ့ရဟန်းပြုပြီးလျှင် တဖန်လူ့ဘောင်သို့ ပြန်လိုစိတ် ဝင်ခဲ့၏၊ ငါသည်ကား ဆွံ့အနေသူနှင့်မခြားလေတကား၊ အသိညဏ်နံ့နဲ့သော ကလေးသူငယ်နှင့်မခြား လျှပ်ပေါ်လော်လည်လေစွ တကား။

ဤကဲ့သို့ ကဲ့ရဲ့ခြင်းကို စက်ဆုပ်သည်ဖြစ်၍ ငါသည် အလိုမရှိဘဲလျက် မြတ်သောအကျင့်ကို ကျင့်ပါ၏၊ ထိုရသေ့ရဟန်းအဖြစ်ကို ပညာရှိတို့သည် ချီးမွမ်းအပ်၏၊ ပညာရှိတို့နေရာ အရပ်လည်း ဟုတ်၏၊ ဤအကြောင်းဖြင့် ငါသည် ကောင်းမှုကို ပြုခြင်းဖြစ်ပါသည်။

အို...သူကြွယ်၊ သင်သည် ရဟန်းပုဏ္ဏား ခရီးသွားဧည့်တို့ကို ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏၊ ဆွမ်းကိုလှူဒါန်း၏၊ သင်၏ အိမ်ဂေဟာသည်ကား ရေတွင်းရေကန်သဖွယ်ဖြစ်၏။ ထမင်းအဖျော်လှူဖွယ်ဝတ္ထု အစုစုတို့နှင့်လည်း ပြည့်စုံ၏၊ သို့ဖြစ်ပါလျက် အလှူဝတ္ထုနှင့် အလှူခံတို့အား မည်သို့သော ကဲ့ရဲ့ဖွယ်ကို စက်ဆုတ်ခြင်းဖြစ်၍ အလိုမရှိဘဲ ပေးလှူနေရသနည်း"

ထိုသို့ မေးသည်ရှိသော် မဏ္ဍဗျသူကြွယ်လည်း မိဘဘိုးဘွားစဉ်ဆက်ဖြစ်သော ကောင်းမှုပြုကြသည့်အဖြစ်ကို ပြောလို၍-

http://www.dhammadownload.com



"အရှင်ရသေ့ အကျွန်ုပ်၏ အဘ၊ အဘိုးတို့သည် ကံကံ၏ အကျိုးကို ယုံကြည်ကြကုန်၏၊ အလှူရှင်များလည်း ဖြစ်ကြကုန်၏။ အလှူခံတို့၏အလိုကိုလည်း သိကြကုန်၊ ထို ခုနစ်ဆက်မှလာသော ကျင့်ဝတ်သို့ အစဉ်လိုက်သော အကျွန်ုပ်သည် အမျိုးစဉ်ဆက်၌ အယုတ်ဆုံး၊ အဖျင်းဆုံး မဖြစ်ပါစေလင့်၊ ဤသို့ အယုတ်ဆုံး၊ အဖျင်းဆုံးဟူသည့် ကဲ့ရဲ့ခြင်းကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ အလိုမရှိဘဲ အလှူကို လှူဒါန်း၏"

ဟူ၍ မိမိ၏အလိုကို လျှောက်ထားလေ၏။ ထို့နောက် မဏ္ဍဗျ သူကြွယ်သည် မိမိအပေါ် မယားဖြစ်သူမှ ချစ်ခင်ခြင်းမရှိ သည့်အဖြစ်ကို သိလိုသဖြင့်-

"ရှင်မ သင်သည် ငါ့အပေါ် ချစ်ခင်ခြင်းမရှိပါဘဲနှင့် အဘယ့် ကြောင့် ပေါင်းဖော်၍နေနိုင်သနည်း"

ဟု မေးလေ၏။ ထိုအခါ သူကြွယ်မလည်း-

"အရှင် အကျွန်ုပ်တို့အမျိုး၌ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် တိုင်အောင် မိမိ ယောကျ်ားကိုစွန့်၍ အခြားသော ယောကျ်ားကိုယူသည့် မိန်းမတို့ မရှိစဖူး။

ထိုဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် မပျက်ခဲ့သော အမျိုးဂုဏ်ဖြစ်သော အကျင့်ကို အစဉ်လိုက်လို၍ အကျွန်ုပ်သည် အရှင့်အား မချစ်ပါဘဲနှင့် အရှင်၏ခြေရင်း၌ လုပ်ကျွေးနေခြင်းဖြစ်ပါ၏"

ဟူ၍ အဖြစ်မှန်ကို ဖြေကြားလေ၏။

ဤသို့လျှင် ရသေ့ သူကြွယ်နှင့် သူကြွယ်မတို့သည် မိမိတို့ အလိုကို ပြောဆိုကုန်၏၊ သူကြွယ်မလည်း-

"ငါကား လင်ယောကျ်ား၏ရှေ့၌ မပြောသင့်သောစကားကို ပြောမိပေပြီ။ သည့်အတွက် လင်ယောကျ်ားသည် ငါ့အား စက်ဆုပ်ရွံ

http://www.dhammadownload.com



ရှာပေရော့မည်၊ သို့ဖြစ်၍ ဆရာရသေ့ရှေ့မှောက်ပင် တောင်းပန် ကန်တော့မည်''

ဟု ကြံစည်လျက် ခင်ပွန်းသည် သူကြွယ်အား-

''အရှင် အကျွန်ုပ်သည် သားအသက်ရှင်ရေးအတွက် မပြော သင့်သော စကားကို ပြောဆိုမိခဲ့၏။ သည့်အတွက် အကျွန်ုပ်အား သည်းခံခွင့်လွှတ်ပါလော့၊ ဤသို့ပြောဆိုရာ၌ သားအပေါ် ချစ်ခြင်းမှ တစ်ပါး မည်သည့်အကြောင်း တစ်စုံတစ်ရာမျှ မရှိပါ''

ဟူ၍ ပြောဆိုတောင်းပန် ကန်တော့လေ၏၊ ထိုအခါ သူကြွယ်လည်း-

''ရှင်မ သင့်အပေါ် ငါ သည်းခံခွင့်လွှတ်ပါ၏၊ ဤနေ့မှစ၍ ကြမ်းတမ်းသောစိတ်ကို မဖြစ်ပါစေနှင့်''

ဟူ၍ ပြောဆိုဆုံးမလေ၏။ ထိုအခါ ကဏှဒီပါယနရသေ့ လည်း-

''ဒါယကာ သင်သည် ကံကံ၏အကျိုးကိုယုံကြည်၍ အလှူ ကို လှူဒါန်းပါလော့''

ဟူ၍ ဆုံးမလေ၏။ ဤတွင် မဏ္ဍဗျသူကြွယ်က-

''အရှင်ရသေ့ အရှင်သည်လည်း ရသေ့ရဟန်းအဖြစ်၌ ပျော် မွေ့စွာ မြတ်သောအကျင့်ကို ကျင့်ပါလော့''

ဟူ၍ သတိပေးလေ၏။ ထိုနေ့မှစ၍ မယားလည်း လင်သူ ကြွယ်အပေါ်၌ ချစ်ခင်စိတ်ဝင်လေ၏။ သူကြွယ်သည်လည်း ကံကံ၏ အကျိုးကိုယုံကြည်၍ အလှူကို လှူဒါန်းလေ၏။ ရသေ့သည်လည်း ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်လျက် ဈာန်အဘိညာဉ်ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လားရလေ၏။

မြတ်စွာဘုရားရှင်သည် ဒေသနာတော်ကိုဆောင်ပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်တွင် ငြီးငွေ့သောရဟန်း

http://www.dhammadownload.com



လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အသန္ဓေဆောင်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုအခါက မဏ္ဍဗျသူကြွယ်သည် ယခုအခါ အာနန္ဒာ၊ သူကြွယ်သားသည် ရာဟုလာ၊ မဏ္ဍဗျရသေ့သည် သာရိပုတ္တရာဖြစ်လာပြီး ကဏှဒီပါယနရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၄၅။ နိဂြောဓဇာတ်



http://www.dhammadownload.com

# (၄၄၅)

## နိဗြောဇာတ်

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ ခညောင်းပူဇော်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ဖြစ်၏။

ရဟန်းတို့သည် ဒေဝဒတ်အား-

"ငါ့ရှင် ဒေဝဒတ်၊ မြတ်စွာဘုရားရှင်သည် သင့်အပေါ်၌ ကျေးဇူးများပြားလှ၏၊ ဘုရားရှင်ကို အမှီပြု၍ သာမဏေအဖြစ် ရဟန်းအဖြစ်ကိုရ၏။ ပိဋကတ်ကို တတ်မြောက်၏။ ဈာန်ကိုရ၏။ ပစ္စည်းလေးပါးကိုရ၏"

ဟူ၍ ပြောဆိုကြကုန်၏။ ဤတွင် ဒေဝဒတ်သည် ပြတ်သစ်ရွက်ကိုမြှောက်ကာ-

"ဤမျှလောက်လည်း ရဟန်းဂေါတမသည် ငါ့အပေါ်ပြုသော ကျေးဇူးမရှိ"

ဟူ၍ တုံ့ပြန်ပြောဆိုလေ၏။

ထိုအခါ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ဒေဝဒတ်၏ ကျေးဇူးမသိတတ်မှုကို ပြောဆိုနေကြလေ၏။

http://www.dhammadownload.com



ထိုအခါ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိလေသည်ရှိသော်-

"ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါသာလျှင် ကျေးဇူးကို မသိတတ်သည်မဟုတ်။ ရှေးအခါ၌လည်း ကျေးဇူးကိုမသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သူ ဖြစ်ချေ၏"

ဟု မိန့်ဆို၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသနည်း။

ရှေး လွန်လေပြီးသောကာလ။

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်း မင်းပြုစဉ်က ဖြစ်၏။ ရာဇဂြိုဟ်သူဌေးသည် မိမိ၏သားအား ဇနပုဒ်သူဌေး၏သမီးနှင့် ထိမ်းမြားလက်ထပ်ပေးလေ၏။ ထိုသူဌေးသမီးကား သားသမီးရတနာ မဖွားမြင်နိုင်သော အမြုံဖြစ်ချေ၏။ သို့ဖြစ်၍ ကာလကြာသည်ရှိသော် စီးပွားလာဘသက္ကာရတို့သည် ဆုတ်ယုတ်ကြကုန်၏။ ရာဇဂြိုဟ်သူဌေးကြီးအဖို့-

"ငါတို့သား၏မိန်းမကား မြုံနေ၍သာ ကလေးမမွေးနိုင်၊ သို့ဆိုပါက အမျိုးအနွယ်သည် မည်သို့ ပြန့်ပွားနိုင်တော့မည်နည်း"

ဟူ၍ စိတ်မသက်မသာ ဖြစ်နေကြလေ၏။ သူဌေးသမီးလည်း အခြေအနေကို ရိပ်စားမိ၍ ကိုယ်ဝန်ဆောင် မိန်းမအမူအရာကို ပြုကာ လှည့်စားမည်ဟု ကြံစည်လေ၏။ ထို့နောက် မိမိအကျိုးစီးပွားကို လိုလားသော အထိန်းမအား ခေါ်ယူ၍...

"အို..မိခင်၊ အကျွန်ုပ်သည် ကိုယ်ဝန်ဆောင်မိန်းမအသွင် ဟန်ဆောင်လိုပါ၏။ ကိုယ်ဝန်ဆောင် မိန်းမနှင့်တူအောင် မည်သို့ ပြုရပါမည်နည်း"

ဟု မေးလေ၏။ အထိန်းမကြီးကလည်း-

http://www.dhammadownload.com



"ချစ်သမီး...ရာသီလာသည့်အခါ ရာသီခံအနီးပိတ်စတို့ကိုထည့်ရ၏။ ချဉ်သောအရသာကို စားပေးရ၏။ မွေးဖွားခါနီးကာလ၌ ခြေလက်တို့မှာ ဖောရောင်လာလေ့ရှိ၏။ သားမြတ်ဖျားတို့သည် မည်းနက်လာ၏။ နေ့စဉ်နေ့တိုင်း အဝတ်နွမ်းတို့ကို ဝတ်ဆင်ရ၏.."

ဟူ၍ နည်းလမ်းပေးလေ၏။သူဌေးသမီးလည်း နည်းလမ်းရသည့်အခါ လင်ယောကျာ်းအား... မိမိ၌ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း အသိပေးပြောကြား၍ ကိုယ်ဝန်ဆောင်နေရဟန် ပြုမူလေ၏။ လင်ယောကျာ်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကိုယ်ဝန်အစောင့်အရှောက်တို့ကို ပေးလေ၏။

ကိုးလလွန်၍ ဆယ်လမြောက်သည်ရှိသော် ယောက္ခမနှင့်လင်ယောကျာ်းတို့အား မိမိ၏မိဘတို့ထံခေတ္တခဏသွားလိုပါကြောင်း ပန်ကြားပြောဆိုကာ ရထားစီးပြီးလျှင် အခြွေအရံတို့အတူ ရာဇဂြိုဟ်မှ ဇနပုဒ်သို့ ထွက်ခဲ့လေ၏။ ထိုသူဌေးသမီးစီးနင်းသောရထား၏ရှေ့၌ လှည်းကုန်သည်၏လှည်းသည်သွားနေ၏။ ထိုလှည်းပေါ်၌ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်သည် စီးနင်းလိုက်ပါလာခဲ့၏။သို့ဖြင့် လှည်းစခန်းတစ်ခုတွင် စခန်းချခိုက် အနီးရှိပဒ္ဒောင်ပင်ရင်းသို့သွားကာ သားယောကျာ်းကလေးကို ဖွားမြင်ခဲ့၏။ ပြီးလေသော်...

"ငါကား...လှည်းနှင့်ကင်း၍ မသွားနိုင်။ သားငယ်အားယူဆောင်သွား၍မဖြစ်။ ငါ့အဖို့ ရှေ့ဆက် အသက်ရှင်နေသမျှ သားရနိုင်ပေ၏"

ဟု နှလုံးသွင်းကာ သားငယ်ကိုထားခဲ့၍ နံနက်စောစောမှာပင် မိမိလိုက်ပါလာခဲ့ရင်းဖြစ်သောလှည်းနှင့် လိုက်ပါသွားခဲ့လေ၏။ သားငယ်ကား ဘုန်းရှင်ကံရှင်ဖြစ်ရလေကား နတ်အပေါင်းတို့ကစောင့်ရှောက်ကြကုန်၏။

http://www.dhammadownload.com



သူဌေးသမီးလည်း နံနက်စာစားချိန်၌ ထိုအရပ်သို့ရောက်လျှင် ခေတ္တနားနေလျက် ကိုယ်လက်သုတ်သင်ဦးမည်ဟု ဆိုကာ အထိန်းမကိုခေါ်ကာ ထွက်လာခဲ့၏။ ပညောင်ပင်ရင်းသို့ ရောက်သည်ရှိသော် ရွှေအဆင်းနှင့်မခြား မွေးဖွားပြီးစ သားငယ်ကိုမြင်လိုက်ရလျှင် ဝမ်းမြောက်ဝမ်းသာ ပွေ့ချီလိုက်လေ၏။ ထို့နောက် သွေး၊ ကိုယ်ဝန်အညစ်အကြေးတို့ လိမ်းကျံစေလျက် သားဖွားမြင်ကြောင်း ပြောကြားစေ၏။ အလုပ်အကျွေးတို့လည်း တိမ်းတိမ်များကာရံကြကုန်၏။ ကိစ္စပြီးလျှင် ယောက္ခမများထံ သတင်းစကားကိုစေလိုက်၏။ ယောက္ခမများလည်း ပြန်လာရန်မှာကြားလိုက်သဖြင့် ဇနပုဒ်သို့မသွားဖြစ်တော့ဘဲ အခြံအရံတို့နှင့်အတူ ယောက္ခမများရှိရာ ရာဇဂြိုဟ်သို့ ပြန်လှည့်ခဲ့ကြလေ၏။ သတို့သားကိုအမည်မှည့်သောနေ့၌ ပညောင်ပင်ရင်း၌ မွေးဖွားသောကြောင့် 'နိဂြောဓ' သတို့သားဟု မှည့်ခေါ်ကြလေ၏။

ထိုနေ့မှာပင် သူဌေးငယ်၏ချွေးမလည်း မွေးဖွားရန်မိဘတို့အိမ်သို့သွားရာ လမ်းခရီးအကြား သစ်ခက်တစ်ခက်အောက်၌ မွေးဖွားသဖြင့် 'သာခ' သတို့သားဟု မှည့်ခေါ်ကြကုန်၏။ ထိုနေ့ပင်လျှင် သူဌေး၏ အပ်လျှိုသမားမယားသည် ပုဆိုးနွမ်းအတွင်း မွေးဖွားသဖြင့် 'ပေါဋ္ဌိက' သတို့သားဟု အမည်မှည့်ခေါ်ကြကုန်၏။ သူဌေးကြီးလည်း နှစ်ယောက်သော အဆိုပါသတို့သားတို့ကိုလည်း နိဂြောဓသတို့သားနှင့်တစ်နေ့တည်းမွေးဖွားလာသည့်အတွက် ဆောင်ယူစေ၍ နိဂြောဓသတို့သားနှင့်အတူ ကောင်းစွာ စောင့်ရှောက်မွေးမြူလေ၏။

သတို့သားသုံးယောက်တို့သည် အရွယ်သို့ ရောက်လတ်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာတို့ကို သင်ကြားကြကုန်၏။ နိဂြောဓသတို့သားနှင့် သာခသတို့သားတို့သည် ဆရာအား အသပြာနှစ်ထောင်ပေး၍ သင်ကြားကုန်၏။ ပေါဋ္ဌိကမှာမူ နိဂြောဓသတို့သားထံ၌ သင်ကြား၏။ သတို့သားသုံးယောက်တို့လည်း

http://www.dhammadownload.com



အတတ်ပညာများ သင်ယူတတ် မြောက်ပြီးကြသည်ဆိုသော် ဆရာအား ခွင့်ပန်လျှက် တက္ကသိုလ်ပြည်မှ ထွက်ခွာလာခဲ့ကြလေ၏။ ဗာရာဏသီသို့ရောက်ရှိ၍ ညချမ်းအချိန်သို့ ရောက်သည်ရှိသော် နတ်ကွန်းတစ်ခု၌ အိပ်စက်ကြကုန်၏။ ထိုကာလတွင် ဗာရာဏသီမင်း နတ်ရွာစံသဖြင့် တစ်မြို့လုံးစည်လည်ကာ ဖုဿရထားလွှတ်ရန် အသင့်စီမံ၍ထားကုန်၏။ ပေါဋ္ဌိကသည် မိုးသောက်ယံအချိန်၌ နိုဂြောဓ၏ခြေတို့ကိုဆုပ်နယ်၍ အလုပ်အကျွေးပြုလေ၏။

ထိုအခိုက်နတ်ကွန်းရှိ ကြက်တို့တွင် ကြက်နှစ်ကောင်သည် အထက်အောက်အိပ်ကြရာ အထက်ဖက်ဆီမှကြက်သည် အောက်ကြက်အပေါ်သို့ မစင်များစွန့်ချမိလေ၏။ အောက်ကြက်လည်း အမျက်ဒေါသထွက်၍-

"ငါ့ကိုယ်ပေါ်သို့ ကျင်ကြီးစွန့်ချသူကား မည်သူနည်း"

ဟူ၍ မေးလေ၏။ ဤတွင်အထက်ကြက်က တောင်းပန်စကားဆိုချေ၏။

"အဆွေ...အမျက်ဒေါသမထွက်ပါနှင့်။ မသိ၍စွန့်ချမိခြင်းဖြစ်ပါ၏"

"အချင်း...သင်ကား ငါ့ကိုကျင်ကြီးစွန့်ချသည့်အရာ မှတ်လေသလော။ ငါ၏အစွမ်းကို သင်မသိလေသလော"

အထက်ကြက်ကတောင်းပန်စကားဆိုသည့်တိုင် အောက်ကြက်သည် အမျက်မပြေနိုင်ဘဲ ခြိမ်းခြောက်စကားဆိုလာ၏။ ထိုအခါ ဒေါသထွက်လာပြီး-

"အချင်း...သင်၏အစွမ်းကား အဘယ်နည်း"

ဟူ၍ မေးလေ၏။ ထိုအခါ-

http://www.dhammadownload.com



"အချင်း...ငါ၏အသားကိုစားသောသူကား နံနက်စောစော ဦးပင်လျှင် အသပြာတစ်ထောင်ကို ရမည်ဖြစ်၏။ ဤသည်ကား ငါ ၏အစွမ်းပေတည်း"

ဟူ၍ မာန်တက်ကာ ပြောဆိုလေ၏။ ထိုအခါ အပေါ်ကြက် က-

"အချင်း...အသင်၏အသားကိုစားသူအဖို့ အသပြာတစ် ထောင်ရစေလောက်သော အစွမ်းမျှဖြင့် မာန်မတက်သင့်။ ငါ၏ ဆူ ဖြိုးသောအသားကို စားသောသူသည် နံနက်စောစောမှာပင် မင်းအ ဖြစ်ကို ရရှိလတ္တံ့။ မဆူမဖြိုးသော အလယ်သားအားစားရသောသူသည် စစ်သူကြီး ဧကန်ဖြစ်လတ္တံ့။ အရိုးဦကပ်သောအသားအားစားရသော သူသည် ဘဏ္ဍာစိုးဖြစ်လတ္တံ့"

ဟူ၍ မာန်ဝင့်ကာ ပြောဆိုလိုက်လေ၏။ထိုအသံကို ပေါဋ္ဌိက ကြားလိုက်ရသည့်အခါ-

"ငါတို့အဖို့ကံကောင်းပေပြီ။ အသပြာတစ်ထောင်ကို အလို မရှိ။ ငှင်းထက်သာလွန်သော ကြက်ကိုသာအလိုရှိအပ်၏။"

ဟုဆိုကာ သစ်ပင်ထက်သို့တက်၍ အပေါ်ကြက်ကို ဖမ်းလေ ၏။ ပြီးနောက်သတ်ဖြတ် မီးကင်ပြီးလေသော် ဆူဖြိုးသောအသားအား နိဂြောဓသတို့သားကို ကျွေး၏။ အလယ်သားကို သာခသတို့သားအား ကျွေး၏။ အရိုးဦကပ်နေသော အသားကိုမူ မိမိကိုယ်တိုင် စားလေ၏။ အားလုံးစားသောက်ပြီးသည်ရှိသော်-

"အဆွေနိဂြောဓ...သင်သည် ယနေ့ပင် မင်းဖြစ်လတ္တံ့။ အဆွေ...သာခ၊ သင်သည်လည်းစစ်သူကြီးဖြစ်လတ္တံ့။ ငါသည် ကား ဘဏ္ဍာစိုးဖြစ်လတ္တံ့"

ဟူ၍ ပြောဆို၏ ထိုအခါ နိဂြောဓနှင့်သာခတို့လည်း..အကျိုး အကြောင်းကို မေးမြန်းကြလေ၏။ ထိုအခါ ပေါဋ္ဌိကလည်းအကြောင်း

http://www.dhammadownload.com



စုံကို ပြောပြလေရာ သာခသတို့သား၏စိတ်ထဲ၌ ကျေနပ်ခြင်းမရှိပေ။ ထို့နောက် သတို့သားသုံးဦးသည် နံနက်စာစားချိန်ဝယ် မြို့တွင်းရှိ ပုဏ္ဏားတစ်ယောက်၏အိမ်၌ ထောပတ်သကာနှင့်ရောသော ဃနာ ထမင်းကိုစားပြီးလျှင် မင်း၏ဥယျာဉ်တော်သို့ဝင်ကြ၏။ နိဂြောဓသတို့ သားသည် မင်္ဂလာကျောက်ဖျာထက်၌အိပ်၏။ သာခနှင့် ပေါဋ္ဌိကတို့ သည် ပြင်ပ၌ အိပ်ကြကုန်၏။

ထိုအခိုက် ပုရောဟိတ်သည် စီရင်ထားသော ဖုဿရထားကို မင်းမြောက်တန်ဆာငါးပါးကိုတင်ကာ လွှတ်လေ၏။ ရထားသည် ဥယျာဉ်တော်သို့ဝင်လျက် မင်္ဂလာကျောက်ဖျာအနီးတွင်ရပ်၏။ ပုရော ဟိတ်လည်း ကျောက်ဖျာထက်၌အပ်နေသော နိဂြောဓတို့သားကိုမြင် လျှင် ဘုန်းကံရှိသူ ဖြစ်လိမ့်မည်ဟုတွက်ဆကာ ခြေကိုဖွင့်ကြည့်လိုက် လေ၏။ ပြီးလျှင် -

"အချင်းတို့ ဤသူကား ဗာရာဏသီမင်းအဖြစ်ကိုထားဘိဦး၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ပင် ဧကရာဇ်မင်း ဖြစ်ထိုက်သူပင်တည်း"

ဟူ၍ ပြောကြားပြီးနောက် အလုံးစုံသော တူရိယာတို့ကို တီးမှုတ်စေ၏။ နိဂြောဓသတို့သားနိုး၍ မျက်နှာကို ဖွင့်ကြည့်ပြီးလျှင် အနည်းငယ်လျောင်းကာ တဖန် ထက်ဝယ် ဖွဲ့ခွေထိုင်လေ၏။ ဤတွင် ပုရောဟိတ်လည်း ပုဆစ်တုပ်၍-

"အရှင်မင်းကြီး ဗာရာဏသီမင်းအဖြစ် ထီးနန်းကို စိုးစံပါ တော့"

ဟု တောင်းပန်လျှောက်ထားပြီးလျှင် မင်းမြောက်တန်ဆာ တို့ကို ဝတ်ဆင်စေ၏။ ထို့နောက် အဘိသိက်သွန်းကာ မင်းမြောက် လေ၏။ နိဂြောဓသတို့သားလည်း မင်းအဖြစ်သို့ရောက်လျှင် သာခ သတို့သားအား စစ်သူကြီးအရာပေး၍ မြို့တွင်းသို့ ဝင်လေ၏။ ပေါဋ္ဌိက လည်း မင်းကြီးနှင့်အတူ လိုက်လေ၏။

http://www.dhammadownload.com



တစ်နေ့သ၌ မင်းကြီးသည် မယ်တော်၊ ခမည်းတော်တို့ကို သတိရသဖြင့် သာခစစ်သူကြီးကို အခေါ်ခိုင်းရာ မယ်တော်၊ ခမည်းတော်တို့ထံ ပြုဖွယ်ကိစ္စမရှိဟူ၍ ငြင်းပယ်လေ၏။ ထိုအခါ မင်းကြီးလည်း ပေါဋ္ဌိကကို ခိုင်းတော်မူပြန်၏။ ပေါဋ္ဌိကလည်း မင်းကြီး၏ မယ်တော်၊ ခမည်းတော်တို့ထံ အကျိုးအကြောင်းပြောဆိုပြီးခေါ်လေရာ မင်းကြီး၏ မယ်တော်၊ ခမည်းတော်တို့လည်း မလိုက်လိုကြောင်း ငြင်းပယ်ကြ၏။ သာခစစ်သူကြီး၏ မိဘနှင့် ပေါဋ္ဌိက၏ မိဘတို့မှာလည်း ထိုနည်းတူ မလိုက်လိုကြောင်း ငြင်းပယ်ကြသည့်အတွက် ပေါဋ္ဌိကလည်း ဗာရာဏသီသို့ ပြန်လာခဲ့ရလေ၏။ ဗာရာဏသီပြည်သို့ ရောက်သော် ဦးစွာ သာခစစ်သူကြီးအိမ်၌ ခေတ္တအပန်းဖြေနားနေပြီးမှ မင်းကြီးအား ဖူးမြင်မည်ဟု ကြံစည်ကာ သာခစစ်သူကြီးအိမ်သို့သွား၍ တံခါးစောင့်အား-

"အမောင် သင်တို့စစ်သူကြီးအား သင့်အဆွေ ပေါဋ္ဌိကလာသည်ဟု လျှောက်ထားပေးပါလော့"

ဟု စေခိုင်း၏။ တံခါးစောင့်လည်း သာခစစ်သူကြီးထံသွား၍ အကျိုးအကြောင်း လျှောက်ထားလေရာ သာခစစ်သူကြီးသည် ၎င်းအား မင်းအဖြစ်ကိုမပေးဟု ရန်ငြိုးထားခဲ့ဖူးသဖြင့် ပေါဋ္ဌိကအမည်ကို ကြားရသည်နှင့်ပင် အမျက်ဒေါသထွက်လေရကား-

"ပေါဋ္ဌိက၏ အဆွေဆိုသည်ကား အဘယ်နည်း၊ ၎င်းအား ကျွန်မသား အရူးဖြစ်ပေ၏"

ဟု ပြောဆိုကာ ပေါဋ္ဌိကအား ထောင်းထုစေ၏။ လည်ပင်းကိုကိုင်၍ ဆွဲထုတ်စေ၏။ ပေါဋ္ဌိကလည်း-

"သာခကား ငါ့ထံမှ စစ်သူကြီးအရာကို ရပါလျက် ငါ၏ ကျေးဇူးကိုမသိ၊ ကျေးဇူးရှင် အဆွေခင်ပွန်းကို ရိုက်ပုတ်ထောင်းထု၍ နှင်ထုတ်စေဘိ၏၊ ငါ့အဆွေ နိဂြောဓမင်းကြီးအား ပညာရှိ၏

http://www.dhammadownload.com



သူတစ်ထူး၏ ကျေးဇူးတရားကို သိတတ်၏၊ သူတော်ကောင်း ပေတည်း''

ဟူ၍ အောက်မေ့ကြံစည်လျက် မင်းကြီး၏ အိမ်တံခါးသို့ သွား၏။ ထို့နောက် တံခါးစောင့်အား အဆွေတော် ပေါင်္ဂီက လာကြောင်း လျှောက်ထားစေ၏။ မင်းကြီးလည်း ပေါင်္ဂီကအားခေါ်စေ၍ နေရာမှထကာ ခရီးဦးကြိုဆို၏။ နတ်သုဒ္ဓါတမျှ အစားအသောက်ကောင်းတို့ကို စားစေပြီးလျှင် မယ်တော်၊ ခမည်းတော်တို့အကြောင်းကို မေးမြန်း၏။ ပေါင်္ဂီကလည်း အကြောင်းစုံကို လျှောက်ထားလေ၏။

ထိုအချိန်တွင် စစ်သူကြီးလည်း-

''ပေါင်္ဂီကသည် မင်းကြီးနှင့်ငါ့ကို အချစ်ပျက်အောင် ကုန်းတိုက်လိမ့်မည်၊ ငါ့မျက်မှောက်ဆိုပါလျှင် ကုန်းတိုက်ဝံ့လိမ့်မည် မဟုတ်''

ဟူ၍ မင်းကြီးထံ အမြန်လိုက်သွားရာ ပေါင်္ဂီကနှင့်ဆုံလေ၏။ ပေါင်္ဂီကလည်း သာခစစ်သူကြီးမျက်မှောက်မှာပင်-

''အရှင်မင်းကြီး အကျွန်ုပ်သည် သာခစစ်သူကြီးအိမ်၌ အပန်းဖြေမည်ဟူ၍ မိမိလာကြောင်း ပြောကြားစေရာ သာခစစ်သူကြီးသည် ထိုသူကို ငါမသိဆိုပြီး ရိုက်ပုတ်ထုထောင်း၍ နှင်ထုတ်စေပါ၏၊ ယုံတော်မူပါ''

ဟူ၍ တိုင်ကြားလျှောက်ထားလေ၏။ ဆက်လက်၍-

''အရှင်မင်းကြီး ဤသူကား အဘယ်နည်း၊ အဘယ်သူ၏ အဆွေခင်ပွန်းနည်း၊ ဤသူကို ငါမသိ''

ဟု ဆို၍ စစ်သူကြီးပြုလုပ်သကဲ့သို့ အရှင်မင်းကြီးသည် အဘယ့်ကြောင့် မပြုလုပ်ပါသနည်း။

http://www.dhammadownload.com



"အရှင်မင်းကြီး သာခစစ်သူကြီးက ပညာဉာဏ်မရှိ၊ သူတစ်ထူး၏ကျေးဇူးတရားကိုလည်း မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ အရှင်မင်းကြီး၏ အဆွေခင်ပွန်းဖြစ်သော သာခသည်ကား သူတော်မဟုတ်၊ သူယုတ်သာ ဖြစ်ပါ၏"

ဟူ၍ ဖြစ်ပျက်ပုံ အလုံးစုံကို လျှောက်ထားလေ၏။ ထိုအခါ နိဂြောဓမင်းကြီးလည်း ပေါဋ္ဌိကာ၏ကျေးဇူးကို သာခစစ်သူကြီးအား ပြောပြလိုသဖြင့် –

"အဆွေပေါဋ္ဌိက ဤသူကို ငါ မသိဆို၍ သာခသည် ရိုက်ပုတ်ထောင်းထုလျက် နှင်ထုတ်စေသည့်အကြောင်း သင်က ငါ့ကိုသာ လျှောက်ထား၏၊ အခြား မည်သည့် တစ်စုံတစ်ယောက်သူကမျှ မလျှောက်ထား၊

အဆွေပေါဋ္ဌိက သင်သည် ငါနှင့်သာခ နှစ်ပါးစုံသော အဆွေခင်ပွန်းတို့အား ချမ်းသာစွာ အသက်မွေးကြောင်းကို ပေးသောသူဖြစ်ပေ၏၊ သင်သည် ငါတို့နှစ်ယောက်အား လူ့ပြည်၌ မွန်မြတ်သော စည်းစိမ်တို့ကို ပေးခဲ့ပေ၏၊

အဆွေပေါဋ္ဌိက ဤစည်းစိမ်တို့ကို ငါတို့သည် သင့်ထံမှ ရအပ်ကုန်၏၊ ဤမင်းစည်းစိမ်ကို ရရာ၌ ငါ့အား ယုံမှားသံသယမရှိပေ၊ မီး၌ထည့်အပ်သော မျိုးစေ့သည် အပင်မပေါက်၊ ပြာဖြစ်သကဲ့သို့ ထို့အတူ သူယုတ်မာ၌ပြုအပ်သော ကျေးဇူးသည် အကျိုးမရှိ၊ ပျောက်ပျက်ကုန်၏၊

ကျေးဇူးကိုသိ၍ မြတ်သောအကျင့်သီလရှိသောသူ၌ ပြုအပ်သော ကျေးဇူးကား များစွာ အကျိုးရှိ၏၊ ချိုင့်ဝှမ်းမရှိ၊ လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အပင်ပေါက်၍ မပျောက်မပျက်သကဲ့သို့ ထို့အတူ ထိုကျေးဇူးကိုသိတတ်သောသူ၌ ပြုအပ်သော ကျေးဇူးသည် မပျောက်ပျက်ပေ"

http://www.dhammadownload.com



ဟူ၍ ရှေ့တော်၌ရှိနေသော သာခ၏အပြစ်ကို ပြောဆိုလေ၏။ မင်းကြီးလည်း သာခစစ်သူကြီးအား စေ့စေ့ကြည့်လျက်-

"သင်သည် ပေါဠ္ဌိကကို သိပြီလော"

ဟု မေးလေ၏၊ သာခစစ်သူကြီးလည်း ဘာမျှ လျှောက်ထားခြင်းမပြုဘဲ ဆိတ်ဆိတ်သာနေလေ၏၊ ထိုအခါ မင်းကြီးက-

"အို... အမတ်တို့ ယုတ်မာလျက် စဉ်းလဲလှည့်ပတ်တတ်၍ သူယုတ်တို့၏အကြံကို ကြံစည်တတ်သော ဤသာခအား လုံသေး၊ လုံမတို့ဖြင့် ထိုးသတ်ကြ ကုန်လော့၊ သာခ အသက်ရှည်ခြင်းကို ငါသည် အလိုမရှိ"

ဟူ၍ မင်းပြစ်မင်းဒဏ် ပေးလေ၏။ ဤတွင် ပေါဠ္ဌိကလည်း ဤသူယုတ်မာကား ငါ၏ပရောဂဖြင့် မပျက်စီးပါစေလင့်ဟု ကြံစည်၍-

"အရှင်မင်းကြီး ဤသူယုတ်မာအား သည်းခံတော်မူပါလော့၊ အသက်ကို မဆုံးရှုံးစေပါလင့်၊ ဆုံးရှုံးပြီးပါက ပြန်၍ရှင်စေခြင်းငှာ မတတ်ကောင်းပြီ၊ သူတော်ကောင်း၏ ဆန့်ကျင်ဖက် ရန်သူဖြစ်သော သူယုတ်မာအား သည်းခံခွင့်လွှတ်တော်မူပါလော့၊ အကျွန်ုပ်အဖို့ ဤသူယုတ်မာ သာခအား သတ်ဖြတ်ခြင်းကို အလိုမရှိပါ"

ဟူ၍ သာခ၏အသက်အား ခွင့်လွှတ်သည်းခံပါရန် မေတ္တာရပ်ခံ လျှောက်ထားတောင်းပန်လေ၏။ မင်းကြီးလည်း ပေါဠ္ဌိကစကားကိုကြားလျှင်-

"သာခအား ငါ သည်းခံပါ၏"

ဟု ဆိုကာ ခွင့်လွှတ်တော်မူလေ၏။ ထိုအခါ မင်းကြီးသည် စစ်သူကြီးရာထူးအား ပေါဠ္ဌိကကို ပေးလို၏။ ပေါဠ္ဌိကမူကား အလိုမရှိပေ။ ဤတွင် မင်းကြီးလည်း ပေါဠ္ဌိကအား အလုံးစုံသော စစ်သူကြီးတို့ကို စီမံရသော ဘဏ္ဍာစိုးရာထူးကို ပေးလေ၏။ (ထိုဘဏ္ဍာစိုးရာထူး

http://www.dhammadownload.com



ကား ရှေးအခါ၌ မဖြစ်စဖူး၊ နိဂြောဓမင်းကြီး လက်ထက်တော်မှစ၍ ဖြစ်ခြင်းဖြစ်၏။) နောက်အဖို့၌ ဘဏ္ဍာစိုးပေါင်္ဂကလည်း စည်းစိမ် ဥစ္စာ၊ သားသမီးတို့ဖြင့် ကြီးပွားသည်ဖြစ်၍-

"ချစ်သား ချစ်သမီးတို့ သာခစစ်သူကြီးထံ၌ အသက်ရှင် နေရခြင်းထက် နိဂြောဓမင်းကြီးထံ၌ သေရခြင်းက မြတ်လှ၏။ ထို့ ကြောင့် အမောင်တို့သည် နိဂြောဓမင်းကြီးကိုသာလျှင် မှီဝဲဆည်းကပ် ကြရာ၏၊ သာခစစ်သူကြီးအား မမှီဝဲ မဆည်းကပ်ရာ"

ဟူ၍ သားသမီးတို့အား အမြဲပင် ပြောဆိုဆုံးမလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

"ရဟန်းတို့-

ထိုအခါက သာခသည် ယခုအခါ ဒေဝဒတ်ဖြစ်လာပြီး ပေါင်္ဂကသည် အာနန္ဒာဖြစ်လာကာ နိဂြောဓမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၄၆။ တက္ကလဇာတ်



http://www.dhammadownload.com

# (၄၄၆)
# တက္ကလဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလဝယ် သူဆင်းရဲမျိုး၌ဖြစ်သော သီတင်းသည်တစ်ဦးသည် အမိ သေလွန်သည်ရှိသော် အခစားလုပ်ခြင်း၊ လယ်ထွန်ခြင်းစသော အမှုတို့ကိုလုပ်ကိုင်လျက် ဖခင်ဖြစ်သူအား ရှိသေစွာ လုပ်ကျွေးပြုစုလေ၏။ ထိုအခါ ဖခင်သည် သားဖြစ်သူအား-

"ချစ်သား သင်သည် အိမ်တွင်းအိမ်ပ အလုံးစုံသော ကိစ္စတို့ကို ပြုလုပ်ရ၏၊ သည့်အတွက် အိမ်ထောင်ပြုလိုက်ပါက ထိုမိန်းမသည် သား၏ကိုယ်စား အိမ်တွင်းမှုတို့ကို ပြုလုပ်ဖော်ရပေလိမ့်မည်"

ဟု ပြောဆိုလေ၏။ ထိုအခါ သားဖြစ်သူက-

"အို... ဖခင်၊ ကျွန်ုပ် အိမ်ထောင်မပြုလိုပါ၊ ပြုလိုက်သည်ရှိသော် မိန်းမကြောင့် ဖခင်သည်လည်းကောင်း၊ မိခင်သည်လည်းကောင်း စိတ်ချမ်းသာခြင်းကို ပြုလိမ့်မည်မဟုတ်"

ဟူ၍ တားမြစ်လေ၏။ ဖခင်သည် တားမြစ်ခြင်းကို နားမဝင်ဘဲ အမျိုးသမီးတစ်ဦးကို ဆောင်ကြဉ်းကာ လက်ထပ်ပေးလေ၏။ အမျိုးသမီးလည်း အိမ်သို့ရောက်စအခါ၌ ယောက္ခမအားလည်းကောင်း၊

http://www.dhammadownload.com



လင်ဖြစ်သူအားလည်းကောင်း အိမ်ဦးနတ်ကဲ့သို့ ရိုသေစွာ လုပ်ကျွေးလေ၏၊ ထိုအခါ လင်ယောကျ်ားသည် ဖခင်အား ပြုစုဖော်ရပေသည်ဟူ၍ နှစ်သက်သဖြင့် မယားကိုသာလျှင် အစားအစာ၊ ဥစ္စာပစ္စည်းတို့ကို အပ်နှင်းလေ၏။ မယားလည်း နောင်အခါ မိမိအပေါ်၌ လင်ကနှစ်သက်မှန်းသိလျှင် မာန်တက်၍ ယောက္ခမအား ရိုသေစွာ လုပ်ကျွေးခြင်းမပြုတော့ဘဲ အမြဲပင် ဆန့်ကျင်ဖက်ပြုလေတော့၏။

တစ်နေ့သ၌ တစ်အိမ်လုံးကို အညစ်အကြေးတို့ဖြင့် လိမ်းကျံစေလျက် လင်ယောကျ်ားပြန်လာသောအခါ ဤအမှုကို ဖခင်သက်ကျားအိုကြီးက ပြုလုပ်ကြောင်း၊ သို့ဖြစ်၍ တစ်အိမ်တည်းအတူတကွ မနေနိုင်တော့ကြောင်းကို ပြောဆိုကုန်းတိုက်လေ၏။ ထို့အပြင် -

"အမောင် သင့်ဖခင် သက်ကျားအိုကြီးအား ဤအိမ်မှ နှင်ချပါလော့၊ နှင်မချပါက အကျွန်ုပ်ပင် ဤအိမ်မှ ဆင်းသွားပါမည်"

ဟု ပြောဆိုလေ၏။ ထိုအခါ လင်ယောကျ်ားလည်း-

"ရှင်မ သင်သည်ကား ပျိုရွယ်သေးသည့်အတွက် လုပ်ကိုင်ရှာဖွေစားသောက်နိုင်ပါသေး၏၊ ငါ့ဖခင်ကား အိုမင်းလှပေပြီ၊ နှင်မထုတ်နိုင်၊ သင် မနေလိုက ဆင်းသွားပါလော့"

ဟု ပြောဆိုကာ မယားလည်း ကုန်းတိုက်၍မရ၊ အိမ်မှလည်းထွက်မသွားနိုင်သဖြင့် တောင်းပန်ကာ ယောက္ခမအား ရိုသေစွာ လုပ်ကျွေးပြန်လေ၏။

ထိုအခါ လင်ယောကျ်ားလည်း မြတ်စွာဘုရားထံ သွားရောက်ဖူးမြော် ဆည်းကပ်ပြီးနောက် မိမိမယားအကြောင်းကို လျှောက်ထားလေပြီ။ ထိုအခါ ဘုရားရှင်က-

"ဒါယကာ သင်သည် ယခုအခါ၌သာ သင့်မယား ကုန်းတိုက်သည်ကို နားမထောင်၊ သင့်ဖခင်ကို နှင်မထုတ်ခဲ့၊ ရှေးအခါ၌မူ

http://www.dhammadownload.com



သင်သည် သင့်မယားစကားကို နားထောင်၍ ဖခင်ကို သုသာန်သို့ ဆောင်ယူကာ သတ်မည်ပြု၏၊ ဤတွင် ခုနစ်နှစ်အရွယ်သာရှိသေးသော ငါသည် ပိတုဃာတကကံမှ လွတ်မြောက်စေ၍ နတ်ပြည်သို့ ရောက်စေဖူးပြီ''

ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိကရွာ၌ သဝိဋ္ဌကအမည်ရှိ ဆင်းရဲသား လုလင်ရှိလေ၏။ လုလင်သည် အမိအဖတို့ကို ရိုသေစွာ လုပ်ကိုင်ကျွေးမွေးလေ၏။ နောက်အခါ အမိ သေလွန်သည်ရှိသော် ဖခင်အား ရိုသေစွာ လုပ်ကျွေးလေ၏။

ဖခင်သည် သားအလိုမရှိပါဘဲနှင့် အမျိုးသမီးတစ်ဦးကို ယူဆောင်ကာ သားနှင့် လက်ထပ်ပေးလေ၏။ ကနဦး၌ ထိုအမျိုးသမီးသည် ယောက္ခမအိုကြီးအားလည်းကောင်း၊ လင်ဖြစ်သူကိုလည်းကောင်း ရိုသေစွာ လုပ်ကျွေးပြုစုလေ၏။ နောက်ကာလကြာသော် ယောက္ခမအိုနှင့် လင်ယောကျ်ားအား ကုန်းတိုက်လေတော့၏။

''အရှင် အရှင်၏ဖခင် သက်ကျားအိုကြီးသည် အကျွန်ုပ်အား ခိုက်ရန် အမြဲပြု၏၊ ခက်ထန်ကြမ်းကြုတ်၏၊ သို့ဖြစ်၍ သင့်ဖခင်နှင့် အတူ မနေနိုင်ပါ၊ သင့်ဖခင်လည်း အိုမင်းလှပေပြီ၊ နှစ်ရက်၊ သုံးရက်လွန်လျှင် ဧကန်မချွတ် သေလတ္တံ့၊ သို့ဖြစ်၍ သုသာန်သို့ဆောင်ယူကာ သတ်ပါလော့''

ထိုစကားကိုကြားရလျှင် မယားဘက်ပါနေသော လင်ယောကျ်ားလည်း မိန်းမယုတ် ကုန်းတိုက်သည်ကို ယုံကြည်သဖြင့်-

http://www.dhammadownload.com



"ရှင်မ လူတစ်ယောက်ကို သတ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်၊ မည်သို့မည်ပုံ သတ်ရပါမည်နည်း"

ဟု မေးလေ၏။ မိန်းမယုတ်လည်း-

"အရှင် မည်သည့်ရွာ၌ အမိ၏ဉစ္စာရှိ၏၊ ဖခင် အသက်ရှင်စဉ် တောင်းမှရမည်ဟုဆို၍ လှည်းပေါ်တင်ကာ သုသာန်သို့ခေါ်ဆောင်ပါ၊ ရောက်လျှင် တွင်း၌ထည့်၍ ပေါက်တူးအနောင့်နှင့် ရိုက်သတ်ပြီး မြေမြှုပ်ခဲ့ပါလော့"

ဟူ၍ နည်းလမ်းပေးလေ၏။ လင်ယောကျ်ားဖြစ်သော သဝိဋ္ဌကလည်း မယားစကားကို နားထောင်ကာ သုသာန်သို့သွားရန် စီစဉ်လေ၏။ သဝိဋ္ဌကတို့လင်မယား၌ အသက်ခုနစ်နှစ်အရွယ် သားတစ်ယောက် ရှိ၏။ အသက်ငယ်သော်လည်း ပညာရှိ၏၊ ထိုသားငယ်သည် အမိအဖတို့ တိုင်ပင်ပြောဆိုသော စကားကိုကြားလျှင်-

"ငါ့အမိကား ယုတ်မာကောက်ကျစ်လွန်းလှ၏၊ ငါ၏ဖခင်အား ပိတုဃာတကကံထိုက်ရန် တိုက်တွန်းစေခိုင်းဘိ၏၊ ငါ နည်းလမ်းပြ၍ ဆုံးမမှ ဖြစ်တော့မည်"

ဟု ကြံစည်ကာ အဘိုးဖြစ်သူနှင့်အတူ အိပ်လေ၏။ သဝိဋ္ဌကလည်း မယားပြောဆိုထားသောအချိန်ရောက်လျှင် လှည်းကိုပြင်ဆင်ပြီး-

"အို... ဖခင် အကျွန်ုပ်နှင့်အတူ မိခင်ရှိစဉ် ရရှိရန်ကြွေးများ တောင်းခံရန်အတွက် လိုက်ခဲ့ပါလော့"

ဟု ပြောဆိုပြီး လှည်းပေါ်သို့တက်စေ၏၊ သားငယ်လည်း အဘိုးဖြစ်သူထက်ဦးစွာ လှည်းပေါ်သို့တက်နှင့်၏။ သဝိဋ္ဌလည်း တားမြစ်ခြင်းငှာ မတတ်နိုင်။ သားငယ်ကိုပါဆောင်၍ လှည်းကိုမောင်းလေ၏။ သုသာန်သို့ရောက်လျှင် ဖခင်နှင့်သားငယ်ကို တစ်နေရာ၌ထား

http://www.dhammadownload.com



၍ ပေါက်တူးကိုယူလျက် မမြင်ကွယ်ရာ၌ တွင်းကိုတူးလေ၏။ ထို အခါ သားငယ်သည် ဖခင်ထံသွား၍-

"ဖခင် သုသာန်တောအလယ်၌ သထွေး၊ ကညင်ဥ၊ မျောက်ဥတို့ မရှိပါဘဲလျက် အဘယ့်ကြောင့် တစ်ယောက်ထီးတည်း တွင်းတူးနေရပါသနည်း"

ဟူ၍ ပြောဆိုမေးမြန်းလေ၏။ သဝိဋ္ဌကလည်း သားငယ်၏ စကားကိုကြားလျှင်-

"ချစ်သား သင်၏အဘိုးကား အလွန် အားနည်းခဲ့ပြီ၊ အိုမင်း ခဲ့ပြီ၊ အနာရောဂါတို့လည်း နှိပ်စက်ခဲ့ပေပြီ၊ ထို့ကြောင့် ငါသည် ဤနေ့၌ ဤတွင်းထဲသို့ သင့်အဘိုးအား မြှုပ်နှံသတ်ဖြတ်ရပေမည်၊ ငါသည် သင့်အဘိုး အားနည်းအိုမင်းခြင်းကို မကြည့်ရက်၍ဖြစ်၏"

ဟူ၍ သားငယ်အား တွင်းတူးရခြင်းအကြောင်းရင်းအား ပြော ဆိုလေ၏။ ထိုအခါ သားငယ်သည် ဖခင်အား သာဓကတစ်ခုဖြင့် ပြောဆိုဆုံးမလို၍-

"ဖခင် သင်သည် ယုတ်မာသော အကြံအစည်ကို ပြုဘိ၏၊ ထိုလုပ်ရပ်ကား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို လွန် ကြမ်းကြုတ်သော ပိတုဃာတက ကံကို ပြုဘိ၏"

ဟု ပြောဆိုကာ ဖခင်ထံမှ ပေါက်တူးကိုယူ၍ မနီးမဝေးရှိ အရပ်၌ တွင်းတစ်ခုကို တူးလေ၏။ ဤတွင် ဖခင်လည်း-

"ချစ်သား အဘယ့်ကြောင့် တွင်းတူးရလေသနည်း"

ဟု မေးလ၏။ ထိုအခါ သားငယ်က-

"ဖခင် အကျွန်ုပ်သည် ဖခင်၏လုပ်ရပ်ကိုကြည့်၍ နည်း လမ်းရပေပြီ၊ အကျွန်ုပ်လည်း ဖခင် အိုမင်းလာသည့်အခါတွင် ဖခင်

http://www.dhammadownload.com



ကို မြှုပ်သတ်ရန် တွင်းတူးခြင်းဖြစ်ပေ၏၊ ဖခင်ပြသော နည်းအတိုင်း လုပ်ဆောင်မည်''

ဟု ပြောဆိုကာ ဖခင်ကို သတိတရားရစေ၏၊ သို့သော်ငြား သဝိဋ္ဌကလည်း ဆင်ခြင်နိုင်မှုမရှိဘဲ-

''ချစ်သား သင် မည်ကဲ့သို့ ပြောလိုက်လေသနည်း၊ သင် သည် ငါ၏ရင်မှ ဖြစ်သောသား ဖြစ်ပါလျက် ငါ၏အကျိုးကို မဲ့စေ သည်တကား''

ဟု တုံ့ပြန်ပြောဆို၏။ ဤတွင် ပညာရှိသော သားငယ် လည်း-

''အို... ဖခင် အကျွန်ုပ်ကား ဖခင်၏အကျိုးကို မဲ့စေသည် မဟုတ်၊ ဖခင်၏အကျိုးစီးပွားကို အလိုရှိသူဖြစ်ပါ၏၊ ဖခင်သည်သာ အဘိုးအပေါ် ယုတ်မာသောအကြံကို ကြံ၏၊ ၎င်းလုပ်ရပ်ကို တားမြစ် ပါ၏၊

အို... ဖခင် ယုတ်မာသည့် အကျင့်ရှိသောသားသည် မပြစ် မှားထိုက်သော အမိအဖတို့ကို သတ်ပုတ်ညှဉ်းဆဲဘိ၏၊ အမိအဖတို့ ကို သတ်ပုတ်ညှဉ်းဆဲသော ထိုသားယုတ်သည် သေလွန်ပါက တမလွန်ဘဝ၌ ငရဲသို့ ဧကန်မုချ လားရောက်ရ၏၊

ဖခင်... ကောင်းသောအကျင့်ရှိသည့် သားသည် အမိအဖတို့ ကို ထမင်းအဖျော်တို့ဖြင့် လုပ်ကျွေးမွေးမြူ၏၊ ထိုသို့ အမိအဖတို့အား ကောင်းစွာလုပ်ကျွေး မွေးမြူသောသားသည် သေလွန်ပါက တမလွန် ဘဝ၌ ယုံမှားမရှိ၊ မုချဧကန် နတ်ရွာသုဂတိသို့ လားရောက်ရ၏''

ဟူ၍ ဥဒါန်းဂါထာတို့ကို ကျူးရင့်ကာ တရားဟောလေ၏၊ ထိုအခါ ဖခင်ဖြစ်သူ သဝိဋ္ဌကလည်း-

''ချစ်သား သင်ကား ငါဖခင်၏ အကျိုးစီးပွားကို အလိုမရှိ မဟုတ်၊ အလိုရှိသူဖြစ်ပေ၏၊ သင့်မိခင် တိုက်တွန်း၍သာ ကြမ်းကြုတ် သော အနန္တရိယကံကို ပြုမည်ဟု ကြံစည်မိပါ၏''

http://www.dhammadownload.com



ဟူ၍ သားငယ်အား အမှန်အတိုင်း ဝန်ခံပြောကြားလေ၏။ သားငယ်လည်း-

"ဖခင် မိန်းမတို့သည် ဒေါသဖြစ်လာသည်ဆိုငြားအံ့ နှိပ်ကွပ်ဆုံးမရမည်ဖြစ်၏၊ ထိုသို့ ဆုံးမခြင်းမပြုပါက အဖန်တလဲလဲ မကောင်းမှုကို ပြုတတ်၏၊ သို့ဖြစ်၍ နောက်ထပ်တစ်ဖန် မကောင်းမှု မပြုရလေအောင် ပုတ်ခတ်ကြိမ်းမောင်းပါလော့-

ဖခင် သင်၏မယားသည် ယုတ်မာသောသဘောရှိ၏၊ ထိုမယားသည် သင့်ဖခင်အား ဆင်းရဲခြင်းကိုလည်း ဖြစ်စေရာ၏၊ ဖခင်၏မယားကား အကျွန်ုပ်ကို မွေးဖွားသော မိခင်ရင်းဖြစ်ပါ၏၊ ထိုမိခင်အား အိမ်မှနှင်ထုတ်ပါ"

ဟူ၍ မိခင်၏အပြစ်ကိုပြောဆို၍ ဆုံးမရန် နည်းလမ်းတို့ကို ပေးလေ၏။ သဝိဋ္ဌကလည်း သားပညာရှိစကားကိုကြားရလျှင် ဝမ်းမြောက်သဖြင့်-

"ချစ်သား ငါတို့ အိမ်ပြန်ကြမည်"

ဟု ပြောဆိုကာ သားအဖ မြေးအဘိုးတို့သည် လှည်းယာဉ်ဖြင့် အိမ်သို့ ပြန်ကြလေ၏။ ဤတွင် ယုတ်မာသောမယားလည်း-

"ကျက်သရေ ကင်းလွှစွာသော သက်ကြီးအို ယောက္ခမသည် ငါ့အိမ်၌ မရှိတော့ပြီ"

ဟူ၍ ဝမ်းသာရွှင်လန်းခြင်းဖြစ်ကာ အိမ်၏ထရံတို့အား နွားချေးစိုတို့ဖြင့် လိမ်းကျံ၏။ ထို့နောက် ဃနာနို့ဆွမ်းချက်၍ လင်နှင့်သားတို့ ပြန်လာရာလမ်းကို ငေးမျှော်ကြည့်နေနှင့်၏။ ဤတွင် လှည်းပေါ်၌ လင်နှင့်တကွ မြေးအဘိုးတို့ကို တွေ့ရ-ညည်ရှိသော် 'အိမ်မှထွက်လေပြီးသော သက်ကြီးအို သူယုတ်ကို ပြန်၍ခေါ်လာပြီ' ဟူ၍ မြည်တွန်တောက်တီးရင်း အမျက်ဒေါသ တလူလူဖြင့်-

http://www.dhammadownload.com



"ဟယ်. . . ကောက်ကျစ်စဉ်းလဲသော သူယုတ်၊ အိမ်မှထွက်လေပြီးကာမှ အသရေကင်းမဲ့သော သက်ကြီးအို သူယုတ်ကို တစ်ဖန်ပြန်၍ခေါ်လာပြီ"

ဟု ဆီးကြိုဆဲရေးကာ ရန်တွေ့လေ၏။ သဝိဋ္ဌကလည်း တစ်စုံတစ်ရာ စကားမဆိုသေးဘဲ လှည်းကိုချွတ်ပြီးလျှင်-

"ဟယ်. . . မိန်းမယုတ်၊ နင် ဘယ်စကားကို ဆိုသနည်း"

ဟူ၍ ပြောဆိုငေါက်ငမ်းကာ မယားကို ပြင်းထန်စွာ ရိုက်ပုတ်ညှဉ်းဆဲ ထောင်းထုပြီးလျှင်-

"သင်သည် ဤနေ့မှစ၍ ငါ့အိမ်သို့ လုံး၀ ပြန်လာခွင့်မရှိ"

ဟု ကြိမ်းမောင်း၍၊ ခြေနှစ်ချောင်းကိုကိုင်၍ အိမ်ပြင်သို့ ထုတ်၏၊ ထို့နောက် ဖခင်အိုနှင့် သားငယ်တို့ကို ရေမိုးသန့်စင်စေပြီးလျှင် အတူတကွ ထမင်းစားကြကုန်၏။ မိန်းမယုတ်ကား နှစ်ရက်၊ သုံးရက် အခြားအိမ်၌ နေရလေ၏၊ ထိုအခါ သားငယ်က-

"ဖခင် ငါ၏အမိသည် ဤသို့ ကြိမ်းမောင်းကာမျှဖြင့် သိမည် မဟုတ်၊ မိခင် စိတ်နှလုံး မသက်သာရလေအောင် ပြုလုပ်ရန်အတွက် မည်သည့်ရွာ၌ ဦးရီး၏သမီးကိုဆောင်ယူ၍ အိမ်ရှင်မပြုမည်ဟု သတင်းလွှင့်ပါ၊ ထို့နောက် ပန်းနံ့သာ စသည်တို့ကို စီရင်၍လှည်းတို့ကိုကလျက် လယ်တောသို့သွားပြီး ညချမ်းအခါရောက်မှသာလျှင် ပြန်လာခဲ့ပါတော့"

ဟူ၍ ဖခင်အား နည်းပေးပြန်၏။ ဖခင်လည်း သားပညာရှိနည်းပေးသည့်အတိုင်း ပြုလုပ်လေ၏။ ထိုအခါ အိမ်နီးချင်း မိန်းမတို့သည် နှင်ထုတ်ခံရသော မိန်းမအား-

http://www.dhammadownload.com



"အမိ သင်၏လင်ယောကျ်ားသည် အဘယ်မည်သောရွာမှ မိန်းမတစ်ယောက်အား ဆောင်ယူရန် အမွေးနံ့သာတို့စီရင်၍ လှည်းတို့ကိုကကာ သွားလေပြီ"

ဟူ၍ ပြောကြားကြကုန်၏။ ထိုအခါ နှင်ထုတ်ခံရသော မိန်းမလည်း-

"ယခု ငါသည် ပျက်စီးခြင်းနှင့် ကြုံရချေပြီ၊ ဤနေ့မှစ၍ ငါ၏လင်နှင့် ပတ်သက်ခွင့် မရှိတော့ပြီ"

ဟူ၍ စိုးရိမ်ကြောက်ရွံ့ကာ သားပညာရှိထံ သွားလေ၏။

"ချစ်သား မိခင်မှာ ချစ်သားမှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ ဤနေ့မှစ၍ သင်ချစ်သား၏ ဖခင်ကိုလည်းကောင်း၊ အဘိုးကိုလည်းကောင်း ရှိသေစွာ လုပ်ကျွေးပါမည်၊ မိခင်အား အိမ်သို့ ဝင်ခွင့်ပြုပါ ချစ်သား"

ဟူ၍ တောင်းပန်လေ၏။ ထိုအခါ သားငယ်လည်း-

"မိခင် နောက်တစ်ဖန် ဤသို့သော မကောင်းမှုကို မပြုပါနှင့်၊ သတိနှင့်နေပါ"

ဟူ၍ ပြောဆိုဆုံးမလေ၏၊ ညချမ်းအချိန် ဖခင် ပြန်ရောက်လာသောအခါတွင်-

"အို... ဖခင် သင်၏မယားသည် ယုတ်မာသောအကျင့်ရှိ၏၊ ထိုမယားသည် အကျွန်ုပ်ကို မွေးဖွားသော မိခင်ရင်းမှန်ပါ၏၊ ယုတ်မာသောအကျင့်ရှိဖူးသည့် ဤမိန်းမသည် ယခုအခါ ယဉ်ကျေးသော ဆင်မကဲ့သို့ ဖြစ်လာခဲ့ပါပြီ၊ စိတ်ကောင်းနှလုံးကောင်း ရှိလာပါပြီ၊ အိမ်သို့ပြန်လည်နေထိုင်ခွင့် ပြုပါလော"

ဟူ၍ မိခင်ကို ပြန်လည်နေထိုင်ခွင့်ပြုစေရန် ဖခင်အား တရားချလေ၏။ ဖခင်လည်း သားပညာရှိ၏စကားကို မပယ်ရှားဘဲ မယားဖြစ်သူအား ပြန်လည် လက်ခံလေ၏။ မိခင်သည် လင်ကိုလည်း

http://www.dhammadownload.com



ကောင်း၊ ယောက္ခမကိုလည်းကောင်း ကန်တော့တောင်းပန်လေ၏၊ သား၊ လင်၊ ယောက္ခမတို့ကို ရိုသေစွာ ပြုစုလုပ်ကျွေးလေ၏။ ထိုအခါ ဇနီးနှင့် ခင်ပွန်းတို့လည်း သားပညာရှိ၏ အဆုံးအမခံ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။ ၄င်းတို့လည်း အသက်ထက်ဆုံးနေရပြီးသည့်နောက် သေလွန်သည်ရှိသော် နတ်ပြည်သို့ လားကြလေ၏။

မြတ်စွာဘုရားရှင်သည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏ အဆုံး၌ ဖခင်ကိုလုပ်ကျွေးသော သီတင်းသည် ဒါယကာလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုအခါ အဘ၊ သား၊ ချွေးမတို့သည် ယခုအခါ၌လည်း အဘ၊ သား၊ ချွေးမတို့ ဖြစ်လာကြကုန်၏။ ထိုအခါက သားငယ်ပညာရှိသည်ကား ငါဘုရားရှင်ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com



http://www.dhammadownload.com

# (၄၄၇)
## ဓမ္မပါလဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ဆည်းကပ်ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေစဉ်က ဖြစ်၏။ သုဒ္ဓေါဒန မင်းကြီးသည် ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားရှင်အား နန်းတော်သို့ပင့်ဖိတ်၍ ယာဂု၊ ခဲဘွယ်တို့ကိုကပ်လှူပြီး ဆွမ်းဘုဉ်းမပေးမီ ဝမ်းမြောက်ဝမ်းသာစကား ပြောဆိုလျှောက်ထား၏။

"အရှင်ဘုရား…အရှင်ဘုရားသည် ဒုက္ကရစရိယာကျင့်တော်မူခိုက် နန်းတော်ရှိရာသို့ နတ်တို့ရောက်လာ၍ ကောင်းကင်၌ရပ်ကာ သိဒ္ဓတ္ထမင်းသားအာဟာရပြတ်၍သေကြောင်း ပြောကြားကြကုန်၏။ ထိုအခါ တပည့်တော်သည် နတ်တို့အား-

'ငါ့သားတော်သိဒ္ဓတ္ထမင်းသားမှာ ဗောဓိမဏ္ဍိုင်၌ ဘုရားမဖြစ်မီ သေရခြင်းမည်သည်မရှိ'

ဟုပြောဆို၍ မယုံကြည်ခဲ့ပါဘုရား…"

ထိုအခါ မြတ်စွာဘုရားရှင်က-

http://www.dhammadownload.com



"ခမည်းတော်မင်းကြီး...သင်မင်းကြီးသည် ယခုအခါ၌သာ မယုံကြည်သည်မဟုတ်။ ရှေးအခါကာလ မဟာဓမ္မပါလာပုဏ္ဏားဖြစ်စဉ်က တက္ကသိုလ်ဆရာကြီးသည် သင့်ထံလာ၍ ဆိတ်ရိုးတို့ကိုပြကာ "သင့်သားဓမ္မပါလ သေပြီ"ဟု ပြောသော်လည်း မယုံကြည်ခဲ့..."

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး....လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာသိတိုင်း၌ ဓမ္မပါလဟူသော ရွာတစ်ရွာရှိ၏။ ထိုရွာရှိ ရွာသူရွာသားအလုံးစုံသည် ကုသလကမ္မပထတရားဆယ်ပါးဖြစ်သည့်-

(၁) ပေးကမ်းလှူဒါန်းခြင်း
(၂) သီတင်းဆောက်တည်ခြင်း
(၃) ကမ္မဋ္ဌာန်းတရားစီးဖြန်းခြင်း
(၄) သီလဂုဏ်၊အသက်ဂုဏ်ကြီးသူတို့အားရိုသေခြင်း
(၅) အမှုကြီးငယ်ကိုဆောင်ရွက်ပေးခြင်း
(၆) မိမိပြုသောကောင်းမှုကို တစ်ပါးသူတို့အား အမျှပေးဝေခြင်း
(၇) တစ်ပါးသူကောင်းမှုတွင် ဝမ်းမြောက်ခြင်း
(၈) သူတော်ကောင်းတရားကို နာကြားခြင်း
(၉) သူတော်ကောင်းတရားကို ဟောကြားဆွေးနွေးခြင်း
(၁၀) ဖြောင့်မတ်သောအယူကို ကျင့်သုံးခြင်း

စသည်တို့ကို ကျင့်သုံးဆောက်တည်ကြကုန်၏။ ထိုရွာ၌ မဟာဓမ္မပါလအမည်ရှိပုဏ္ဏားကြီးရှိပြီး၊ ၎င်း၏သားမှာ ဓမ္မပါလသတို့သား ဖြစ်လေ၏။

ထိုဓမ္မပါလသတို့သား အရွယ်ရောက်သည်ရှိသော် ဖခင်ပုဏ္ဏားကြီးသည် အသပြာတစ်ထောင်ပေး၍ အတတ်ပညာများကို

http://www.dhammadownload.com



သင်ယူရန် တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံသို့ စေလွှတ်လိုက်လေ၏။ ဓမ္မပါလသတို့သားသည် ဆရာကြီးထံသို့ရောက်လျှင် အသပြာတစ်ထောင်ကိုကန်တော့၍ ပညာသင်ကြားလေ၏။ ထူးချွန်ထက်မြက်သူဖြစ်၍ တပည့်ငါးရာတို့၏အကြီးအမှူး ဖြစ်လေ၏။

တစ်နေ့သ၌ ဆရာကြီး၏သားအကြီးဆုံးသည် အနာရောဂါ နှိပ်စက်၍ သေလွန်ခဲ့၏။ ဆရာကြီးလည်း ဆွေမျိုးဉာတိတပည့်လုလင်တို့ကို သုသာန်၌ သင်္ဂြိုဟ်စေ၏။ ဆရာကြီးနှင့်တပည့်တို့သည် အဖန်ဖန် ငိုကြွေးကြကုန်၏။ ဓမ္မပါလသတို့သားကား ငိုကြွေးခြင်း မပြုပေ။ သုသာန်မှ ပြန်လာကြသောအခါ တပည့်လုလင်တို့သည်-

"အဆွေတို့...အကျင့်စာရိတ္တနှင့်ပြည့်စုံလျက် နုပျိုငယ်ရွယ်သောသတို့သားဖြစ်ပါလျက် သေလွန်ရရှာ၏။"

ဟု ပြောဆိုကြလေ၏။ ထိုအခါဓမ္မပါလလုလင်လည်း-

"အဆွေတို့...နုပျိုငယ်ရွယ်စဉ်အခါ၌ မသေသင့်။ အဘယ်ကြောင့် သေရမှာနည်း"

ဟူ၍ ပြောဆိုလေ၏။

"အဆွေဓမ္မပါလ...သင်သည် သတ္တဝါမှန်သမျှ သေရမြဲဓမ္မတာကို မသိသလော"

"အဆွေတို့...သတ္တဝါမှန်သမျှ သေရမြဲဖြစ်သည်ကို သိပါ၏။သို့ပါသော်လည်း နုပျိုငယ်ရွယ်စဉ် မသေရပါ။ ကြီးရင့်အိုမင်းမှသာ သေရပါ၏"

"အဆွေဓမ္မပါလ...သို့ဆိုပါက ကြီးရင့်အိုမင်းမှသာ သေရခြင်းမှာ သင်တို့အမျိုးစဉ်ဆက်တိုက်တို့၏ ဓမ္မတာပေလော"

"မှန်လေသည်အဆွေတို့...ငါတို့ အမျိုးစဉ်ဆက်မှာ ငယ်ငယ်ရွယ်ရွယ်နှင့်သေရိုး ထုံးစံမရှိ။ ကြီးရင့်အိုမင်းမှသာ သေရိုးရှိပေ၏"

http://www.dhammadownload.com



လုလင်တပည့်အပေါင်းလည်း ဓမ္မပါလသတို့သားပြောဆိုသောစကားတို့အား ဆရာကြီးထံ ပြောကြားကြလေ၏။ ထိုအခါ ဆရာကြီးလည်း ဓမ္မပါလုလင်ကိုခေါ်၍-

"အမောင်...အမောင်တို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကုန်ဟု ကြားရ၏။ အမှန်ပင်ဖြစ်သလော"

"ဆရာကြီး...ဤစကားသည် အမှန်ဖြစ်ပါ၏"

ထိုအခါ ဆရာကြီးလည်း-

"ဓမ္မပါလလုလင်ကား အံ့ဩဖွယ်စကားကို ဆိုပေ၏။ သူ့စကားမှန်-မမှန် သူ့ဖခင်ထံ ငါသွားရောက်စုံစမ်းမည်။ အကယ်၍ ဟုတ်မှန်သည်ဆိုအံ့။ အသက်ရှည်ကြောင်းဖြစ်သော နည်းလမ်းကောင်းကို ရပေမည်"

ဟူ၍ ကြံစည်လျက်၊ရက်အနည်းငယ်ကြာသည်ရှိသော် ဓမ္မပါလကိုခေါ်၍-

"ချစ်တပည့်...ငါသည် အကြောင်းကိစ္စတစ်ခုဖြင့် ခရီးသွားရမည်ဖြစ်၏။ ငါခရီးသွားနေစဉ် တပည့်အပေါင်းတို့ကို သင်ကြားပို့ချပေးပါလော့"

ဟု မှာကြားပြောဆိုပြီး ဆိတ်အရိုးတို့ကိုအိတ်အတွင်းထည့်ကာ အလုပ်အကျွေးတစ်ယောက်ကိုခေါ်၍ ဓမ္မပါလရွာသို့ ရှေးရှုထွက်ခွာသွားလေ၏။

ဓမ္မပါလရွာသို့ရောက်သည်ရှိသော် ဓမ္မပါလ၏ဖခင်ပုဏ္ဏားကြီးထံသို့ သွားရောက်အကြောင်းကြားစေ၏။ မဟာဓမ္မပါလပုဏ္ဏားကြီးလည်း လျင်မြန်စွာပင် နေအိမ်မှထွက်ကာ ဆရာကြီးအားခရီးဦးကြိုပြု၍ နေအိမ်သို့ပင့်ဆောင်ခေါ်ယူပြီး စားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံလေ၏။ စားသောက်ပြီးသောအခါ-

http://www.dhammadownload.com



"အို…ပုဏ္ဏားကြီး၊ သင်၏သား ဓမ္မပါလကား ပညာရှိ၏။ ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သောပညာတို့ကို တစ်ဖက်ကမ်းခတ်တတ်မြောက်၏။ သို့ပါသော်လည်း မမျှော်လင့်ဘဲ အနာရောဂါ နှိပ်စက်၍ သေလွန်ခဲ့ပေပြီ။

ပုဏ္ဏားကြီး…သင်္ခါရတရားတို့မည်သည် အစဉ်အမြဲမရှိကြကုန်။ ဖြစ်ပြီးလျှင်ပျက်ရမည်သာဖြစ်၏။ စိုးရိမ်ပူဆွေးခြင်း မဖြစ်ပါနှင့်"

ဟူ၍ ပြောဆိုနှစ်သိမ့်လေ၏။ ထိုအခါ မဟာဓမ္မပါလပုဏ္ဏားကြီးသည် လက်ခုပ်လက်ဝါးတီး၍ အားပါးတရ ရယ်မောလေ၏။ ဤတွင် ဆရာကြီးလည်း-

"အို…ပုဏ္ဏားကြီး၊ အဘယ်ကြောင့် ရယ်မောပါသနည်း"

ဟူ၍ တအံ့တဩဖြင့် မေးလေ၏။

"ဆရာကြီး…အကျွန်ုပ်၏သား ဓမ္မပါလကား မသေပါ။ တစ်စုံတစ်ယောက်သောသူ သေခြင်းသာဖြစ်ပါလိမ့်မည်"

"အို…ပုဏ္ဏားကြီး၊ မယုံလျှင်ကြည့်လော့။ ဤအိတ်အတွင်းရှိ အရိုးတို့ကား သင်၏သားဓမ္မပါလ၏အရိုးများပင် ဖြစ်ချေ၏"

ဆရာကြီးလည်း အိတ်ကိုဖွင့်၍ အရိုးတို့ကိုပြလေ၏။

"ဆရာကြီး…ဤအရိုးတို့မှာ အကျွန်ုပ်၏သား ဓမ္မပါလ၏ အရိုးများမဟုတ်။ ဆိတ်ရိုး၊ ခွေးရိုးတို့သာ ဖြစ်ပေလိမ့်မည်။ အကျွန်ုပ်တို့အမျိုး၌ ဆွေစုနစ်ဆက်မျိုးခုနစ်ဆက် လည်သည့်တိုင်အောင် ငယ်ငယ်ရွယ်ရွယ်နှင့် သေလွန်သည့်ထုံးစံ မရှိ။ ဆရာကြီးကား မုသားစကားဆိုပေ၏"

http://www.dhammadownload.com



ဟု ပြောဆိုပြီး ရယ်သွမ်းသွေးလေ၏။ အိမ်သူအိမ်သားများနှင့်ရွာသူရွာသားအပေါင်းတို့မှာလည်း လက်ခုပ်လက်ဝါးတီးကာ ပြင်းစွာ ရယ်မောကြလေ၏။

ဒိသာပါမောက္ခဆရာကြီးလည်း မကြုံစဖူးထူးကဲသောအဖြစ်ကို မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မသေဟုဆိုခြင်းမှာ အကြောင်းမဲ့မဟုတ်။ အကြောင်းဧကန်ရှိရမည်ဟုမှတ်ယူလျက်-

"ပုဏ္ဏားကြီး...သင်၏အသက်ရှည်ကြောင်း အကျင့်ကားအဘယ်နည်း။ မည်သို့သော မြတ်သောအကျင့်ကို ကျင့်ပါသနည်း။ အသက်ရှည်ခြင်း၏အကျိုးသည် မည်သည့်အကြောင်းကြောင့်ပါနည်း။ အဘယ့်ကြောင့် သင်တို့၏အမျိုး၌ ငယ်သူတို့ မသေကြပါသနည်း"

ဟူ၍ အသက်ရှည်ကြောင်း အကျင့်ကို မေးမြန်းလေ၏။ ထိုအခါ မဟာဓမ္မပါလပုဏ္ဏားကြီးကလည်း-

"ဆရာကြီး...အကျွန်ုပ်တို့သည် ဒါန၊သီလစသော ကုသိုလ်ကမ္မပထ တရားဆယ်ပါးကို ကျင့်ကြပါကုန်၏။ မဟုတ်မမှန်သောစကားကို မဆိုကြပါကုန်။ မကောင်းမှုတို့ကို ရှောင်ကြဉ်ကြပါကုန်၏။ အလုံးစုံသော သူယုတ်မာတို့၏အကျင့်ကို ရှောင်ကြဉ်ကြပါကုန်၏။ ထို့ကြောင့် အကျွန်ုပ်တို့၏အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြပါ။

ဆရာကြီး အကျွန်ုပ်တို့သည် သူယုတ်တို့တရား၊ သူတော်ကောင်းတို့တရား နှစ်မျိုးလုံးကို နာကြားကြပါကုန်၏၊ ဤတွင် သူယုတ်တို့၏တရားကို မနှစ်သက်ကြပါကုန်။ သူတော်ကောင်းတို့၏ တရားကိုသာ နှစ်သက်ကြပါ၏၊ သို့ဖြင့်၍ အကျွန်ုပ်တို့အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြပါ။

http://www.dhammadownload.com



ဆရာကြီး အကျွန်ုပ်တို့သည် မလျှုမီ ရှေးအဖို့၌လည်း ဝမ်းမြောက်ကြပါကုန်၏၊ လှူပြီးနောက်အဖို့၌လည်း ဝမ်းမြောက်ကြပါကုန်၏၊ နောက်တစ်ဖန် ပူပန်ခြင်းမရှိကြပါကုန်၊ ထို့ကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြပါ။

ဆရာကြီး အကျွန်ုပ်တို့သည် ရဟန်း၊ ပုဏ္ဏား၊ အရိယာသူတော်ကောင်းတို့ကိုလည်းကောင်း၊ ခရီးသွားတို့ကိုလည်းကောင်း၊ သိချင်းဆို၍ တောင်းသောသူတို့ကိုလည်းကောင်း၊ သူဆင်းရဲတို့ကိုလည်းကောင်း၊ ထမင်း အဖျော်တို့ဖြင့် လုပ်ကျွေးကြပါကုန်၏၊ ထို့ကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြပါ။

ဆရာကြီး အကျွန်ုပ်တို့သည် မိမိ မယားမှတစ်ပါး ဖောက်ပြန်ဖောက်လွဲမရှိကြပါကုန်၊ မယားတို့မှာလည်း မိမိ၏လင်မှတစ်ပါး ဖောက်လွဲဖောက်ပြန် မရှိကြပါကုန်။ သူ့လင်သူ့မယားတို့မှ ရှောင်ကြဉ်၍ မြတ်သောအကျင့်ကို ကျင့်ကြပါကုန်၏။ ထို့ကြောင့် ကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြခြင်း ဖြစ်ပါ၏။

ဆရာကြီး အကျွန်ုပ်တို့သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြပါကုန်၏။ ပိုင်ရှင်မပေးသော သူ့ဉစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြပါကုန်၏။ သေရည်သေရက်တို့ကိုလည်း မသောက်ကြပါကုန်။ မုသားစကားကို မဆိုကြပါ။ ထို့ကြောင့်ပင် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြခြင်း ဖြစ်ပါ၏။

ဆရာကြီး ကောင်းမွန်မြင့်မြတ်သော အကျင့်ရှိသည့် မိဘတို့မှ ပေါက်ဖွားလာသော သားကောင်းသမီးကောင်းတို့သည် ထက်မြက်လျင်မြန်စွာ အခါခပ်သိမ်း သိစွမ်းနိုင်သည့် ပညာတို့ရှိကြကုန်၏။ အကြားအမြင်များကြကုန်၏။ မြဲမြံခိုင်ခန့်သော သီလ စသည့် ဂုဏ်ရှိကြကုန်၏။ ထို့ကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ။

http://www.dhammadownload.com



ဆရာကြီး အကျွန်ုပ်တို့အမျိုး၌ အမိ၊ အဘ၊ အစ်မ၊ နှမ၊ ညီ၊ နောင်၊ သားသမီး၊ မယား အလုံးစုံသောသူတို့သည် တမလွန်ဘဝ၌ အပါယ်လားရမည်မှ ကြောက်သောကြောင့် ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ကြကုန်၏။ ထို့ကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေခြင်းဖြစ်ပါ၏။

ဆရာကြီး အကျွန်ုပ်တို့အမျိုး၌ ကျွန်ယောက်ျား၊ ကျွန်မိန်းမကိုမှီ၍ အသက်မွေးသောသူ၊ အလုပ်အကျွေးအမှုလုပ် အလုံးစုံသောသူတို့သည် တမလွန်ဘဝ၌ အပါယ်လားရမည်မှကြောက်သောကြောင့် ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ကြကုန်၏။ ထို့ကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေခြင်း ဖြစ်ပါ၏။''

ဟူ၍ ဒိသာပါမောက္ခဆရာကြီးအား ငယ်ရွယ်သူတို့မသေခြင်းအကြောင်းဖြစ်သော အမျိုး၏ အကျင့်စာရိတ္တကို ပြောကြားလေ၏။ မဟာဓမ္မပါလပုဏ္ဏားကြီးလည်း ကုသိုလ်ကမ္မပထတရားတို့၏အကျိုးကို ပြောလိုသေးသည့်အတွက်-

''ဆရာကြီး ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည် ကျင့်သောသူကို စောင့်ရှောက်ပေ၏၊ ကောင်းစွာကျင့်အပ်သော ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည် ချမ်းသာသုံးပါးကို ဆောင်တတ်၏၊ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်သောသူသည် အပါယ်သို့ မလားရ။ ဤသို့ အပါယ်မလားရခြင်းသည် ကောင်းစွာကျင့်အပ်သော ကုသိုလ်ကမ္မပထတရားဆယ်ပါး၏ အကျိုးဖြစ်၏၊

ကြီးစွာသောထီးသည် မိုးရွာသောအခါ မိုးစက်မိုးပေါက်ဒဏ်မှ ကာကွယ်သကဲ့သို့ ကုသိုလ်ကမ္မပထ ဆယ်ပါးသည် ကျင့်သောသူကို စင်စစ်စောင့်ရှောက်၏။ မိမိ စောင့်ရှောက်အပ်သောတရားကို စောင့်ရှောက်နေသော သားဓမ္မပါလသည် ချမ်းသာစွာ အသက်ရှည်၏၊

http://www.dhammadownload.com



ဆရာကြီး ဆောင်ယူခဲ့သော အရိုးတို့ကား တစ်ပါးသော သတ္တဝါ၏ အရိုးတို့သာလျှင် ဖြစ်၏''

ဟူ၍ ဆရာကြီးအား ပြောကြားလေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးလည်း ငါ၏လာခြင်းကား အကျိုးကျေးဇူးကြီးမား လှပေ၏ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ။ ထို့နောက် ဓမ္မပါလ၏ဖခင် မဟာဓမ္မပါလပုဏ္ဏားကြီးအား ကန်တော့၍-

''ပုဏ္ဏားကြီး အကျွန်ုပ်၏လာခြင်းကား စုံစမ်းရန်လာခြင်းသာဖြစ်၏၊ ဤအရိုးတို့ကား သင့်သား၏အရိုးတို့မဟုတ်ကုန်၊ သင့်သား ဓမ္မပါလကား အနာရောဂါမရှိ၊ ကျန်းမာပကတိ ချမ်းသာစွာရှိပါ၏၊ အသင်တို့ စောင့်ရှောက်သောတရားကို ပေးပါလော့''

ဟု တောင်းပန်ကာ ရွှေပေလွှာတွင် ရေးမှတ်လေ၏။ ထို့နောက် နှစ်ရက်၊ သုံးရက်မျှနေပြီးနောက် တက္ကသိုလ်ပြည်သို့ ပြန်လေ၏။ ဓမ္မပါလ သတို့သားကိုလည်း အတတ်ပညာ အလုံးစုံကို သင်ကြားပေးပြီးသည့်နောက် ဓမ္မပါလရွာသို့ ပြန်ခွင့်ပေးလိုက်လေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်အဆုံး၌ ခမည်း တော် သုဒ္ဓေါဒနမင်းကြီးလည်း အနာဂါမိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

''ရဟန်းတို့-

ထိုစဉ်အခါက ခမည်းတော် မယ်တော်တို့သည် ယခုအခါ သာကီဝင်မင်းမျိုးများ ဖြစ်လာကြ၏။ ဒိသာပါမောက္ခဆရာကြီး သာရိပုတ္တရာ၊ ဒိသာပါမောက္ခဆရာကြီး၏ တပည့်ပရိသတ်သည် ဘုရားရှင်၏ ပရိသတ်များဖြစ်လာကြပြီး ဓမ္မပါလ သတို့သားသည်ကား ငါဘုရားရှင် ဖြစ်လာ၏''

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၄၈။ ကုက္ကုဋဇာတ်



http://www.dhammadownload.com

# (၄၄၈)
# ကုက္ကုဋဇာတ်

လူ၊ နတ်၊ ပြဟ္မာ သတ္တဝါအပေါင်းတို့ ခသြောင်းပူဇော်ရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ စမွယ် သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား သတ်ဖြတ်ရန်အတွက် လှုံ့လပြုခြင်းကို အကြောင်းရင်းခံလျက် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသောကာလ။

ကောသမ္ဗီပြည်၌ ကောသမ္ဗမင်း မင်းပြုသည်ရှိသော် ဝါးတောတစ်ခု၌ ကြက်မင်းသည် ကြက်အပေါင်းတို့ဖြင့် ခြံရံနေလေ၏။ ထိုဝါးတောနှင့် မနီးမဝေးအရပ်၌ စွန်တစ်ကောင်ရှိ၏။ ထိုစွန်သည် ပရိယာယ်ဆင်လျက် နေ့စဉ်နေ့တိုင်း ကြက်တစ်ကောင်ကျစီ သုတ်ချီစားသောက်လေရာ ကြက်အပေါင်း ကုန်ဆုံး၍ ကြက်မင်းသာလျှင်ကျန်တော့၏။ ကြက်မင်းလည်း သတိကို မလွတ်စေဘဲ ထွက်သင့်သည်အချိန်၌သာ အစာရှာဖွေထွက်လေ့ရှိပြီး ကျန်အချိန်များတွင် ဝါးတော၌သာ နေလေ၏။

စွန်လည်း ကြက်မင်းအား ဖမ်းယူခြင်းငှာ မတတ်နိုင်။ သည့်အတွက် ဥပါယ်တံမျဉ်ဖြင့် ဖမ်းယူစားသောက်ရန် အကြံထုတ်လေ၏။

http://www.dhammadownload.com



ထို့နောက် ကြက်မင်းနှင့် မနီးမဝေးရှိ ဝါးတောမှ အကိုင်းတစ်ကိုင်းတွင် နားလျက်-

"အဆွေကြက်မင်း ငါ့ကို အဘယ့်ကြောင့် ကြောက်သနည်း၊ ငါသည် သင်နှင့် အဆွေခင်ပွန်းဖွဲ့လိုပါ၏၊ ငါ နေထိုင်သောအရပ်၌ အစားအသောက်တို့ အလျှံပယ် ပေါများပါ၏။ ထိုအရပ်၌ ကျင်လည်ကျက်စား၍ အချင်းချင်း ချစ်ချစ်ခင်ခင် နေလိုပါ၏"

ဟူ၍ ပြောလေ၏။ ကြက်မင်းလည်း-

"အချင်း စွန်၊ သင်နှင့်ငါသည်ါ အကျွမ်းဝင်ခြင်းမရှိ သင်သွားပါလော့"

ဟူ၍ တုံ့ပြန်ပြောဆိုလေ၏။

"အဆွေ ကြက်မင်း၊ ငါသည် ရှေးအခါ၌ မကောင်းမှုကို ပြုခဲ့သည်မှာ မှန်ပါ၏၊ သည့်အတွက် အဆွေသည် ငါ့အား မယုံကြည်ခြင်း ဖြစ်လိမ့်မည်၊ ငါသည် ဤယနေ့မှစ၍ မကောင်းမှုကို မပြုတော့ပါ"

"အချင်း စွန်၊ သင့်စကားကို ငါ မယုံကြည်၊ မကောင်းမှုပြုသောသူကို အဆွေခင်ပွန်း မဖွဲ့လို့၊ သင် သွားပါလော့"

ထိုအခါတွင် နတ်အပေါင်းတို့သည် ဝါးတောတစ်ခုလုံးပဲ့တင်ထပ်မျှ ကောင်းချီးထောပနာ ပြုလေ၏၊ ဤတွင် ကြက်မင်းလည်း-

"အို... နတ်အပေါင်းတို့၊ မကောင်းမှုကိုပြုသောသူ၊ မုသားကို ဆိုလေ့ရှိသောသူ၊ မိမိအကျိုးကို အလိုရှိ၍ ဆည်းကပ်ခစားလာသူ၊ မိမိကိုယ်၌ ဂုဏ်ရှိသကဲ့သို့ ပြုသောသူတို့နှင့် အကျွမ်းဝင်ခြင်းငှာ မသင့်-

အို... နတ်အပေါင်းတို့၊ အချို့သောသူတို့သည် ရေဝတ်သောနွားကဲ့သို့ဖြစ်ကုန်လျက် နှုတ်ဖြင့်သာ ပေါင်းဖော်ကြကုန်၏၊ ကိုယ်ဖြင့်

http://www.dhammadownload.com



ကား မပေါင်းဖော်ကြကုန်၊ အဆွေခင်ပွန်းလာဖွဲ့သောသူတို့နှင့် အကျွမ်းမဝင်သင့်-

အို... နတ်အပေါင်းတို့၊ အရှက်အကြောက် အနှစ်သာရကင်း၍ မရှက်မကြောက်သောသူ၊ သူတစ်ပါးပြုဖူးသော ကျေးဇူးကို မသိသောသူတို့နှင့် အကျွမ်းမဝင်သင့်-

အို... နတ်အပေါင်းတို့၊ မုန်းလွယ် ချစ်လွယ်သောသူ၊ ဘေးအန္တရာယ်ကို ပြုတတ်သောသူ၊ သူယုတ်တို့ အမှုကိစ္စ၌ သက်ဝင်သောသူ၊ သတ္တဝါခပ်သိမ်းတို့အား ညှဉ်းဆဲသောသူ၊ အထူးထူးသော အကြောင်းတို့ဖြင့် အခွင့်ကောင်းရှာတတ်သူ၊ ထမင်းခဲဘွယ်နှင့် အခြားသော ဥစ္စာပစ္စည်းများကိုမြင်၍ ပြစ်မှားတတ်သူ၊ အဆွေခင်ပွန်းကို ဖျက်ဆီးသောသူတို့နှင့် အကျွမ်းမဝင်ရာ"

ဟူ၍ ဟောကြားဆုံးမပြီး စွန်ကို ခြောက်လှန့်လေ၏။ စွန်လည်း ကြောက်သဖြင့် ဝေးလံသောအရပ်သို့ ထွက်ပြေးရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုပဗ္ဗေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့ ထိုစဉ်အခါက စွန်သည် ယခုအခါ ဒေဝဒတ်ဖြစ်လာပြီး ကြက်မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

## ၄၄၉။ မဋ္ဌကုဏ္ဍလီဇာတ်



http://www.dhammadownload.com

# (၄၄၉)
# မဋ္ဌကုဏ္ဍလီဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ဦးထိပ်တင်ကာ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်က ဖြစ်၏။

ထိုအချိန်မှာပင် သာဝတ္ထိပြည်ရှိ သူကြွယ်တစ်ဦး၏ အချစ်ဆုံး တစ်ဦးတည်းသောသားသည် ကွယ်လွန်သွားခဲ့၏။ ထိုသူကြွယ်သည် သားသေ၍ သောကနှိပ်စက်သဖြင့် ရေလည်းမချိုး၊ ထမင်းလည်း မစား၊ ပြုဖွယ်အမှုတို့ကို မစီရင်၊ ဘုရားရှင်ထံ ဆည်းကပ်ကိုးကွယ်ခြင်းငှာလည်း မသွားရောက်။

“ငါ၏အချစ်ဆုံးသော သာသည် ငါ့အား ရှေးဦးစွာ စွန့်ခွာ၍ သွားဘိ၏”

ဟုဆိုကာ ငိုကြွေးမြည်တမ်းလေ၏။

ဤတွင် မြတ်စွာဘုရားရှင်လည်း မိုးသောက်ထအခါ သတ္တလောကြီးကို ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော ထိုသောကနှိပ်စက်နေသော သူကြွယ်၏မဂ်ဖိုလ်ရထိုက်သော အဖြစ်ကို မြင်တော်မူလေ၏။ ဆွမ်းခံခြင်း၊ ဆွမ်းစားခြင်းကိစ္စ ပြီးလေသည်ရှိသော် သံဃာတော်တို့ကို လွှတ်လိုက်၍ ညီတော် အာနန္ဒာကိုခေါ်ကာ ထိုသူကြွယ်အိမ်သို့

http://www.dhammadownload.com



ကြွလေ၏။ သူကြွယ်လည်း ဘုရားရှင်အား ရှိခိုးဆည်းကပ်၍ သင့်လျော်လျော်ပတ်သောနေရာ၌ နေလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း-

"ဒါယကာ တမလွန်ဘဝသို့ ပြောင်းသွားသော သားငယ်ကို စိုးရိမ်ပူဆွေးနေသလော"

"အရှင်ဘုရား မှန်ပါ၏"

"ဒါယကာ ရှေးပညာရှိတို့သည် သားသေသည့်အတွက် စိုးရိမ်သောက နှိပ်စက်၍ မြည်တမ်းငိုကြွေးကြကုန်သော်လည်း ပညာရှိတို့၏စကားကို ကြားရသောအခါ တောင့်တ၍မရကောင်းသောအရာဟူ၍သိပြီး အနည်းငယ်မျှပင် စိုးရိမ်ပူဆွေးခြင်း မဖြစ်ကြကုန်"

ဟူ၍ မိန့်ဆိုကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် စည်းစိမ်ဥစ္စာများစွာ ကြွယ်ဝသော ပုဏ္ဏားတစ်ယောက်ရှိလေ၏။ ထိုပုဏ္ဏား၏သားသည် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ အနာရောဂါနှိပ်စက်၍ သေလွန်ပြီးသည်နောက် တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏။

ဖခင် ပုဏ္ဏားကြီးသည် ချစ်လှစွာသောသား သေလွန်သည့်အခါမှစ၍ နေ့စဉ် သုသာန်သို့သွားကာ ပြာပုံကိုလှည့်လည်လျက် ငိုကြွေးမြည်တမ်းလေ၏။ အလုံးစုံသော အမှုကိစ္စတို့ကို စွန့်လွှတ်စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြင့်သာ အချိန်ကုန်လေ၏။

ထိုအခါ သားဖြစ်ဖူးသော နတ်သားသည် လူ့ပြည်သို့ ကြည့်ရှုလတ်သည်ရှိသော် ဖခင်ပုဏ္ဏားကို မြင်လေ၏။

http://www.dhammadownload.com



"ငါသည် တစ်ခုသော ဥပါယ်တံမျဉ်ကိုပြု၍ ဖခင်၏ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းကို ပယ်ဖျောက်အံ့"

ဟု ကြံစည်ကာ လုလင်အသွင် ဖန်ဆင်း၍ တန်ဆာတို့ဆင်ယင်ကာ နေရာတစ်နေရာ၌ရပ်၏။ လက်နှစ်ဖက်ကို ဦးခေါင်းပေါ်၌ တင်ထား၍ သည်းထန်စွာ ငိုကြွေးလေ၏။ ပုဏ္ဏားလည်း ငိုကြွေးသံကိုကြား၍ ကြည့်ရှုရာ လုလင်ကိုမြင်လေ၏။ ဤတွင် သားကဲ့သို့ ချစ်ခင်စိတ် ပေါ်လာကာ မေးမြန်းလေ၏။

"ချစ်သား သင်ကား တန်ဆာတို့ကိုဆင်ယင်၍ တင့်တယ်သောသူ ဖြစ်ပါ၏၊ ယခု လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ထား၍ အဘယ့်ကြောင့် သည်းထန်စွာ ငိုကြွေးနေရပါသနည်း"

"ဖခင် ပုဏ္ဏား၊ အကျွန်ုပ်၌ ရွှေဖြင့်အတိပြီး၍ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသော ရထားအိမ်ရှိပါ၏၊ ထိုရထားအိမ်၌တပ်ရန် လှည်းဘီးအစုံကို မရပါ၊ ထိုသို့မရသည့်အတွက် ဆင်းရဲပင်ပန်းခြင်းဖြစ်ကာ အသက်ကိုပင် စွန့်ရပါတော့မည်"

"အို... ချစ်သား၊ ရွှေဖြင့်ပြီးသော လှည်းဘီး၊ ပတ္တမြားဖြင့်ပြီးသော လှည်းဘီး၊ ကြေးဖြင့်ပြီးသော လှည်းဘီးအစုံကို ရအောင်ပြုလုပ်ပေးပါမည်"

"အို... ဖခင် အကျွန်ုပ်သည် ဖခင်ပုဏ္ဏား ပြောဆိုသည့် လှည်းဘီးအမျိုးအစားတို့ကို အလိုမရှိပါ၊ ကောင်းကင်၌တည်နေကြကုန်သော လမင်းကိုလည်းကောင်း၊ နေမင်းကိုလည်းကောင်း၊ လှည်းဘီးကို ပြုလိုပါ၏၊ နေလှည်းဘီး၊ လလှည်းဘီးတို့ကိုသာလျှင် အကျွန်ုပ်၏ ရွှေအတိပြီးသော လှည်းအိမ်၌ တပ်ဆင်လိုပါ၏"

ထိုစကားကြားရသော် ပုဏ္ဏားကြီးလည်း လုလင်အား အပြစ်တင် ကဲ့ရဲ့လိုသဖြင့်-

http://www.dhammadownload.com



"ချစ်သား သင်သည် မတောင့်တကောင်းသည်ကို တောင့်တ၏၊ စင်စစ် သင်သည် မိုက်မဲလှပေတကား၊ သင် လိုအပ်သော လနှင့်နေတို့ကို သေသည့်တိုင် ရနိုင်လိမ့်မည်မဟုတ်"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ လုလင်လည်း-

"ဖခင် လနှင့်နေတို့၏ အဆင်းသဏ္ဌာန်သည် ထင်ရှား၏၊ ထွက်ရာ ဝင်ရာလည်း တိကျ၏၊ ဤကောင်းကင်၌ လနှင့်နေ နှစ်ပါး တို့သွားသော ခရီးလမ်းသည် ထင်ရှား၏၊ တမလွန်ဘဝသို့သွားသော သူသည်ကား မထင်ရှားသည်သာတည်း။ ငိုကြွေးသောသူနှစ်ယောက် တို့တွင် အဘယ်သူသည် သာလွန်၍ မိုက်သနည်း"

ဟူ၍ မေးမြန်းကာ သတိပေးလေ၏။ ပုဏ္ဏားကြီးလည်း လုလင် ပြောဆိုသော စကားကြောင့် သတိတရားရရှိလာပြီ ဝမ်း မြောက်ဝမ်းသာဖြစ်ကာ-

"ချစ်သား၊ သင်သည် မှန်သောစကားကို ဆိုဘိ၏၊ သင် သည် ငိုကြွေးလျက် လနှင့်နေတို့ကို တောင့်တသကဲ့သို့၊ ငါသည် လည်း သေလွန်ပြီးသောသားကို ငိုကြွေးတောင့်တဘိ၏၊ ထိုသောသူ နှစ်ယောက်တို့တွင် ငါသည်သာ အလွန်မိုက်မဲ၏"

ဟူ၍ မိမိအပြစ်ကို ဝန်ခံလေ၏၊ တစ်ဖန် ဆက်လက်၍-

"ချစ်သား၊ ထောပတ်ဖြင့်သွန်းလောင်းအပ်သော မီးကို ရေ ဖြင့်ငြိမ်းစေသကဲ့သို့ ရဲရဲတောက် သောကမီးတို့လောင်ကျွမ်းနေသော ငါ့အား ငြိမ်းစေခဲ့ပြီ၊ အလုံးစုံသော စိတ်၏ပူပန်ခြင်းကို ငြိမ်းအေးစေ ခဲ့ပြီ-

ချစ်သား၊ ငါသည် သားသေလွန်သဖြင့် စိုးရိမ်သောကတို့ ကျရောက်ခဲ့ရ၏၊ ယခုမူ စိုးရိမ်သောကတို့အား သင် နှုတ်ပယ်သဖြင့်

http://www.dhammadownload.com



လုံးဝ ကင်းရှင်းသွားပေပြီ၊ စိတ်တို့မှာလည်း နောက်ကျိခြင်းတို့မရှိတော့၊ ယခုအချိန်မှစ၍ ပူဆွေးငိုကြွေး မြည်တမ်းခြင်းတို့ မရှိတော့ပါ"

ဟူ၍ လုလင်အား ချီးကျူးကာ ဝန်ခံလေ၏၊ ထိုအခါ လုလင်လည်း-

"ဖခင်ပုဏ္ဏား သင်ကား သားအတွက်ဖြင့် ငိုကြွေးဘိ၏၊ ဖခင်၏ သေလွန်ခဲ့သောသားမှာ အခြားမဟုတ်၊ အကျွန်ုပ်ပင် ဖြစ်ပါ၏၊ အကျွန်ုပ်ကား လူ့ဘဝ၌ အကုသိုလ်ကင်းစင်သဖြင့် နတ်ပြည်သို့ လားရောက်ရ၏၊

ဖခင်သည်လည်း စိုးရိမ်သောကမရှိဘဲ အလှူကိုပေးပါလော့၊ သီလကို ဆောက်တည်ပါလော့၊ ဥပုသ်ကို စောင့်ပါလော့"

ဟူ၍ အဆုံးအမ ပေးပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

ပုဏ္ဏားလည်း သားဖြစ်ခဲ့ဖူးသော နတ်သား၏အဆုံးအမ၌ တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလေ၏။ သေလွန်သည်ရှိသော် နတ်ပြည်သို့ပင် လားရလေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သားသေလွန်သဖြင့် ပူဆွေးသော သူကြွယ်သည် တရားရကာ သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်-

"အချင်းသူကြွယ်-

ထိုအခါက နတ်သားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း"

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၀။ ဗိလာရကောသိယဇာတ်



http://www.dhammadownload.com

# (၄၅၀)
# ဗိလာရကောသိယဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရဟန်းတစ်ပါးသည် ရဟန်းပြုသည့်ကာလမှစတင်၍ အလှူပေးလေ့ရှိ၏။ အလှူပေးခြင်း၌ မွေ့လျော်၏။ သပိတ်တွင်းရှိ ဆွမ်းကိုပင် မလှူဘဲနှင့် စားလေ့မရှိ၊ ရေကိုပင်လျှင် သူတစ်ပါးအား မလှူရသေးဘဲနှင့် မသောက်။ ဤသို့ လှူဒါန်းခြင်းအမှုကိစ္စ၌ အလွန်မွေ့လျော်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စကားစပ်မိသည့်အခါ ထိုရဟန်းအကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားရှင်ကြွတော်မူလာပြီး အကြောင်းစုံကို သိရှိတော်မူလေသော်-

"ရဟန်းတို့ ရှေးအခါ၌ ဤရဟန်းသည် သဒ္ဓါတရားမရှိ၊ အလှူခံတို့ကိုမြင်၍ ကြည်ညိုခြင်းမရှိ၊ မြက်ဖျားတွင်ကပ်ငြိသော ဆီပေါက်ကလေးကိုမျှပင် သူတစ်ပါးအား ပေးလှူခြင်းမရှိ၊ ထိုသူဌေးကို ငါ ဆုံးမ၍ အလှူကို လှူစေခဲ့ဖူးပြီ"

http://www.dhammadownload.com



ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဖခင်သေလွန်သဖြင့် သူဌေးရာထူးရရှိသော သူဌေးတစ်ဦး ရှိလေ၏။ ထိုသူဌေးလည်း တစ်နေ့တွင်-

"ငါ၏ ဥစ္စာပစ္စည်းများစွာ ရှိ၏။ ငါသည် အလှူကြီးပေးပါအံ့"

ဟု ကြံစည်လျက် အလှူတင်းကုပ်ဆောက်ကာ အသက်ထက်ဆုံး ပေးလှူ၏။ သားဖြစ်သူကိုလည်း အလှူဝတ်ကို မပျက်စေရန် အမြဲပင် မှာကြားဆုံးမ၏၊ သို့ဖြင့် အသက်ထက်ဆုံးနေထိုင်ပြီး သေလွန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေ၏။

ဤတွင် ကျန်ရစ်သော သူဌေးသားလည်း အလှူဝတ်ကို မဖျက်ဘဲ ဆက်လက် လုပ်ဆောင်ခဲ့လေရာ သေလွန်သည်ရှိသော် 'စန္ဒနတ်သား' ဖြစ်လာလေ၏။ ထိုသူဌေး၏သားသည် 'သူရိယနတ်သား' ဖြစ်လာ၏။ ထိုသူဌေး၏သားသည် မာတလိနတ်သား ဖြစ်လာ၏။ ထိုသူဌေး၏သားသည် 'ပဉ္စသီခနတ်သား' ဖြစ်လာ၏ ဤသို့ အစဉ်အတိုင်း ဖြစ်လာခဲ့ရာ ခြောက်ယောက်မြောက်သော သူဌေးသားဖြစ်သော 'ဗိလာရကောသိယ'သည် သဒ္ဓါတရားမရှိ၊ အလှူခံတို့အား ချစ်ခင်မြတ်နိုးခြင်းမရှိ၊ စိတ်ခက်ထန်၏၊ ဝန်လိုစိတ်ရှိ၏၊ အလှူတင်းကုပ်တို့ကို မီးရှို့ပစ်ပြီး အလှူခံလာကြသူတို့ကိုလည်း ရိုက်ပုတ်နှင်ထုတ်စေ၏။

ထိုအခါ သိကြားမင်းလည်း မိမိ၏ ရှေးကောင်းမှုကံကို ကြည့်ရှုလတ်သည်ရှိသော်-

http://www.dhammadownload.com



"ငါ၏သားအဆက်ဆက်တို့ကား စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သား၊ ပဉ္စသီခနတ်သား အစရှိသဖြင့် ကောင်းမွန်သော ဘဝသို့ ဖြစ်လာခဲ့ကြ၏။ ခြောက်ယောက်မျှဖြစ်သော သူဌေး ဗိလာရ ကောသိယသည်ကား အနွယ်အဆက်ကို ဖြတ်တောက်၏။ သည့် အတွက် ၎င်းအား ဆုံးမပြီး အလှူ၏အကျိုးကို သိစေရမည်"

ဟု ကြံစည်ကာ စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သား၊ ပဉ္စသီခနတ်သားတို့ကိုခေါ်၍ ထိုအကြောင်းကို ပြောကြားပြီးလျှင် ထိုသူဌေးသားအား ဆုံးမရန်အတွက် နတ်သားလေးပါးနှင့်တကွ ဗာရာဏသီပြည်သို့ သွားကြလေ၏။

ထိုခဏ၌ ဗိလာရကောသိယသူဌေးသားလည်း မင်းကြီးအား ခစားရန်အတွက် ခုနစ်ခုမြောက် တံခါးမုခ်သို့သွားရောက်၍ ခရီးလမ်းမကိုကြည့်ရှုကာ သွားလေ၏။ သိကြားမင်းလည်း-

"ငါ ဝင်ပြီးမှ အစဉ်အတိုင်း လိုက်ခဲ့ကြ"

ဟူ၍ ပုဏ္ဏားအသွင်ဖန်ဆင်းကာ သူဌေးသား၏ရှေ့မှောက်၌ ရပ်လေ၏။

"အို... သူဌေးကြီး၊ ငါ့အား စားဖွယ်ထမင်းတို့ကို ပေးပါလော့"

"ပုဏ္ဏား ငါ၏အိမ်၌ သင့်ကိုပေးဖို့ရာ မည်သည့် စားဖွယ်ထမင်းတို့ မရှိ၊ အခြားသောအိမ်များသို့ သွားရောက်ကာ တောင်းခံပါလော့"

"အို... သူဌေးကြီး၊ ပုဏ္ဏားတို့ စားဖွယ်ထမင်းကိုတောင်းခံပါက ကေန်မုချ ပေးလှူရပါမည်"

"ပုဏ္ဏား ငါ့အိမ်၌ ချက်ပြီးသောထမင်း၊ ချက်တော့မည့် ထမင်းတို့ မရှိပါ၊ အခြားအိမ်သို့ သွားရောက်တောင်းခံပါလော့"

http://www.dhammadownload.com



"အို... သူဌေးကြီး ငါသည် ချီးမွမ်းဖွယ်ကောင်းသော ဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါမည်၊ နားထောင်ပါလော့"

"အသင်ပုဏ္ဏား၊ ငါသည် မည်သည့်ဂါထာသံကိုမျှ မကြား လို၊ မရွတ်ပါနှင့်"

ဟူ၍ ပြောဆိုလေ၏။ သိကြားမင်းဖြစ်သော ပုဏ္ဏားလည်း သူဌေးပြော စကားကို မကြားဟန်ပြုလေ၏။ ထိုအခါ-

"အို... သူဌေးကြီး သူတော်ကောင်းတို့သည် မချက်မပြုတ် ရသော်လည်း ဆွမ်းခံ၍ရသော ထမင်းကိုပင် လှူလိုကြကုန်၏၊ သင် ကား ချက်ပြုရပါလျက် အဘယ့်ကြောင့် မလှူသနည်း၊ မလှူခြင်းသည် မလျော်ကပ်ပေ-

အို... သူဌေးကြီး၊ အလှူမည်သည်ကို ဝန်တိုခြင်းကြောင့် လည်းကောင်း၊ မေ့လျော့ခြင်းကြောင့်လည်းကောင်း၊ ဤအကုသိုလ် တရားနှစ်ပါးကြောင့် မလှူ၊ အလှူ၏အကျိုးကို လိုလားတောင့်တသူ ပညာရှိသည် လှူအပ်သည်သာတည်း"

ဟူသော ဂါထာကို ရွတ်ဆိုကာ တရားဟောလေ၏။ သိကြားမင်းလည်း ထိုတရားစကားကိုကြားရပြီးသည့်နောက် ပြော ဆိုလေ၏။

"ကောင်းပေပြီ ပုဏ္ဏားကြီး၊ အိမ်ထဲသို့ဝင်ပါ၊ ထမင်းအနည်း ငယ် ရပါလိမ့်မည်"

သိကြားမင်းလည်း အိမ်တွင်းသို့ဝင်ပြီး ဂါထာကိုသာရွတ်ဆို ၍နေလေ၏။ ထို့နောက် စန္ဒနတ်သားလည်း ပုဏ္ဏားယောင်ဆောင်၍ သူဌေးသားထံရောက်လာကာ-

"အို... သူဌေးကြီး အကျွန်ုပ်အား စားဖွယ်ထမင်းတို့ကို ပေးပါလော့"

http://www.dhammadownload.com



ဟု တောင်းခံလေ၏၊ ဤတွင်-

"ပုဏ္ဏား သင့်ကိုပေးရန် မည်သည့် စားဖွယ်ထမင်းတို့မျှ မရှိ၊ သွားလော့"

ဟူ၍ ပြောဆိုနှင်ထုတ်လေ၏။

"သူဌေးကြီး သင်၏အိမ်တွင်း၌ ပုဏ္ဏားတစ်ယောက်ရှိသည် မဟုတ်လော၊ ကေန္တ ဆွမ်းကျွေးတော့မည် ထင်ပါ၏-

အို... သူဌေးကြီး ဝန်တိုသောသူသည် ဝတ်မွတ်ခြင်း၊ ဆာလောင်ခြင်းဘေးတို့မှ ကြောင့်ကြသဖြင့်သာ မလှူ၊ ထိုဝတ်မွတ်ခြင်း၊ ဆာလောင်ခြင်းဘေးတို့သည်လည်း မလှူသောသူကိုသာလျှင် နှိပ်စက်ဘိ၏၊ ဝန်တိုသောသူသည် ဝတ်မွတ်ခြင်း၊ ဆာလောင်ခြင်းဘေးမှ ကြောက်၏၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက၌ ဝတ်မွတ်ခြင်း၊ ဆာလောင်ခြင်းဘေးတို့သည် ဝန်ဆိုသောသူကိုသာ နှိပ်စက်ဘိ၏၊ ထို့ကြောင့် ဝန်ဆိုခြင်းမစ္ဆေရကို ပယ်ဖျောက်၍ မစ္ဆေရဟူသော အညစ်အကြေးကို နှိမ်နင်း၍ပေးလှူပါ၊ ကောင်းမှုတို့ကား တမလွန်လောက အဆက်ဆက်၌ သတ္တဝါတို့၏ ဆောက်တည်ရာဖြစ်ကုန်၏"

ဟူ၍ တရားဟောလေ၏။ သူဌေးကြီးလည်း စန္ဒနတ်သား၏ စကားကိုကြားပြန်လျှင်-

"ကောင်းပြီ၊ အိမ်တွင်းသို့ဝင်ပါလော့၊ စားဖွယ်ထမင်း အနည်းငယ်ရမည်"

ဟု ပြောဆိုလေသော် စန္ဒနတ်သားလည်း ပုဏ္ဏားအသွင်ဖြင့်ပင် အိမ်တွင်းသို့ ဝင်သွားပြီး သိကြားမင်း၏နံဘေး၌နေလေ၏။ ထို့နောက် သူရိယနတ်သားလည်း ပုဏ္ဏားအသွင်ဖြင့် လာရောက်ကာ ထမင်းတောင်းရမ်းပြီးလျှင်-

"အို... သူဌေးကြီး၊ သူယုတ်မာတို့သည် လှူနိုင်ခဲသော အလှူဒါနအား ပေးလှူသည့်၊ ပြုနိုင်ခဲ့သောကောင်းမှုကို ပြုကုန်သည့်

http://www.dhammadownload.com



သူတော်ကောင်းတို့၏အတုအား လိုက်လံ မတုပကြကုန်၊ သူတော်ကောင်းတို့၏အကျင့်ကို သူယုတ်မာတို့သည် ကျင့်နိုင်ခဲ့ပေ၏။

ထို့ကြောင့် ဤပစ္စုပ္ပန်ဘဝမှ သေလွန်သည်ရှိသော် သူတော်ကောင်းတို့လားရာဂတိနှင့် သူယုတ်မာတို့လားရာဂတိသည် ထူးခြားလှ၏။ သူယုတ်မာတို့ကား ငရဲသို့လားရ၍ သူတော်ကောင်းတို့ကား နတ်ပြည်သို့ လားရ၏"

ဟု တရားဟောပြန်၏။ သူရိယနတ်သားကိုလည်း သူဌေးသည် အိမ်တွင်းသို့ ပင့်ဖိတ်ပြန်လေ၏။ သူရိယနတ်သား အိမ်တွင်းသို့ ဝင်သွားသည်ရှိသော် မာတလိနတ်သားသည် ပုဏ္ဏားအသွင်ဖြင့် ရောက်ရှိလာပြီး ထမင်းကို တောင်းခံ၏။ မရသည်ရှိသော်-

"အို... သူဌေးကြီး၊ အချို့သော ပညာရှိတို့သည် အနည်းငယ်သော အလှူဝတ္ထုကိုလည်း လှူကြကုန်၏၊ အချို့သောဝန်တိုသူတို့သည် အလှူဝတ္ထုများစွာတို့နှင့် ပြည့်စုံပါလျက်လည်း မလှူကြကုန်၊ ကံကံ၏အကျိုးကို ယုံကြည်၍ အနည်းငယ်မျှ လှူအပ်သော အလှူဒါနကို အသပြာတစ်ထောင်စွန့်၍ လှူအပ်သော အလှူဒါနနှင့်အတူအမျှ နှိုင်းယှဉ်အပ်၏"

ဟူ၍ တရားဟောပြန်၏။ သူဌေးကြီးလည်း ထုံးစံအတိုင်း မာတလိနတ်သားအား အိမ်တွင်းသို့ဝင်စေ၏။ ထို့နောက် ပဉ္စသီခနတ်သားလည်း ပုဏ္ဏားယောင်ဆောင်၍ ရောက်ရှိလာပြန်၏။ ထမင်းစားဖွယ်တို့ကိုတောင်းပြီးလျှင်-

"အို... သူဌေးကြီး၊ တရားကိုကျင့်သောရဟန်းသည် တရားနှင့်အညီ ရှာမှီးခြင်းဟူသော ဆွမ်းခံအကျင့်ကိုသာ ကျင့်ရာ၏။ သားမယားကို ကျွေးမွေးသောသူသည် အလှူဝတ္ထုအနည်းငယ်ပင်ရှိသော်လည်း လှူဒါန်း၍သာ တရားကိုကျင့်ရာ၏၊ သူတစ်ပါးတို့ကို

http://www.dhammadownload.com



နှိပ်စက်၍ရသော ဥစ္စာတစ်ထောင်၊ တစ်ထောင်ကိုစွန့်လှူသောသူ တစ်သိန်းတို့၏ အလှူတို့သည် တရားသဖြင့်ရသော သူဆင်းရဲ၏အလှူကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှ မမီနိုင်ကုန်''

ဟူ၍ အလှူ၏အကျိုးတရားကို ဟောကြားလေ၏။ ထိုအခါ သူဌေးကြီးသည် ပုဏ္ဏားပြောကြားသော စကားအဓိပ္ပာယ်ကို နားမလည်၍-

''အို… ပုဏ္ဏား၊ ဥစ္စာတစ်သိန်းကို စွန့်လှူအပ်သောအလှူသည် အဖိုးများစွာ ထိုက်သောကြောင့် အကျိုးများစွာရသင့်ပါလျက် ထိုအလှူသည် အဘယ်ကြောင့် တရားသဖြင့် ရသော ဥစ္စာအနည်းငယ်အား စွန့်လှူအပ်သောအလှူကို မမီနိုင်ရသနည်း''

''အို… ပုဏ္ဏား၊ သူတစ်ပါးတို့ကိုနှိပ်စက်၍ရသော ဥစ္စာတစ်ထောင်၊ တစ်ထောင်ကိုစွန့်လှူသောသူ တစ်သိန်း၏ အလှူတို့သည် အနည်းငယ်လှူအပ်သော သူဆင်းရဲ၏အလှူကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှ မီနိုင်ခြင်းမရှိ ဖြစ်ရလေသနည်း''

ထိုသို့ မေးလာသည်ရှိသော် ပဉ္စသိခနတ်သားလည်း ပုဏ္ဏားအသွင်ဖြင့်ပင် သူဌေးကြီးအား ဒါနအကျိုး၏ ထူးဆန်းစွာပေးပုံကို ပြောပြလေ၏။

''အို… သူဌေးကြီး၊ မညီမညွတ်သော ကာယကံ စသည် ၌တည်သော အချို့သူတို့သည် သူတစ်ပါးတို့ကို ပင်ပန်းစေ၍လည်းကောင်း၊ သတ်ဖြတ်ညှဉ်းဆဲစေ၍လည်းကောင်း၊ စိုးရိမ်ပူပန်စေ၍လည်းကောင်း၊ လှူဒါန်းကြကုန်၏။ မျက်ရည်ကျစေလျက် ဒဏ်ပေးခြင်းနှင့်တကွဖြစ်၍ တရားနှင့်မညီသော ထိုအလှူသည် တရားနှင့်ညီသော အနည်းငယ်မျှ အလှူကို မမီနိုင်-

အို… သူဌေးကြီး ဤသို့လျှင် သူတစ်ပါးတို့ကို နှိပ်စက်၍ရလာသော တစ်သိမ်းတန်အလှူသည် အနည်းငယ်မျှ သန့်စင်စွာလှူ

http://www.dhammadownload.com



အပ်သော သူဆင်းရဲ၏အလှူကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှပင် မမီနိုင်ပေ''

ဟူ၍ အဓိပ္ပာယ်ကို ရှင်းလင်းစွာ ဖြေဆိုလေ၏။ ထိုအခါ သူဌေးကြီးလည်း ပဥ္စသီခနတ်သားကိုလည်း အိမ်တွင်းသို့ ဝင်စေပြန်၏။ ဤသို့လျှင် သိကြားမင်းနှင့်တကွ လေးပါးသော နတ်သားတို့လည်း သူဌေးကြီး၏အိမ်တွင်း၌ စုမိကြလေ၏။ ထိုအခါ ဗိလာရကောသိယသူဌေးကြီးသည် ကျွန်မတစ်ယောက်အား ခေါ်၏။ ပြီးလျှင် ပုဏ္ဏားတို့အား တစ်ကွမ်းစားမျှသော စပါးနှံတို့ကိုပေးရန် စေခိုင်းလေ၏။ ကျွန်မလည်း စေခိုင်းသည့်အတိုင်း ပြုလုပ်၏။ သို့ရာတွင် ပုဏ္ဏားတို့ကား အလှူမခံကြကုန်။ အဖန်ဖန် ပေးစေသော်လည်း အလှူမခံကြ။ သည့်အတွက် နွားစားရန် ချက်ထားသော ထမင်းတို့ကို ပေးစေပြန်၏။ ကျွန်မလည်း နွားစားရန်ချက်ထားသော ထမင်းတို့ကို ခူးခပ်ကာ ပုဏ္ဏားတို့အား ပေးလေ၏။

ဤတွင် ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းနှင့်တကွ နတ်လေးပါးတို့သည် နွားစာ ထမင်းကို အသီးသီးဆုပ်၍ ခံတွင်းသို့ ထည့်ကာ လည်ချောင်းတို့ကိုနင်စေလျက် မျက်ဖြူလန်ကြကုန်၏။ နေရာတွင်ပင် သူသေကဲ့သို့ လဲလျောင်းကာ မိန်းမောကြကုန်၏။ ကျွန်မလည်း ပုဏ္ဏားတို့၏ အဖြစ်ကိုမြင်လျှင် သေပြီထင်မှတ်၍ အကြောက်ကြောက်အလန့်လန့်ဖြင့် သူဌေးကြီးထံသွားကာ-

''အရှင် ပုဏ္ဏားတို့သည် နွားထမင်းနင်ကာ သေကုန်ကြပေပြီ''

ဟူ၍ ပြောကြားလေ၏။ ထိုအခါ သူဌေးကြီးလည်း-

''ယခုအခါ ယုတ်မာသော သူဌေးသည် နွားစာထမင်းကို ကျွေးသဖြင့် ပုဏ္ဏားတို့သည် မမျိုနိုင်ဖြစ်ကာ လည်ချောင်းနင်ပြီး သေကြရကုန်၏၊ မုချ ကဲ့ရဲ့ကြပေလိမ့်မည်''

http://www.dhammadownload.com



ဟူ၍ ကြံစည်ကာ ကျွန်မ ဖြစ်သူအား နွားစာထမင်းကို ပယ်စွန့်စေပြီးလျှင် မွန်မြတ်၍ အရသာရှိသော သလေးစပါးအား အစားထိုးထားစေ၏။ ထို့နောက် သူဌေးကြီးလည်း ခရီးလမ်း၌ သွားသောသူတို့ကိုခေါ်၍ စည်းဝေးစေပြီးလျှင်-

"အချင်းတို့ ကြည့်ရှုကြပါကုန်၊ ငါ စားသည့်အတိုင်း မွန်မြတ်သော သလေးထမင်းတို့ကိုပေးပါ၊ ကျွေးပါလျက် လောဘတကြီး ထမင်းလုတ်ကြီး ခံတွင်းထဲထည့် မျိုသဖြင့် လည်ချောင်းနင်ကာ သေကြကုန်၏၊ လောဘရမ္မက်ကြီးသောအဖြစ်ကိုကြည့်၍ သံဝေဂယူကြကုန်လော့၊ သင်းတို့သေခြင်းသည် ငါ၏အပြစ်မဟုတ်"

ဟု ပုဏ္ဏားတို့ကို ညွှန်ပြကာ မိမိကိုယ်ကိုမိမိ ကာကွယ်လေ၏။ ထိုအခါတွင် ပုဏ္ဏားတို့လည်း လဲလျောင်းနေရာမှ ထကုန်၍-

"အို... လူအပေါင်းတို့ နားထောင်ကြကုန်လော့၊ ဤသူဌေးကြီးကား မဟုတ်မမှန်သောစကားကို ဆိုဘိ၏၊ ရှေးဦးစွာ ငါတို့အား ပေးသည်မှာ နွားစားရန် ချက်ထားသော ထမင်းဖြစ်၏၊ ငါတို့ သေဟန်ဆောင်နေကြချိန်၌ သလေးထမင်းတို့နှင့် လဲလှယ်ထား၏"

ဟု ပြောဆိုလျက် စားပြီးသား ထမင်းတို့ကို အန်ထုတ်ကာ မြေ၌ထွေး၍ ပြကြကုန်၏၊ ထိုအခါ လူအပေါင်းတို့သည်-

"ဟယ်... သူဌေးမိုက်၊ သင်သည် လှူဒါန်းမြဲ အနွယ်အဆက်ကို ဖျက်ဆီးဘိ၏၊ အလှူတင်းကုပ်တို့ကို မီးတိုက်စေခဲ့၏၊ အလှူခံတို့ကိုလည်း ရိုက်ပုတ်ကာ လည်ကိုကိုင်၍ နှင်ထုတ်စေခဲ့၏၊ နူးညံ့သော ပုဏ္ဏားတို့ကိုလည်း ကြမ်းတမ်းသော နွားစာထမင်းကို ပေးဘိ၏၊ သင့်အိမ်၌ရှိသော ဥစ္စာတို့သည် လည်ပင်း၌ဆွဲ၍ သွားရမည်လော့"

http://www.dhammadownload.com



ဟူ၍ ပြောဆိုကဲ့ရဲ့လျက် ပြစ်တင်ရှုတ်ချကြကုန်၏၊ ထိုခဏ၌ သိကြားမင်းသည်-

"အချင်းတို့ ဤအိမ်၌ရှိသော ဥစ္စာတို့သည် မည်သည့်ဥစ္စာနည်း၊ သိကြပါသလော"

"အရှင်တို့ အကျွန်ုပ်တို့ မသိကြပါကုန်"

"အချင်းတို့ ဤမြို့ဝယ် ဤမည်သည် မင်းလက်ထက်က မဟာသူဌေးကြီးသည် အလှူတင်းကုပ်ကိုဆောက်၍ အလှူကြီးပေးခဲ့သည်ကိုမူ ကြားဖူးကြပါသလော"

"အရှင်တို့ ကြားဖူးကြပါ၏"

"အချင်းတို့ ထိုအလှူကြီးကို ပေးလှူသောသူဌေးကြီးကား ငါပင်ဖြစ်၏၊ ငါကား အလှူကြီးကို ပေးလှူသဖြင့် သိကြားမင်းဖြစ်ရ၏၊ ငါ၏ သားမြေးအဆက်ဆက်တို့ကား စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သား၊ ပဉ္စသီခနတ်သားတို့ ဖြစ်ကြရကုန်၏"

ဟု ပြောဆိုကာ အသီးသီး သိကြားမင်းအသွင်နှင့် နတ်သားအသွင်တို့ကို အသီးသီး ပြကြလေ၏။

"အချင်းတို့ ဤနတ်ကား ပဉ္စသီခနတ်မင်းဖြစ်ပြီး သူဌေးယုတ် ဗိလာရကောသိယ၏ ဖခင်ဖြစ်ခဲ့ပေ၏၊ သို့ဖြစ်၍ အလှူတို့မည်သည် အကျိုးရှိ၏၊ ပညာရှိတို့သည် လှူဒါန်းကြကုန်၏"

ဟု ကောင်းကင်သို့တက်စဉ် ပြောကြားလေ၏။ ထို့နောက် သိကြားမင်းလည်း ကောင်းကင်ထက်မှနေ၍-

"လူအပေါင်းတို့၊ ဤသူဌေးယုတ်ကား အနွယ်အဆက်မှ ဆင်းသက်လာသောအလှူကို ဖျက်ဆီး၍ အလှူခံတို့ကို နှင်ထုတ်သည့်အတွက် ငရဲသို့ကျရမည်ကို သနား၍ ငါတို့လာရခြင်းဖြစ်၏"

http://www.dhammadownload.com



ဟု ပြောဆိုလေ၏။ ဗိလာရကောသိယသူဌေးကြီးလည်း သိကြားမင်း၏စကားကိုကြားရလျှင် သတိတရားရကာ လက်နှစ်ဖက်ကို ဦးထိပ်ထက်တင်ပြီး-

“အရှင်သိကြားမင်း အကျွန်ုပ်သည် ယနေ့မှစ၍ အနွယ်အဆက်မှ ဆင်းသက်လာသော အလှူဝတ်ကို ဆက်၍ပေးပါအံ့၊ အယုတ်သဖြင့် ရေတံပူကို အစပြု၍ ပေးလှူပါအံ့”

ဟူ၍ ဝန်ခံလေ၏။ သိကြားမင်းလည်း ဗိလာရကောသိယသူဌေးကို ဆုံးမ၍ ငါးပါးသီလ၌တည်စေပြီးလျှင် နတ်သားလေးယောက်နှင့်တကွ မိမိတို့နေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။ သူဌေးလည်း အသက်ထက်ဆုံး အလှူပေး၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်သို့ လားရလေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

“ရဟန်းတို့-

ထိုအခါက ဗိလာရကောသိယသူဌေးသည် ယခုအခါ အလှူပေးလှူသော ရဟန်းဖြစ်လာရ၏၊ စန္ဒနတ်သားသည် သာရိပုတ္တရာ၊ သူရိယနတ်သားသည် မောဂ္ဂလာန်၊ ထမာတလိနတ်သားသည် ကဿပ၊ ပဉ္စသိခနတ်သားသည် အာနန္ဒာတို့ဖြစ်လာကြပြီး သိကြားမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသည်။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၁။ စက္ကဝါကဇာတ်



http://www.dhammadownload.com

# (၄၅၁)
# စက္ကဝါကဇာတ်

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အပေါ် မဟာကရုဏာတော်ကြီးစွာထားလေ့ရှိသည့် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးတော်မူစဉ်အခါက ကျောင်း၊ ဆေး၊ ဆွမ်း၊ သင်္ကန်း အစရှိသော ပစ္စည်းလေးပါးအပေါ်၌ လျှပ်ပေါ်လော်လည်သော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းကိုပင် အကြောင်းပြု၍ မြတ်စွာဘုရားရှင်သည် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသည်။

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် လောဘကြီးသော ကျီးတစ်ကောင်ရှိ၏။

ထိုကျီးသည် ဗာရာဏသီမြို့အနီး၌ ဆင်သေကောင်ပုပ်စသည်တို့ကို စားသောက်ရသော်လည်း မရောင့်ရဲနိုင်။ တောအရပ်သို့ ရောက်ပြန်သောအခါ၌လည်း သစ်သီးကြီးငယ်တို့ဖြင့် မတင်းတိမ်။ သို့ဖြင့် ဂင်္ဂါမြစ်အနားသို့ ပျံသန်းသွားသောအခါ စက္ကဝက်ငှက်တို့ကို မြင်လေ၏။ ထိုအခါ-

http://www.dhammadownload.com



"ဤငှက်တို့ကား အလွန် တင့်တယ်ကုန်၏၊ ဤငှက်တို့ စားသောက်သော အစာတို့ကို စားသောက်လျှင် ဤငှက်တို့ကဲ့သို့ပင် ငါလည်း အဆင်းလှလတ္တံ့"

ဟူ၍ ကြံစည်ပြီး အနီးသို့ ချဉ်းကပ်လေ၏။

"အို... စက္ကဝတ်ငှက်၊ သင်ကား နှစ်သက်ဖွယ်ရာ အဆင်း ရှိ၏။ အဆင်းအင်္ဂါတို့မှာ လွန်စွာမှ တင့်တယ်လှပ၏၊ တစ်ခဲနက်သော ကိုယ်ရှိ၏၊ ဦးသစ်သော ရွှေအဆင်းနှင့်တူ၏၊ ခန့်ထည်သော ကိုယ် လုံးသဏ္ဌာန်ရှိ၏၊ ကြည်လင်သော မျက်နှာဣန္ဒြေရှိ၏-

အို... စက္ကဝက်ငှက် ဂင်္ဂါမြစ်နား၌နေသော သင်သည် ငါးဖယ်၊ ငါးသိုင်း၊ ငါးဘတ်၊ ငါးကြင်း စသည့် အစားအစာတို့ကို စားသောက်လေသလော"

ဟူ၍ စက္ကဝက်ငှက်တို့ စားသောက်သော အစားအစာအမျိုး အမည်တို့ကို မေးလေ၏။ စက္ကဝက်ငှက်လည်း ကျီး၏ပြောဆိုမေးမြန်း သော စကားကိုကြားလျှင်-

"အဆွေ ကျီး၊ ငါသည် မှော်သေးမှော်ကြီးတို့ကိုကြင်ဖယ် ၍ ကုန်းသတ္တဝါတို့၏ အသားနှင့် ရေသတ္တဝါတို့၏အသားကို မစားပါ၊ မှော်ကြီးမှော်သေးတို့သည်သာ ငါ၏အစာ ဖြစ်ပါ၏။"

ဟု အမှန်အတိုင်း ပြောဆိုလေ၏။ ထို့နောက်မှ ကျီးလည်း-

"အို... စက္ကဝက်ငှက် ငါသည် ရွာ၌ ဆားဆီတို့ဖြင့် ကြော်ချက်အပ်သော အသားဟင်းလျာ၊ လူတို့ချက်ပြုတ်အပ်သော သားပြွမ်းထမင်းတို့ကို စားရပါ၏၊

သို့ပါလျက်လည်း ငါကား သင်၏အဆင်းကဲ့သို့မဟုတ်၊ ထို့ ကြောင့် သင်သည် မှော်သေး မှော်ကြီးဖြစ်သောအစာကို စားသည်ဆိုရာ ငါမယုံကြည်နိုင်ပါ"

http://www.dhammadownload.com



ဟု ပြောဆိုပြန်လေ၏။ ထိုအခါ စက္ကဝက်ငှက်လည်း ကျီး၏စကားကို ပြောဆိုသံကို ကြားရပြန်သဖြင့် -

"အဆွေကျီး သင်သည် ရန်နှင့်ယှဉ်သောစိတ်ကို ကိုယ်၌ မြင်ရသည်ဖြစ်၍ ထိတ်လန့်ကြောက်ရွံ့လျက် ခံစားရ၏၊ လူသတ္တဝါတို့ကို နှိပ်စက်ညှဉ်းဆဲလျက် ထိတ်လန့်တုန်လှုပ်စွာဖြင့် စားရ၏၊ ထို့ကြောင့်ပင် သင်၏အဆင်းသည် မလှမပ ဖြစ်ရ၏-

အဆွေကျီး သင်သည် မကောင်းမှုဖြင့် လူအပေါင်းတို့ကို ဆန့်ကျင်ခဲ့၏၊ ရအပ်သော အစာကိုလည်း မနှစ်သက်၊ ထို့ကြောင့်ပင် သင်၏အဆင်းသည် မလှမပ ဖြစ်ရ၏-

အဆွေကျီး ငါသည်ကား အလုံးစုံသော သတ္တဝါတို့ကို မညှဉ်း ဆဲမူ၍ ရရသမျှသော မှော်သေး မှော်ကြီးတို့ကို စားပါ၏၊ ကြောင့်ကြခြင်း၊ ရွံ့ရှာခြင်း၊ စိုးရိမ်ခြင်း မရှိသောအဖြစ်၌ နေရ၏-

အဆွေကျီး သင်သည် ကောင်းသော အကျိုးစီးပွားကို တိုးတက်စေတတ်သော လုံ့လ ဝီရိယကို ပြုပါလော့၊ သီလမရှိသည့်အဖြစ်ကို လွန်၍ ကောင်းစွာကျင့်ပါလော့၊ သတ္တဝါတို့ကို သနားခြင်း ကရုဏာနှင့်ယှဉ်၍ ကျင့်ပါလော့၊ ငါ့မှာ လူတို့ချစ်အပ်သော အကျင့်ရှိသကဲ့သို့ သင့်မှာလည်း ရှိပါစေလော့-

အဆွေကျီး သင်သည် သတ္တဝါတို့ကို မသတ်ဖြတ်၊ မညှဉ်းဆဲပါနှင့်၊ ဥစ္စာဆုံးရှုံးအောင် မပြုပါနှင့်၊ ပြုအောင်လည်း တိုက်တွန်းခြင်း မလုပ်ပါနှင့်၊ ခပ်သိမ်းသော သတ္တဝါတို့အပေါ်တွင် မေတ္တာပွားပါလော့၊ သတ္တဝါတို့အား မသတ်မဖြတ် မညှဉ်းဆဲသူအား တစ်စုံတစ်ယောက်သောသူက ရန်သူဟူ၍ သဘောထားလိမ့်မည်မဟုတ်"

ဟူ၍ ကျီးအား တရားဟောလေ၏။ ကျီးလည်း-

"အို... စက္ကဝက်ငှက် သင်တို့ကား မိမိတို့စားသော အစားအစာ အမျိုးအစားအား အမှန်အကန် ပြောဆိုခြင်းမရှိကုန်"

http://www.dhammadownload.com



ဟူ၍ ပြောဆိုကာ အောက်ကလီအားသံကိုပြု၍ နေရာမှ ပျံ သန်းထွက်ခွာသွားလေ၏။ ဗာရာဏသီသို့ရောက်ရှိပြီး လူတို့ အညစ် အကြေးစွန့်ရာအရပ်သို့ ရောက်သည်ရှိသော် ထိုနေရာသို့ ဆင်းသက် လေ၏။

မြတ်စွာဘုရားရှင်လည်း ဤဒေသနာတော်ကို ဆောင်ရွက် သစ္စာကိုပြသည်၏အဆုံး၌ ပစ္စည်းလေးပါးအပေါ် လျှပ်ပေါ်လော်လည် သော ရဟန်းလည်း အကျွတ်တရားရကာ အနာဂါမိဖိုလ်၌ တည်လေ တော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုအခါက ကျီးသည် ယခုအခါ လျှပ်ပေါ်လော်လည်သော ရဟန်းဖြစ်လာ၏၊ ထိုအခါ ကစက္ကဝက်ငှက်မသည် ယခုအခါ ရာဟုလာမယ်တော်ဖြစ်လာပြီး၊ စက္ကဝက် ငှက်မင်းသည်ကား ငါ ဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# (၅၅၂)
# ဘူရိပညဇာတ်

ဤ 'ဘူရိပညဇာတ်' သည် 'မဟာဥမင်္ဂဇာတ်'၌ ထင်ရှားမည်ဖြစ်သဖြင့် မဖော်ပြတော့ပြီ။

http://www.dhammadownload.com

# ၄၅၃။ မဟာမင်္ဂလဇာတ်



http://www.dhammadownload.com

# (၄၅၃)
## မဟာမင်္ဂလာဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါခပင်းအား ချမ်းသာခြင်း နိဗ္ဗာန်သို့ လမ်းညွှန်ပေးတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်ကဖြစ်၏။

ရာဇဂြိုဟ်ပြည်၊ အစည်းအဝေးပြုရာဇရပ်၌ လူအပေါင်းတို့ စည်း ဝေးကြရာ-

"မင်္ဂလာရှိ၏၊ မင်္ဂလာမရှိ"

ဆိုသော စကားကို အစွဲပြု၍ မည်သို့သောအရာဝတ္ထု၊ မည်သို့သောတရားသည် မင်္ဂလာမည်သနည်းဟူသော အမေးပြဿနာ တစ်ရပ် ထွက်ပေါ်လာခဲ့၏။ ထိုအခါ လူအပေါင်းတို့အနက်မှ တစ်ယောက်သောသူသည်-

"အချင်းတို့၊ ကောင်းသောရူပါရုံကို မြင်ရခြင်းသည် မင်္ဂလာမည်၏၊ အမှန်အားဖြင့် နံနက်စောစောထ၍ ကိုယ်ဆုံးဆွတ်ဆွတ်ဖြူသော နွားလားဥသဘကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင် မိန်းမကိုလည်းကောင်း၊ ငါးကြင်းကိုလည်းကောင်း ရေပြည့်အိုးကိုလည်းကောင်း ဆီဦး၊ ထောပတ်၊ နွားနို့၊ ဃနာထမင်းတို့ကိုလည်းကောင်း အစာမချေ

http://www.dhammadownload.com



ပေးသော ပုဆိုးကိုလည်းကောင်း မြင်ရခြင်းသည်ပင်လျှင် မင်္ဂလာမည် ပေ၏''

ဟူ၍ ပြောဆိုလေ၏၊ အခြားသော လူတစ်ယောက်ကမူ-

''အချင်းတို့ ကောင်းသော ရူပါရုံကိုမြင်ကာမျှနှင့် မင်္ဂလာ မမည်။ ကောင်းသော အသံကိုကြားရသည့် သဒ္ဒါရုံက သာလျှင် မင်္ဂလာမည်ပါ၏၊ ပြည့်ဝချမ်းသာ၏၊ စီးပွားတက်၏၊ စားလော့ သောက်လော့ စသော အသံတို့ကိုကြားရလျှင် မင်္ဂလာမည် ပါ၏''

ဟူ၍ ပြောဆိုလေ၏၊ နောက်ထပ် လူတစ်ယောက်ကမူ-

''အချင်းတို့ ကောင်းသော ရူပါရုံကိုမြင်ရခြင်း၊ ကောင်း သော သဒ္ဒါရုံကို ကြားရခြင်းသည်ကား မင်္ဂလာမမည်။ ကောင်းသော ဖောဋ္ဌဗ္ဗာရုံ၊ အထိအတွေ့သည်သာလျှင် မင်္ဂလာဖြစ်ပေ၏။ အမှန်စင် စစ် နံနက်စောစောကပင်လျှင် မြေကြီးကို သုံးသပ်ရ၏၊ ထို့နောက် စိမ်းလန်းသော နေဇာမြက်ကိုလည်းကောင်း နွားချေးစိုကိုလည်းကောင်း စင်ကြယ်သန့်ရှင်းသော ပုဆိုးကိုလည်းကောင်း၊ ငါးကြင်းကိုလည်း ကောင်း၊ ရွှေခွက်၊ ငွေခွက်ကိုလည်းကောင်း သုံးသပ်ထိတွေ့ရ၏။ ထိုသို့ သုံးသပ်ထိတွေ့ရခြင်းသည်ပင်လျှင် မင်္ဂလာမည်ပေ၏''

ဟု ပြောဆိုလေ၏။ ဤကဲ့သို့ ဒိဋ္ဌမင်္ဂလာအယူရှိသောသူ၊ သုတမင်္ဂလာအယူရှိသောသူ၊ မုတမင်္ဂလာအယူရှိသောသူဟူ၍ လူတို့ အစုမှာ သုံးစုကွဲလေ၏။ အချင်းချင်း စေ့စပ်ခြင်းငှာလည်း မတက်နိုင် ကြကုန်။ ဘုမ္မစိုးနတ်မှစ၍ ဗြဟ္မာ့ဘုံသို့တိုင်အောင် ကွဲလေ၏။ မင်္ဂလာ အမှန်ကို ဖြေရှင်းပေးနိုင်သူမရှိ။ အမြဲ ငြင်းခုန်၍သာ နေကြကုန်၏။

ထိုအခါ သိကြားမင်းသည်-

'ဤမင်္ဂလာပြဿနာကို အမှန်တကယ် ဖြေကြားနိုင်သူမှာ လောကသုံးပါး၌ မြတ်စွာဘုရားရှင်မှတစ်ပါး အခြားမရှိ။ မြတ်စွာ ဘုရားကို လျှောက်ထားမည်''

http://www.dhammadownload.com



ဟူ၍ ကြံစည်လျက် ညအချိန်၌ ဘုရားရှင်ထံ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် 'ဗဟူဒေဝါမနုဿာစ' အစရှိသော ဂါထာစကားဖြင့် ဘုရားရှင်အား မင်္ဂလာပြဿနာကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း 'အသေဝနာစ ဗာလာနံ' အစရှိသော ဂါထာစကားဖြင့် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်တို့ကို ဟောကြားလေ၏။ သိကြားမင်းလည်း မင်္ဂလာတရားတော်ကိုကြားနာပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။

ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက် မင်္ဂလာပြဿနာကို ဖြေကြားတော်မူခြင်းနှင့်စပ်၍ ဘုရားရှင်၏ပညာတော်ကို ချီးကျူးအံ့ဩ၍နေကြရာ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိတော်မူလျှင်-

"ရဟန်းတို့ ငါသည် ယခုအခါ မင်္ဂလာပြဿနာ ဖြေကြားခြင်းကား အံ့ဩဖွယ်မဟုတ်ပေ။ ရှေးအခါ အလောင်းတော် ရက္ခိတ ရသေ့ဖြစ်စဉ်ကပင် အကျဉ်း ဖြေကြားခဲ့ဖူးပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ရွာတစ်ရွာ၌ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသောအမျိုး၌ ပုဏ္ဏားလုလင် ရက္ခိတကို မွေးဖွားလေ၏။ ရက္ခိတလုလင်လည်း အရွယ်ရောက်သည် ရှိသော် တက္ကသိုလ်ပြည်သို့သွားရောက်၍ အတတ်ပညာတို့ကို သင်ယူလေ၏။ ပညာစုံသောအခါ မိဘရပ်ထံ ပြန်လာပြီး အိမ်ထောင်ရက်သား ကျလေ၏။ မိဘတို့သေလွန်ပြီးသည့်အခါ ပစ္စည်းဥစ္စာတို့ကို ကြည့်ရှု၍ ထိတ်လန့်သံဝေဂရပြီးနောက် အလှူကြီးပေးလှူကာ လောကီအာရုံ ကာမဂုဏ်တို့ကို ပယ်စွန့်ပြီး ဟိမဝန္တာတောသို့ဝင်၏။

http://www.dhammadownload.com



ရသေ့ရဟန်းပြုပြီးသည့်နောက် ဈာန်အဘိညာဉ်တို့ကို ပယ်စွန့်ပြီး ဟိမဝန္တာတော်သို့ဝင်၏။ ရသေ့ရဟန်းပြုပြီးသည့်နောက် **ဈာန်အဘိညာဉ်**တို့ကိုဖြစ်စေလျက် သစ်သီးကြီးငယ်တို့ဖြင့် **မျှတကာနေ**၏။ ကာလမကြာမီမှာပင် ငါးရာသော တပည့်အပေါင်းတို့သည် **အခြံအရံ**များ ဖြစ်လာကြလေ၏။

တစ်နေ့သ၌ တပည့်ငါးရာတို့သည် ချဉ်ဆားမှီဝဲရန်အလို့ငှာ ဆရာအရှင် ရက္ခိတရသေ့ကြီးအား ခွင့်ပန်လျက် ဒေသဒစာရီ ထွက်လာခဲ့ကြလေ၏။ ဗာရာဏသီသို့ရောက်လျှင် မင်းဥယျာဉ်၌ပင် နေထိုင်သီတင်းသုံးကြ၏။ ဆရာဖြစ်သော ရက္ခိတရသေ့ကြီးကား ဟိမဝန္တာမှာပင် နေရစ်၏။ ဗာရာဏသီပြည်သားတို့သည် ရသေ့ငါးရာတို့အား ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌ မင်းတို့စုဝေးရာ ဇရပ်တွင် 'မင်္ဂလာပြဿနာ' ပေါ်ပေါက်လေ၏။ အချို့ကား ဒိဋ္ဌမင်္ဂလာယူကြ၏။ အချို့ကား သုတမင်္ဂလာကိုယူကြ၏။ အချို့က မုတမင်္ဂလာကို ယူကြ၏။ မည်သည့် အရာဝတ္ထုသည် မင်္ဂလာမည်၏ဟု အမှန်အကန် ဖြေရှင်းဆုံးဖြတ်နိုင်သူမရှိ။ သူတစ်ဖုံ ငါတခြား အမျိုးမျိုး အငြင်းပွားၡသာ နေကြကုန်၏။ မင်းနှင့်တကွသော လူတို့သည် ရသေ့ငါးရာတို့ထံသွား၍ မင်္ဂလာပြဿနာကို မေးလျှောက်ကြကုန်၏။ ရသေ့တို့လည်း-

"မြတ်သောမင်းကြီး ငါတို့ကား မင်္ဂလာပြဿနာကို မဖြေဆိုနိုင်ကုန်။ သို့ပါသော်လည်း ဟိမဝန္တာ၌ နေရစ်ခဲ့သော ငါတို့၏ဆရာ ရက္ခိတရသေ့ကြီးကား ပညာရှိ၏၊ နတ်လူတို့စိတ်နှလုံးကိုယူကာ မင်္ဂလာပြဿနာကို ဖြေဆိုနိုင်လတ္တံ့"

http://www.dhammadownload.com



ဟူ၍ ပြောဆို၏၊ ထိုအခါ မင်းနှင့်တကွသော လူတို့လည်း

"အရှင်တို့ အကျွန်ုပ်တို့သွား၍ မနာယူနိုင်ကြပါကုန်။ သို့ဖြစ်၍ အရှင်တို့သာလျှင် သွား၍နာကြား သင်ယူခဲ့ပြီးလျှင် အကျွန်ုပ်တို့အား ပြန်လည် ဖြေဆို ဟောကြားပေးတော်မူပါလော့"

ဟူ၍ တောင်းပန်လျှောက်ထားကြလေ၏။ ရသေ့ငါးရာတို့လည်း မင်းကြီး၏တောင်းပန်မှုကိုလက်ခံ၍ ဟိမဝန္တာသို့ ပြန်ကြွသွားလေ၏။ ဆရာရသေ့ကြီးထံရောက်၍ ရိုသေစွာရှိခိုး၍ မင်္ဂလာပြဿနာဖြစ်ပေါ်လာခြင်းကို အစမှလျှောက်ထားပြီးလျှင် ဗာရာဏသီမင်းကြီးတောင်းပန်၍ ပြန်လာခဲ့ရကြောင်း၊ မည်သည့်အရာဝတ္ထုသည် မင်္ဂလာမည်ကြောင်း ဖြေဆိုဟောကြားပေးတော်မူပါမည့်အကြောင်း လျှောက်ထားကြကုန်၏။ ရသေ့တို့ တောင်းပန်ပြီးသည်ရှိလေမှ နောက်ဆုံးရှိတပည့်ကြီးက-

"ဆရာရသေ့ အကြင်သူသည် မင်္ဂလာကို တောင်းပန်သောအခါ၌ မည်သည့်အတတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်၊ မည်သည့်ဗေဒင်ကို သင်ရမည်၊ အဘယ်ကာလအတွင်း အဘယ်အတတ်ကိုသင်ရမည်၊ မင်္ဂလာရှိအောင် မည်သို့ပြုလုပ် ကျင့်ကြံအားထုတ်ရမည်တို့ကို ဟောကြားပေးတော်မူပါအရှင်"

ဟူ၍ ရိုသေစွာ လျှောက်ထားလေ၏။ ထိုအခါ ရက္ခိတရသေ့ကြီးသည် နတ် လူတို့၏ ယုံမှားသင်္ကာကို ဖြတ်တောက်လျက် ဤမည်၊ ဤမည်သော အရာဝတ္ထုအကြောင်းသည် မင်္ဂလာမည်၏ဟူ၍ တင့်တယ်သော အသရေဖြင့် ပထမမင်္ဂလာကို စတင် ဟောကြားလေ၏။

"တပည့်တို့-

ဘုမ္မစိုး နတ်အစရှိသော ကာမဝစရနတ်တို့ကိုလည်းကောင်း၊ ရူပါဝစရဗြဟ္မာ၊ အရူပါဝစရဗြဟ္မာတို့ကိုလည်းကောင်း ကျောရှည်

http://www.dhammadownload.com



သော သတ္တဝါတို့ကိုလည်းကောင်း ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော သတ္တဝါတို့ကိုလည်းကောင်း မေတ္တာဖြင့် အခါခပ်သိမ်း လေ့ကျက်ပွား များကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာပွားစေခြင်းကို အပြစ် မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏''

ထို့နောက် ဒုတိယမင်္ဂလာကို ဟောကြားတော်မူပြန်၏။

''တပည့်တို့-

ခပ်သိမ်းသော လူအပေါင်းတို့အား နှိမ်ချသောဖြစ်ခြင်းရှိ၏၊ သူငယ်မိန်းမ ယောကျ်ားတို့၏ မကောင်းသဖြင့် ဆိုအပ်သော ဖရုသ ဝါစာကို သည်းခံလေ့ရှိ၏။ သူတော်ကောင်းတို့အား လျော်ကန်သင့် မြတ်သောစကားကို ဆိုလေ့ရှိ၏။ ထိုသည်းခံခြင်းကို အပြစ်မရှိ၊ စင် ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏''

ဆက်လက်၍ တတိယမင်္ဂလာကို ဟောကြားတော်မူပြန်၏။

''တပည့်တို့-

မြဲမြံသော အဆွေခင်ပွန်းတို့ကို အတတ်ပညာဖြင့်လည်း ကောင်း၊ အမျိုး၏ ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်း ကောင်း၊ ဇာတ်ဖြင့်လည်းကောင်း မထေမဲ့မြင် မပြုရာ၊ အကျိုး အကြောင်း ဖြစ်လာသောအခါ နှစ်သက်အပ်သော ကောင်းမြတ်သော၊ ပညာအကျိုးအကြောင်းကို ပိုင်းခြားစီရင်နိုင်သော ပညာရှိဖြစ်၍ အဆွေ ခင်ပွန်းတို့ကို မထေမဲ့မြင်မပြု။ ထိုအဆွေခင်ပွန်းတို့၌ မထေမဲ့မြင် မပြုခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏။

တစ်ဖန် စတုတ္ထမင်္ဂလာကို ဟောကြားပြန်လေ၏။

''တပည့်တို့-

မချွတ်ယွင်းစေတတ်သော အလေ့ရှိသူအား အကျွမ်းဝင်သော ပညာရှိသူတော်ကောင်းတို့သည် စင်စစ် အဆွေခင်ပွန်းဖြစ်ကုန်၏၊

http://www.dhammadownload.com



အဆွေခင်ပွန်းတို့၏ အကျိုးစီးပွားကို မဖျက်ဆီးတတ်၊ မိမိဥစ္စာဖြင့် အဆွေခင်ပွန်းတို့အား ခွဲခြားဝေဖန်လေ့ရှိ၏။ အဆွေခင်ပွန်းရှိခြင်း၊ အဆွေခင်ပွန်းတို့အား ဥစ္စာဆက်ဆံ ဝေဖန်ခွဲခြမ်းခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏''

ပြီးလေသော် 'ပဉ္စမ မင်္ဂလာ'ကို ဟောကြားပြန်လေ၏။

''တပည့်တို့-

အရွယ်တူ၏၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိ၏။ လင်၏အလိုသို့လိုက်၏၊ သုစရိုက်ဆယ်ပါးကို လိုလားနှစ်သက်၏၊ အမြဲမိန်းမဟုတ်၊ အမျိုးမြတ်၏၊ သီလရှိ၏၊ လင်ကိုရိုသေ၏၊ ဆိုခဲ့ပြီးသောဂုဏ်တို့နှင့်ပြည့်စုံသော မယားကောင်းရှိခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ဟောကုန်၏''

သည့်နောက် ဆဋ္ဌမမင်္ဂလာကို ဆက်ပြန်လေ၏။

''တပည့်တို့-

စင်ကြယ်သောအဖြစ်၊ လုံ့လရှိသောအဖြစ်၊ အတူတကွ မကွဲမကွာသော အဖြစ်ရှိသည်ဖြစ်၍ ဤသူကား စိတ်နှလုံးကောင်း၏ဟု မင်းနှင့်တကွ လူအပေါင်းတို့ သိကြ၏။ ဆိုခဲ့ပြီးသောဂုဏ်တို့နှင့် ပြည့်စုံ၍ စိတ်နှလုံးကောင်းခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏''

ဆရာအရှင် ရက္ခိတရသေ့ကြီးကား ဤမျှနှင့်မရပ်သေး၊ သတ္တမ မင်္ဂလာကို ဆက်ပြန်လေ၏။

''တပည့်တို့-

ကံကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ ထမင်း၊ အဖျော်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်းတို့ကို ကြည်ညိုသောစိတ်အရင်းခံကာ ဝမ်းမြောက်ဝမ်းသာ လှူဒါန်း၏၊ ထိုသို့ လှူဒါန်းခြင်းအမှုကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏''

http://www.dhammadownload.com



ထိုနှင့်မျှမကသေး။ အဋ္ဌမမင်္ဂလာကို ဆက်ပြန်၏။

"တပည့်တို့-

ဉာဏ်ပညာကြီးမားသော၊ တည်ငြိမ်သည့်စိတ်ဓာတ်ရှိသော၊ အကြားအမြင်ရှိသော၊ သီလရှိကုန်သော၊ အရိယာပုဂ္ဂိုလ်တို့သည် နှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍ ကောင်းမြတ်သောအကျင့်ဖြင့် သုတ်သင်ကြကုန်၏၊ ထိုရဟန္တာတို့အလယ်၌ ရအပ်သော အရဟတ္တဖိုလ်ကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏"

ဤသို့လျှင် အရဟတ္တဖိုလ်ကို အထွတ်တင်ကာ မင်္ဂလာရှစ်ပါးတို့ကို ဟောကြားပြီးသည့်နောက် ဆက်လက်၍-

"တပည့်တို့-

လောက၌ ဤရှစ်ပါးသော မင်္ဂလာတို့ကိုသာ အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာမည်ကုန်၏၊ ပညာရှိတို့ ချီးမွမ်းကုန်၏၊ နိဗ္ဗာန်တိုင်အောင် မြတ်သောချမ်းသာကို ဖြစ်စေတတ်ကုန်၏။

ဤလောက၌ ပညာရှိသောသူသည် ဤရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင် မှီဝဲရာ၏၊ အဘယ့်ကြောင့်ဆိုပါလျှင် ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ၌ တစ်ခုသော မင်္ဂလာမျှလည်း ပရမတ္ထသစ္စာမည်သည် မရှိ။

ထို့ကြောင့် ရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာ မှီဝဲရာ၏"

ဟူ၍ ဟောကြားလေ၏။

တပည့်အပေါင်းတို့လည်း ရှစ်ပါးသော မင်္ဂလာကြီးတို့ကို သင်ကြားနာယူပြီးလျှင် ဆရာရသေ့ကြီးကို ပန်ကြား၍ ဗာရာဏသီသို့ ပြန်သွားကာ မင်းအမှူးရှိသော ပရိသတ်အား ဆရာရသေ့ကြီးဟောသော နည်းအတိုင်း မင်္ဂလာကြီးရှစ်ပါးတို့ကို ဟောကြားတော်မူပြီးနောက် ဟိမဝန္တာသို့ ပြန်ကြွခဲ့ကြလေ၏။

http://www.dhammadownload.com



ထိုအခါမှစ၍ လောက၌ မင်္ဂလာတရားတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကြ၏၊ မင်္ဂလာတရားကို ကောင်းစွာကျင့်ကုန်သောကြောင့် သေလွန်လျှင် နတ်ပြည်သို့ လားကြရလေ၏။ ရက္ခိတရသေ့ကြီးလည်း ဗြဟ္မဝိဟာရတရားကို ပွားများလျက် သေလွန်သည်ရှိသော် တပည့် အပေါင်းနှင့်တကွ ဗြဟ္မာ့ပြည်သို့ လားရောက်ရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

"ရဟန်းတို့-

ထိုစဉ်အခါက တပည့်အပေါင်းသည် ယခုအခါ ဘုရားရှင်၏ ပရိသတ်၊ တပည့်ရသေ့ကြီးသည် သာရိပုတ္တရာ၊ ရက္ခိတရသေ့ကြီး ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၄။ ဃဋပဏ္ဍိတဇာတ်



http://www.dhammadownload.com

# (၅၁၅)
# ဃဋပဏ္ဍိတဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက သားသေသဖြင့် ပူဆွေးသောကရောက်နေသော သူကြွယ်ကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

(ပစ္စုပ္ပန်ဝတ္ထုသည် မဋ္ဌကုဏ္ဍလီဇာတ်နှင့်တူလေ၏။)

ရှေး လွန်လေပြီးသောကာလ။

ဥတ္တရာပထတိုင်း၌ ကံသမင်းမျိုးတို့နေရာဖြစ်သော အသိတဉ္ဇနမြို့၌ မဟာကံသမင်းမင်းပြုလေ၏။ ထိုမင်း၌ ကံသ၊ ဥပကံသအမည်ရှိ သားတော်နှစ်ပါးအပြင် ဒေဝဂဗ္ဘာအမည်ရှိ သမီးတော်တစ်ပါးလည်း ရှိ၏။ ထိုသမီးတော် ဖွားမြင်သည့်ရှိသော် နိမိတ်ဖတ်တတ်သော ပုဏ္ဏားတို့ကို မေးမြန်းရာ ပုဏ္ဏားတို့လည်း-

"ထိုမင်းသမီးမှ မွေးဖွားသောသားတို့သည် ကံသမင်းတို့၏ အမျိုးအနွယ်ကို ဖျက်ဆီးကြကုန်လတ္တံ့."

ဟူ၍ လျှောက်ထားကြကုန်၏။ မဟာကံသမင်းကြီးလည်း သမီးတော်ကို အလွန်ချစ်သောကြောင့် ဖျက်ဆီးခြင်းငှာ မတတ်နိုင်။

http://www.dhammadownload.com



ငှင်း၏မောင်တော်တို့ သိလိမ့်မည်ဟု နှလုံးသွင်းကာ နေထိုင်ခဲ့ရင်း နတ်ရွာစံခဲ့ရလေ၏။

မဟာကံသမင်းကြီး နတ်ရွာလားသည်ရှိသော် ကံသမင်းသားသည် မင်းဖြစ်လာလေ၏။ ဥပကံသမင်းသားသည် အိမ်ရှေ့မင်းအဖြစ် ရရှိခဲ့၏။ ထိုမင်းညီနောင်တို့သည် နှမတော် ဒေဝဂဗ္ဘာကို အကဲ့ရဲ့ ခံရမည်မှ ကြောက်သောကြောင့် မဖျက်ဆီးဝံ့ကြကုန်။ တစ်စုံတစ်ယောက်သောမင်းနှင့်မျှ မပေးစားဘဲနှင့် တစ်ပင်တိုင် နန်းပြာသာဒ်၌ ထား၍ နန္ဒိဂေါပါအမည်ရှိ ကျွန်မနှင့် ငှင်း၏လင် အန္ဓကဝေဏှုတို့ကို အလုပ်အကျွေး အစောင့်အရှောက်အဖြစ် ထားကြလေ၏။

ထိုအခါ ဥတ္တရာပဗုဓရပြည်၌ မဟာသာဂရမင်း မင်းပြုလေ၏။ ထိုမင်း၌ သာဂရ၊ ဥပသာဂရ အမည်ရှိ သားတော်နှစ်ပါး ရှိလေ၏။ ခမည်းတော် မဟာသာဂရမင်းကြီး နတ်ရွာလားသည်ရှိသော် သာဂရမင်းသားသည် မင်းဖြစ်လာပြီး ညီတော် ဥပသာဂရလည်း အိမ်ရှေ့မင်း ဖြစ်လေ၏။ ဥပသာဂရမင်းသားကား ဥပကံသမင်းသားနှင့် ဆရာတစ်ဦးတည်းထံတွင် ပညာသင်ကြားဘက် မိတ်ဆွေခင်ပွန်း ဖြစ်လေ၏။

တစ်နေ့သ၌ ဥပသာဂရမင်းသားသည် နောင်တော် သာဂရမင်းကြီး၏နန်းတွင်း၌ အပြစ်တစ်ခုကို ပြစ်မှားကျူးလွန်မိခဲ့၏။ သို့ဖြစ်၍ နောင်တော် အပြစ်ပေးမည်ကို ကြောက်ရွံ့သောကြောင့် ထွက်ပြေးလာခဲ့ရာ အသိတဥ္စနမြို့ရှိ အိမ်ရှေ့မင်း ဥပကံသထံသို့ ရောက်လေ၏။ အိမ်ရှေ့မင်းလည်း အဆွေခင်ပွန်းဖြစ်သော ဥပသာဂရမင်းသားအား နောင်တော် ကံသမင်းကြီးထံ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်း လျှောက်ထားလေ၏။ ကံသမင်းကြီးလည်း ဥပသာဂရအား ကြီးစွာသော စည်းစိမ်ကိုပေး၍ မြှောက်စားလေ၏။

http://www.dhammadownload.com



ထိုဥပသာဂရမင်းသည် ဥပကံသမင်းသားနှင့်အတူ ကံသမင်းကြီးထံ ခစားသွားသောအခါ တစ်ပင်တိုင် နန်းပြာသာဒ်ကို မြင်လေ၏။ အကျိုးအကြောင်းကို မေးသည်ရှိသော် နမတော် ဒေဝဂဗ္ဘာမင်းသမီးစံရာ နန်းပြသာဒ်ဖြစ်ကြောင်း သိရလျှင် မင်းသမီးအပေါ်၌ ငြိတွယ်တပ်မက်စိတ်များ ဝင်ရောက်လာလေ၏။ ဒေဝဂဗ္ဘာမင်းသမီးလည်း တစ်နေ့သ၌ မောင်တော် ဥပကံသမင်းသားနှင့်အတူ သွားသော ဥပသာဂရမင်းသားကိုမြင်၍ အကျိုးအကြောင်း မေးမြန်းရာ မဟာသာဂရမင်းကြီး၏သားတော် ဥပသာဂရမင်းသားဖြစ်ကြောင်း သိရလျှင် မင်းသားအပေါ်၌ ငြိတွယ်တပ်မက်သောစိတ်တို့ ဝင်ရောက်လာလေ၏။

တစ်နေ့သ၌ ဥပသာဂရမင်းသားသည် နန္ဒိဂေါပါ အထိန်းတော်ကြီးထံသွား၍ တံစိုးလက်ဆောင်ပေးပြီးလျှင်-

"အထိန်းတော်ကြီး၊ အကျွန်ုပ်အား နမတော် ဒေဝဂဗ္ဘာမင်းသမီးထံ ပို့ပေးနိုင်ပါမည်လော"

ဟု မေးလေ၏။ အထိန်းတော်ကြီးလည်း-

"အရှင်သား ထိုကိစ္စအတွက် ဝန်မလေးပါ၊ သို့ရာတွင် သခင်မအား လျှောက်ထားရပါဦးမည်"

ဟု ပြောဆိုပြီး ဒေဝဂဗ္ဘာမင်းသမီးထံ သွားရောက်ကာ အကျိုးအကြောင်းကို တင်လျှောက်လေ၏။ ဒေဝဂဗ္ဘာမင်းသမီးလည်း ပင်ကိုကပင် ဥပသာဂရမင်းသားအပေါ် ငြိတွယ်တပ်မက်စိတ်ရှိနေရ လေကား မင်းသားအား ခေါ်ဆောင်လာရန် မှာကြားလိုက်လေ၏။ နန္ဒိဂေါပါလည်း မင်းသမီးထံမှ အခွင့်ရလျှင် ဥပသာဂရမင်းသားကို အမှတ်ပေး၍ ညဥ့်အဖို့၌ မည်သူမျှ မသိရအောင် နန်းပြာသာဒ်ထက်သို့ တင်လေ၏။ မင်းသားနှင့် မင်းသမီးတို့လည်း အလိုရှိတိုင်း မွေ့လျော်ပျော်ပါးကြကုန်၏။ မွေ့လျော်ပျော်ပါးဖန်များလတ်သော် ဒေဝ

http://www.dhammadownload.com



ဂဗ္ဘာမင်းသမီး၌ ကိုယ်ဝန်တည်လေ၏။ ထိုကိုယ်ဝန်သည် တစ်စထက် တစ်စ ထင်ရှားလာလေ၏။

ထိုအဖြစ်ကို မောင်တော်တို့သိလေသော် အထိန်းတော် နန္ဒိဂေါပါကိုခေါ်၍ မေးကြကုန်၏။ နန္ဒိဂေါပါလည်း ကြောက်ရွံ့သဖြင့် အသက်ကို ဘေးမဲ့တောင်းခံ၍ ဟုတ်မှန်ရာကို တင်ပြလျှောက်ထားလေ၏။ မောင်တော်တို့လည်း နှမတော်ကို မဖျက်ဆီးနိုင်သဖြင့် -

"နှမတော်၌ သမီးမွေးဖွားပါက အသက်ရှင်ခွင့်ပြုမည်၊ သားဖွားပါက ဖျက်ဆီးပစ်မည်"

ဟု ကြံစည်လျက် ဥပသာဂရမင်းသားနှင့် လက်ဆက်ပေးလေ၏။ ကိုယ်ဝန်ရင့်၍ မွေးဖွားလေသော် သမီးတော်ဖြစ်နေ၏။ မောင်တော်တို့ကြားလျှင် လွန်စွာ နှစ်သက်ကြကုန်၍ အဉ္ဇနဒေဝီဟု အမည်မှည့်ကုန်၏။ နှမတော်နှင့် ယောက်ဖတော်တို့ကိုလည်း ဝဍ္ဎမာန ရွာကို ကံကျွေးပေးကုန်၏။ ဥပသာဂရမင်းသားလည်း နှမတော် ဒေဝဂဗ္ဘာကိုဆောင်ယူ၍ မိမိတို့ အပိုင်စားရသော ဝဍ္ဎမာနရွာ၌ နေထိုင်လေ၏။

ကာလကြာသော် ဒေဝဂဗ္ဘာမင်းသမီး၌ ကိုယ်ဝန်တည်ပြန်၏။ အထိန်းတော် နန္ဒိဂေါပါသည်လည်း ထိုနေ့မှာပင် ကိုယ်ဝန်တည်လေ၏။ မင်းသမီးနှင့် အထိန်းတော်တို့လည်း ကိုယ်ဝန်ရင့်မာကြီး မွေးဖွားချိန်ကျသောအခါ၌ တစ်နေ့တည်းပင် မွေးဖွားကြလေသည်။ ဤ၌ မင်းသမီးသည် သားယောကျ်ားလေးမွေးဖွားပြီး အထိန်းတော်ကမူ သမီးမိန်းကလေး မွေးဖွား၏။ ဒေဝဂဗ္ဘာလည်း သားတော်လေးအား မောင်တော်တို့ ဖျက်ဆီးမည်ကို ကြောက်ရွံ့ထိတ်လန့်သဖြင့် သားတော်အား လျှို့ဝှက်စွာ အထိန်းတော် နန္ဒိဂေါပါအားပေးပြီး နန္ဒိဂေါပါ၏သမီးကို မိမိသမီး ပြုလုပ်ကာ မောင်တော်တို့ထံသို့ သမီးရတနာကလေးဖွားမြင်ကြောင်း အကြောင်းကြားလေ၏။ မောင်တော်တို့လည်း နှစ်သက်ဝမ်းမြောက် ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ဤနည်းဖြင့် ဒေဝဂဗ္ဘာမင်းသမီးလည်း သားတော်ချည်း တစ်ကျိပ်တိတိ မွေးဖွားလေ၏။ နိန္ဒဂေါပါကား သမီးချည်း တစ်ကျိပ် တိတိ မွေးဖွား၏။ မင်းသမီးလည်း သားနှင့်သမီးတို့ကို လဲလှယ်ကြ သည်။ သားတစ်ကျိပ်တို့သည် နန္ဒိဂေါပါထံ၌ ကြီးပြင်းကြရလေ၏။ သမီးတစ်ကျိပ်တို့သည်လည်း ဒေဝဂဗ္ဘာမင်းသမီးထံ၌ ကြီးပြင်းကြရ လေ၏။ ထိုအဖြစ်ကို မည်သူမျှ မသိကြကုန်။ သားတစ်ကျိပ်တို့တွင်-

ပထမဆုံးသားကား ဝါသုဒေဝ၊

ဒုတိယသားကား ဗလဒေဝ၊

တတိယသားကား စန္ဒဒေဝ၊

စတုတ္ထသားကား သူရိယဒေဝ၊

ပဉ္စမသားကား အဂ္ဂိဒေဝ၊

ဆဋ္ဌမသားကား ဝရုဏဒေဝ၊

သတ္တမသားကား အဇ္ဇုန၊

အဋ္ဌမသားကား ပဇ္ဇုန၊

နဝမသားကား ဃဋပဏ္ဍိတ၊

ဒသမသားကား အင်္ကုရ စသည်တို့ဖြစ်ကြ၏။ ထိုညီ နောင်တစ်ကျိပ်တို့သည် အန္ဓကဝေဏ္ဍု ကျွန်းသားညီနောင်တို့ဟူ၍ အလွန် ထင်ရှားလေ၏။

ထိုကျွန်းသားညီနောင်တစ်ကျိပ်တို့သည် အရွယ်သို့ရောက် သည်ရှိသော် အားအင်အစွမ်းနှင့်ပြည့်စုံကြကုန်၏။ အလွန်ကြမ်းကြုတ် ခက်ထန်ကြကုန်၏။ နယ်မြေဒေသများသို့ သွားရောက်လုယက် ဖျက် ဆီးကြကုန်၏။ မင်းအား ဆက်သသော လက်ဆောင်ပဏ္ဏာကိုပင် လုယက်ဖျက်ဆီး ယူငင်ကြကုန်၏။ ထိုအခါ တိုင်းသူပြည်သားတို့ လည်း နန်းရင်ပြင်သို့ စုရုံးသွားရောက်ကာ-

http://www.dhammadownload.com



"ကျွန်သားညီနောင်တို့သည် တစ်နိုင်ငံလုံးအား လုယက်ဖျက်ဆီးနေကြပါ၏။ ကာကွယ်တားဆီးပေးတော်မူပါလော့"

ဟူ၍ ဟစ်အော်ကြွေးကြော်ကြကုန်၏။ ကံသမင်းကြီးလည်း အန္ဓကဝေဏှုကို ခေါ်စေ၍-

"အချင်း အန္ဓကဝေဏှု၊ အဘယ့်ကြောင့် သင်၏သားတို့အား လုယက်ဖျက်ဆီးစေဘိသနည်း"

ဟု ခြိမ်းခြောက်မေးမြန်းလေ၏။ နောက်ဆုံး၌ အန္ဓကဝေဏှုလည်း သေဘေးမှကြောက်ရွံ့သဖြင့် အဖြစ်မှန်ကို တင်ပြလျှောက်ထားလေ၏။ မင်းကြီးလည်း ကြောက်ရွံ့ထိတ်လန့်သွားပြီး-

"ထိုမင်းသားတို့ကို မည်သည့်မည်ပုံ ဖမ်းကြမည်နည်း"

ဟူ၍ အမတ်တို့အား မေးမြန်းလေ၏၊ အမတ်တို့လည်း-

"အရှင်မင်းကြီး မင်းသားတို့ကား လက်ဝှေ့သတ်ခြင်း၊ လက်မောင်းလှဲခြင်း၊ နပန်းလုံးခြင်းတို့ကို ပြုလေ့ရှိကုန်၏။ လက်ဝှေ့ပွဲ၊ လက်ပမ်းပွဲပြုလုပ်၍ မင်းသားညီနောင်တို့ ပြိုင်ပွဲဝင်ရန် ရောက်လာကြသော် ဖမ်းပါလော့"

ဟူ၍ လျှောက်တင်ကြကုန်၏။ မင်းကြီးလည်း ထိုအကြံကို သဘောတူညီလေ၏။ သို့ဖြစ်၍ မင်းကြီးလည်း 'စာဏူရလက်ပမ်းသည်'နှင့် 'မုဋ္ဌိကလက်ပမ်းသည်'တို့ကို စေလွှတ်၍-

"ဤနေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သောနေ့၌ လက်ဝှေ့သတ်ပွဲ၊ လက်ပမ်းပွဲကြီး ပြုလုပ်မည်"

ဟူ၍ စည်လည်စေ၏။ ထို့နောက် မင်းရင်ပြင်၌ မဏ္ဍပ်ကြီးဆောက်လုပ်ကာ တန်ဆာဆင်၍ သူသေကောင်ကိုပစ်ချရာ တွင်းကိုလည်း လျှို့ဝှက်စွာ စီရင်စေ၏။

ခုနစ်ရက်မြောက်သောနေ့သို့ရောက်လေသော် ပွဲသဘင်ကြီးခံလေ၏။ ထိုပွဲအား ကံသမင်းကြီးနှင့် အိမ်ရှေ့မင်းသားတို့ကိုယ်တိုင်

http://www.dhammadownload.com



ကွပ်ကဲကြီးကြပ်ကုန်၏။ လူတို့လည်း ညှောင်စောင်း အဆင့်ဆင့်ဖြင့် ကြည့်ရှုကြကုန်၏။ ထိုအခါ စာရရလက်ပမ်းသည်နှင့် မုဋ္ဌိကလက်ပမ်းသည်တို့သည် တန်ဆာဆင်၍ ပွဲအလယ်တွင် ကြွေးကြော်ကြုံးဝါးကာ လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်လျက် သွားကုန်၏။ မင်းသားညီနောင်တို့လည်း အဝတ်ပန်းနုံ့သာတို့ကို လှယက်လိမ်းကျံ ဝတ်ဆင်ကာ ကြွေးကြော်ကြုံးဝါးလျက် လက်ပမ်းပေါက်များခတ်ကာ ပွဲသဘင်အလယ်၌ လှည့်ပတ်လျက်နေလေ၏။ ဤတွင် ဗလဒေဝ မင်းသားသည်-

"ဤလက်ပမ်းသည်အား ငါ၏လက်ဖြင့် မထိစေရဘဲ ပွဲသိမ်းပစ်အံ့"

ဟု ဆို၍ ဆင်တင်းကုပ်မှ ကြီးစွာသော ဆင်ချည်ကြိုးကိုယူခဲ့၍ ကြုံးဝါးသံပေးကာ ကြိုးကိုပစ်ချ၏။ ထို့နောက် စာရရ၏ဝမ်း၌ ရစ်ပတ်ကာ လွန်စနှစ်စကို တစ်ပေါင်းတည်း ကျစ်၏။ ပြီးလျှင် အထက်သို့မြှောက်၍ ခေါင်းထက်၌ ချာချာလည်အောင်ဝှေ့ရမ်းကာ မြေ၌ ရိုက်ခတ်ပြီး ပွဲပြင်ရှိ သူသေကောင်အား ပစ်ချရာတွင်းဆီသို့ ပစ်ချလိုက်လေ၏။

စာရရလက်ပမ်းသည် ရှုံးနိမ့်သေပွဲဝင်သည်ရှိသော် ကံသမင်းကြီးလည်း မုဋ္ဌိက လက်ပမ်းသည်ကို စေလွှတ်ပြန်၏။ မုဋ္ဌိကလက်ပမ်းသည်လည်း လက်ပမ်းပေါက်ခတ်ကာ ပွဲသဘင်အလယ်၌ လှည့်လည်နေလေ၏။ ဗလဒေဝလည်း မုဋ္ဌိကလက်ပမ်းသည်ကို ပုတ်ခတ်၏၊ အရိုးအသားတို့ကို ကြေမွစေအောင် ထုချေ၏။ ပြီးလေသော် ပြက်ရယ်ပြု၏။ ထို့နောက် လက်နှင့်ကိုင် မြေပြင်သို့ပေါက်ကာ ပွဲပြင်ရှိ သူသေကောင်တွင်းသို့ ပစ်ချလိုက်ပြန်၏။ မုဋ္ဌိကလည်း သေခါနီးဆဲဆဲတွင် ဗလဒေဝအား စားရပါလို၏ဟု ဆုတောင်း၏၊ သေလွန်သော် ဘီလူးဖြစ်၍ ကာလမတ္တိကတောအုပ်၌ နေလေ၏။

http://www.dhammadownload.com



ထိုအခါ ကံသမင်းကြီးလည်း-

"ကျွန်သားညီနောင်တို့ကို ဖမ်းကြကုန်"

ဟု အမိန့်ပေးပြီး နေရာမှထလေ၏။ ဤတွင် ဝါသုဒေဝ မင်းသားသည် စစ်လက်နက်ဖြင့်ပစ်၏။ ဦးရီးတော် မင်းညီနောင်နှစ်ပါးတို့ ခေါင်းထက်၌ကျ၍ နေရာတွင်ပင် နတ်ရွာလားကြကုန်၏။ ထိုအခါ လူအပေါင်းတို့လည်း ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် မင်းသား ညီနောင် တစ်ကျိပ်တို့၏ခြေရင်း၌ ဝပ်စင်းကုန်လျက်-

"အရှင်တို့သည် အကျွန်ုပ်တို့၏ ကိုးကွယ်အားထားရာ ဖြစ်ကြပါပေ၏"

ဟူ၍ လျှောက်ထားကြကုန်၏၊ မင်းညီနောင်တစ်ကျိပ်တို့လည်း အသိတဥ္စနမြို့၌ မင်းပြုကြကုန်၏၊ မယ်တော်၊ ခမည်းတော်တို့ကိုလည်း ထိုမြို့မှာပင် ထားကြကုန်၏။ ထို့နောက် မင်းညီနောင်တို့သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ မင်းအဖြစ်ကိုယူကြမည်ဟူ၍ မြို့မှ ထွက်လေ၏။

ဦးစွာ ကာလယောနကမင်းကို ဖမ်းဆီး၍ အယုဇ္ဈပြည်ကို သိမ်းပိုက်၏။ ပြီးလျှင် ဒွါရာဝတီမြို့သို့ သွားကြကုန်၏။ ထိုမြို့ကား မျက်နှာတစ်ဖက်၌ သမုဒ္ဒရာ၊ အခြားတစ်ဖက်၌ တောင်ရှိ၏။ ဘီလူးတို့ သိမ်းဆည်းထားသော မြို့လည်းဖြစ်၏။ မြို့ကို စောင့်ရှောက်သော ဘီလူးသည် ရန်သူကိုမြင်လျှင် မြည်းအသွင်ဆောင်ကာ မြည်းအသံပြု လေ၏။ ထိုအခါ မြို့သည် ကောင်းကင်သို့ပျံတက်ကာ သမုဒ္ဒရာ အလယ် ကျွန်းငယ်တစ်ခု၌တည်၏။ ရန်သူတို့ ပြည်လည်ဆုတ်ခွာ သွားသည်ရှိသော် မူလနေရာသို့ ပြန်လည်ပြောင်းရွှေ့တည်လေ၏။

ထိုမင်းညီနောင်တို့သည် ဒွါရာဝတီမြို့သို့ ရောက်သည်ရှိ သော် ဘီလူးသည် မြည်းအသွင်ဆောင်ကာ မြည်းအသံကို ပြုလေ၏။ ဤတွင် မြို့သည် ကောင်းကင်သို့ပျံတက်၍ သမုဒ္ဒရာကျွန်းငယ်တစ်ခု၌

http://www.dhammadownload.com



တည်လေ၏။ မင်းညီနောင်တို့လည်း မြို့ကိုမမြင်၍ ပြန်ကုန်ကြလေသော် တစ်ဖန် မြို့သည်လည်း မူလနေရာသို့ ပြန်လည်ရောက်ရှိကာ တည်လေ၏။ နောက်တစ်ကြိမ် ပြန်လာသောအခါတွင်လည်း ရှေးနည်းတူပင် ဖြစ်ပြန်၏။ မင်းညီနောင်တို့လည်း သိမ်းယူခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုအခါက 'ကဏှဒီပါယနရသေ့'ထံသွား၍ လျှောက်ထားကြကုန်၏။ ရသေ့လည်း-

"မင်းသားတို့ ကျုံးအပြင်၌ မြည်းတစ်ကောင်ရှိ၏။ ထိုမြည်းသည် ရန်သူကိုမြင်လျှင် မြည်၏၊ ထိုခဏ၌ ကောင်းကင်သို့ပျံတက်၍သွား၏။ သင်တို့သည် မြည်းတို့၏ခြေတို့ကို ကိုင်ကြကုန်၊ အလွယ်တကူ သိမ်းယူနိုင်လိမ့်မည်"

ဟူ၍ ပြောဆိုလေ၏။ ထို့နောက် မင်းညီနောင်တို့လည်း မြည်းထံသို့သွား၍ ခြေတို့ကိုင်ကာ ဝပ်၍-

"အရှင် အကျွန်ုပ်တို့မြို့ကို သိမ်းယူသည့်အခါ အသံမမြည်ပါနှင့်"

ဟု တောင်းပန်လေ၏။

"မင်းသားတို့ ငါသည် မမြည်ဘဲမနေနိုင်၊ ရှေးဦးစွာ လေးယောက်သောသူတို့သည် သံချောင်းကြီးလေးချောင်းကိုယူ၍ သံကွင်းတပ်ပြီးလျှင် မြို့တံခါးလေးမျက်နှာတို့၌ စိုက်ထားကြကုန်၊ မြို့ပျံမည်ပြုသောအခါ သံချောင်းရှိ သံကွင်းတို့ကို သံတံတင်း၌ စွပ်ထားကြကုန်။ ဤသို့တွင် မြို့သည် ပျံ၍မရ ဖြစ်လတ္တံ့"

ဟု ပြောဆိုလေ၏။ မင်းညီနောင်တို့လည်း မြည်း ပြောသည့်အတိုင်း အသင့်စီမံ၍ ထားကြကုန်၏။ ထိုခဏ၌ မြည်းသည် မြည်လေ၏။ မြို့သည် ပျံတက်ရန် ကြိုးစား၏၊ ထိုအခါ တံခါးလေးမျက်နှာရှိ မင်းသားလေးပါးတို့သည် သံချောင်းတို့ကိုကိုင်ကာ ထိုသံချောင်းရှိ သံကွင်းတို့အားစိုက်ထားသော သံတံတင်း၌ စွပ်ကြကုန်၏။

http://www.dhammadownload.com



မြို့သည် ပြန်မတက်နိုင်လေ။ ထိုအခါ မင်းသားတို့သည် မင်းကိုသတ်၍ တိုင်းပြည်ကို သိမ်းပိုက်ကြလေ၏။

ဤသို့ဖြင့် ဇမ္ဗူဒိပ်ကျွန်း၌ ခြောက်သောင်းသုံးထောင်သော မင်းတို့ကိုဖမ်း၍ ဧကရာဇ်မင်းပြုကြကာ ဒွါရာဝတီမြို့မှာပင် နေကြလေ၏။ မင်းသားတို့လည်း ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ရရှိသည့်အခါ ဆယ်စုပြု၍ ခွဲဝေယူကြ၏။ နှမတော် အဥ္စနဒေဝီအတွက်မူ သတိမရဘဲ ကျန်ရစ်ခဲ့၏။ ထို့နောက် ဆယ့်တစ်စုပြု၍ ဝေကြမည်ပြုသောအခါ အင်္ကုရမင်းသားသည်-

"အကျွန်ုပ်၏ဝေစုအား နှမတော်ကိုပေးပါ၊ ကျွန်ုပ်အား ကုန်သွယ်၍ အသက်မွေးပါမည်၊ ကင်းခွန်ကို လွှတ်ငြိမ်းခွင့်ပြုပါလော့"

ဟု တောင်းပန်၏။ နောင်တော်မင်းသားတို့ကလည်း သဘောတူညီကြ၏။ သို့ဖြင့် အင်္ကုရမင်းသား၏ဝေစုကို နှမတော်ကိုပေး၍ နှမတော် အဥ္စနဒေဝီနှင့် မောင်တော်ကိုးယောက်တို့သည် ဒွါရာဝတီမြို့၌ နေကြလေ၏။

အင်္ကုရမင်းသားလည်း ကုန်သွယ်၍ အသက်မွေး၏။ နောင်ကာလကြာသော သားသမီးတို့ ပွားစီးကြကုန်၏။ မယ်တော် ခမည်းတော်တို့လည်း သက်တမ်းစေ့နေကာ ကွယ်လွန်ကြလေ၏။ ထို့အခါ ကာလက လူတို့၏သက်တမ်းသည် နှစ်ပေါင်းတစ်သောင်း ရှည်လေ၏။

ထိုအခါ ဝါသုဒေဝမင်းကြီး၏သားတော်တစ်ပါးသည် သေလွန်လေ၏။ မင်းကြီးလည်း ပူဆွေးသောကရောက်၍ ညောင်စောင်းပေါ်၌သာ လဲလျောင်းနေလေတော့၏။ ဤတွင် ညီတော် ဃဋပဏ္ဍိတ်လည်း-

"နောင်တော်၏သောကကို ငါပါးတစ်ပါး ဖျောက်နိုင်သူမရှိ၊ ငါသည် ပရိယာယ်ဖြင့်ဖျောက်အံ့"

http://www.dhammadownload.com



ဟု ကြံစည်ကာ သူရူးအသွင်ဆောင်လျက်-

"ငါ့အား ယုန်ပေးပါ၊ ယုန်ပေးပါလော့"

ဟု ကောင်းကင်သို့မော့ကြည့်ကာ မြည်တမ်းရေရွတ်ရင်း တစ်မြို့လုံးသို့ လှည့်လေ၏။ ထိုအခါ ဃဋပဏ္ဍိတမင်းသား ရူးသွပ်သွားပြီဆိုသောသတင်းသည် တစ်မြို့လုံးအနှံ့ ပျံ့နှံ့သွားလေတော့၏။ ထိုစဉ်မှာပင် ရောဟိဏေယျအမတ်သည်ဝါသုဒေဝမင်းကြီးထံသွား၍-

"အရှင်မင်းကြီး ထတော်မူပါလော့၊ အဘယ့်ကြောင့် သလွန်ညောင်စောင်းထက်၌သာ လဲလျောင်းနေဘိသနည်း၊ အရှင်မင်းကြီး၏ ညီတော်အရင်းဖြစ်သော ဃဋပဏ္ဍိတကား နှလုံးလေဟပ်ကာ ရူးသွပ်သွားပြီး ကောင်းကင်ကိုမော့ကြည့်လျက် 'ယုန်ပေးပါ ယုန်ပေးပါ'ဟူ၍ မြည်တမ်းနေဘိ၏"

ဟု အသိပေး လျှောက်ထားလေ၏။ မင်းကြီးလည်း ညီတော်ကိုချစ်ခြင်းဖြင့် သလွန်ညောင်စောင်းမှ ထလေ၏။ ပြီးလျှင် ညီတော် ဃဋပဏ္ဍိတအား ရှေ့တော်သို့ဆောင်ယူစေလေ၏။ ညီတော် ရောက်လာသည်ရှိသော် လက်နှစ်ဖက်တို့ကို ကြင်နာယုယစွာ ကိုင်တော်မူလျက်-

"အို... ညီထွေး ဃဋပဏ္ဍိတ၊ အဘယ့်ကြောင့် သူရူးကဲ့သို့ ဖြစ်ရလေသနည်း၊ အဘယ့်ကြောင့် ဣန္ဒါဝါရာဝတီတစ်မြို့လုံးကို လှည့်လည်၍ ယုန်ပေးပါ ယုန်ပေးပါဟု မြည်တမ်းနေဘိသနည်း။ အဘယ်သူသည် ညီထွေး၏ယုန်ကို ခိုးယူထားလေသနည်း"

ဟု မေးမြန်းတော်မူလေ၏။ ဃဋပဏ္ဍိတလည်း နောင်တော် ဝါသုဒေဝမင်းကြီး အမေးရှိလာသည့်တိုင် မပြောမဆိုသေးဘဲ ယုန်ပေးပါ ယုန်ပေးပါဟူ၍ အပေါ်သို့မော့ကြည့်ကာ မြည်တမ်းပြန်လေ၏။ ထိုအခါ မင်းကြီးလည်း-

http://www.dhammadownload.com



"အို... ညီထွေးဃဋ္ဋပဏ္ဍိတ သင့်အား နော်တော်သည် ရွှေဖြင့်ပြီးသောယုန်၊ ငွေဖြင့်ပြီးသောယုန်၊ ပတ္တမြားဖြင့်ပြီးသောယုန်၊ ကြေးနီဖြင့်ပြီးသောယုန်၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာတို့ဖြင့် ပြီးသောယုန်တို့ကို ပြုလုပ်ပေးပါမည်၊ ထိုမှျမက တောခွ ကျင်လည် ကျက်စားသော ယုန်တို့ကိုလည်း ယူ၍ပေးပါမည်၊ ညီထွေးသည် အဘယ်သို့သော ယုန်ကို အလိုရှိပါသနည်း"

ဟု မေးမြန်းတော်မူလေ၏။ ဤတွင် ဃဋ္ဋပဏ္ဍိတလည်း-

"အို... နောင်တော်အရှင်မင်းမြတ်၊ အကျွန်ုပ်သည် တောခွ ကျင်လည်ကျက်စားစော ယုန်ကိုလည်းကောင်း၊ နော်တော်ပြုလုပ်ပေး မည့် ရွှေ၊ ငွေ၊ ပတ္တမြား အစရှိသည့် ယုန်တို့ကိုလည်းကောင်း အလိုမရှိပါ၊ အကျွန်ုပ် အလိုရှိသည်ကား ကောင်းကင်ပေါ်ရှိ လဲ့ထင်နေသော ယုန်ကို အလိုရှိပါ၏၊ ထိုယုန်ကိုသာလျှင် ယူဆောင်၍ပေးပါလော့"

ဟု ပြောဆိုလျှောက်ထား တောင်းခံလေ၏၊ ထိုစကားကို ကြားလျှင် နော်တော်မင်းကြီးလည်း 'ငါ၏ညီတော်ကား မုချမသွေ ရူးနေချေပြီ'ဟူ၍ နှလုံးမသာမယာ ဖြစ်လာလေရကား-

"အို... ညီထွေးဃဋ္ဋပဏ္ဍိတ သင်ကား လဲ့ထင်ဟပ်နေ သော ယုန်ကို တောင့်တဘိ၏၊ ထိုသို့ တောင့်တခြင်းသည် ဖြစ်နိုင် ကောင်းသော အရာမဟုတ်"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ဃဋ္ဋပဏ္ဍိတလည်း နောင် တော်၏စကားကိုကြားလျှင် မတုန်မလှုပ်ရပ်လျက်-

"နောင်တော် အရှင်မင်းမြတ်၊ ဤသို့ လဲ့ထင်ဟပ်သော ယုန်ကိုမရနိုင်ဟူ၍ ဆိုးမဘိ၏။ ထိုသို့ မဖြစ်နိုင်မှန်းကိုသိပါလျက်နှင့် နောင်တော်သည် လွန်ခဲ့သော ကာလခန့်က သေလွန်ပြီးဖြစ်သော သားအား ပြန်မရှင်နိုင်မှန်း၊ အသက်ပြန်မရနိုင်မှန်း အဘယ့်ကြောင့် မသိသေသလော"

http://www.dhammadownload.com



ဟူ၍ လျှောက်ထားပြောဆို၏။ ထို့နောက်-

"နောင်တော် အရှင်မင်းမြတ်၊ ဖြစ်ပြီးသောသားသည် တစ်ဖန် မသေပါစေလင့်ဟူ၍ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့တောင့် တ၍ မရအပ်ကြကုန်၊ ထို့ကြောင့် တောင့်တ၍မရအပ်သောသဘောကို တောင့်တနေသဖြင့် အဘယ်မှာလျှင် လာ၍ရနိုင်ပါအံ့နည်း-

နော်တော် အရှင်မင်းမြတ် နောင်တော်ကား တမလွန်ဘဝသို့ ကူးပြောင်းသွားလေပြီးဖြစ်သောသူကို အဘယ့်ကြောင့် စိုးရိမ်ပူဆွေး နေရပါသနည်း၊ မန္တရား၊ ဗေဒင်၊ ဆေးမြစ်ပေါင်း၊ အထူးထူးသော ဆေး၊ ဥစ္စာငွေကြေးပေး၍လည်း တစ်ဖန် ပြန်ရှင်လာခြင်းငှာ မတတ်နိုင်စကောင်းပါ"

ဟူ၍ ကျိုးကြောင်းပြကာ တရားချလေ၏။ မင်းကြီးလည်း ညီတော်၏ မှုတမှန်ကန်သော တရားစကားကိုကြားရလျှင် အသိတရားတို့ ဝင်လာပြီး-

"ငါ့အား စိုးရိမ်သောကတို့ ပယ်ဖျောက်စေခြင်းငှာ ညီတော်သည် ဤသို့သော ပရိယာယ်ကို ပြုလေ၏"

ဟူ၍ ချီးကျူးလေ၏၊ ထိုအချိန်မှစ၍ ငိုကြွေးမြည်တမ်းခြင်း မပြုတော့ဘဲ သောကတို့ ချုပ်ငြိမ်းလေ၏။ ထို့နောက် မင်းညီနောင် တစ်ကျိပ်၏သားတော် မင်းသားတို့သည်-

"အမောင်တို့ ကဏှဒီပါယနရသေ့ကြီးသည် ဒိဗ္ဗစက္ခု အဘိညာဉ်ရသည်ဟူ၍ ပြောစမှတ်ပြုကြ၏။ ဟုတ်မဟုတ် မှန်မမှန်ကို ငါတို့ စုံစမ်းကြမည်"

ဟူ၍ အညီအညွတ် တိုင်ပင်ကြကာ မင်းသားငယ်တစ်ပါးကို တန်ဆာဆင်လျက် ကိုယ်ဝန်ဆောင် မိန်းမအယောင်ဆောင်စေ၏။ ထို့နောက် ရသေ့ကြီးထံ ခေါ်သွားပြီးလျှင်-

http://www.dhammadownload.com



"အရှင်ရသေ့ ဤသူငယ်မကား မည်သည့်ရတနာကို မွေးဖွားလေမည်နည်း"

ဟူ၍ လျှောက်ထားမေးမြန်းကြလေ၏။ ရသေ့ကြီးလည်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုလတ်သည်ရှိသော် မင်းညီနောင်တစ်ကျိပ်တို့ ပျက်စီးသီးချိန်ရောက်တော့မည့်အဖြစ်ကိုလည်းကောင်း ယနေ့ ပင် မိမိ သေရမည့်အဖြစ်ကိုလည်းကောင်း သိရှိတော်မူပြီး-

"မင်းသားတို့ မည်သည့် ရတနာ ဖွားမြင်မည်ကိုပြောဆို၍ အဘယ်အကျိုးရှိမည်နည်း"

ဟု မိန့်လေ၏။

"အရှင်ဘုရား အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမဲ့သည်ဖြစ်စေ မိန့်တော်မူပါလော့"

"ကောင်းပေပြီ မင်းသားတို့၊ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ရှားသားတို့ကို ဖွားမြင်လတ္တံ့၊ ထိုရှားသားတုံးဖြင့် ဝါသုဒေဝမင်းမျိုး ပျက်စီးလတ္တံ့၊ စင်စစ်သော်ကား သင်တို့သည် ဖွားမြင်သောရှားသားတုံးကိုယူ၍ မီးဖုတ်ကာ ရလာသောပြာအား မြစ်အတွင်းသို့ မျှောချလော့"

"ဟယ်... စဉ်းလဲသော ရသေ့ပျက်၊ ယောကျ်ားဟူသည် အဘယ်မှာလျှင် သားဖွားနိုင်ပါမည်နည်း၊ သင်ကား လိမ်ညာလှည့်ဖျား ပြောဆိုပေ၏"

မင်းသားတို့လည်း ရသေ့အား ကြိုးဖြင့် ထန်းဖူးစီးစီးကာ ညှဉ်းဆဲသတ်ပုတ်ကြကုန်၏။ ထိုဒဏ်ရာဒဏ်ချက်တို့နှင့်ပင် ရသေ့ကြီးလည်း အသက်ဆုံးရှုံးရလေ၏။

မင်းကြီးလည်း မင်းသားငယ်တို့ကိုခေါ်စေ၍ မေးတော်မူရာ အကြောင်းစုံကို လျှောက်ထားကြသည်ရှိသော် လွန်စွာ ကြောက်လန့်တော်မူလေ၏။ သူငယ်တို့လည်း အစောင့်အရှောက်ပေးတော်မူကုန်

http://www.dhammadownload.com



၏။ ခုနစ်ရက်မြောက်သောနေ့၌ ရှားသားတုံးကို ဖွားမြင်လေ၏။ ထိုအခါ ရှားသားတုံးကိုယူ မီးဖုတ်ပြီး ရလာသောပြာတို့အား မြစ်၌ မျှောကြကုန်၏။ ထိုပြာသည် မြစ်ကမ်းပါးတစ်ဖက်၌ တင်လေ၏။ ထို့နောက် ပြိန်းမြက်တို့ပေါက်လေ၏။

တစ်နေ့သ၌ မင်းသားတို့သည် မြစ်ဝ၌ မဏ္ဍပ်ဆောက်လုပ်ပြီးလျှင် အကြီးအကျယ် ရေပွဲသဘင် ကစားကြကုန်၏။ ထိုမှ စားကြသောက်ကြစဉ် ခြေလက်တို့ထိပါးသဖြင့် အုပ်စုနှစ်စုကွဲကာ ကြီးစွာ ခိုက်ရန်ဖြစ်ပွားကြလေ၏။ ရိုက်နှက်ရန် လက်နက်မရသည့်အခါ ပြိန်းရွက်တို့ကို ကိုင်ကြကုန်၏။ ကိုင်တိုင်း ကိုင်တိုင်း ပြိန်းရွက်တို့သည် ရှားသားကျည်ပွေ့များ ဖြစ်လာကြ၏။ ထိုရှားသား ကျည်ပွေ့တို့ဖြင့် အချင်းချင်း သတ်ပုတ်ရိုက်နှက်ကြလေရာ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရှိကြကုန်၏။

ထိုအခါ ဝါသုဒေဝမင်းကြီး၊ ဗလဒေဝမင်းကြီး၊ နှမတော် အဉ္ဇနဒေဝီ၊ ပုရောဟိတ်ပုဏ္ဏား ဤလေးယောက်တို့သည် ရထားစီး၍ ပြေးကြလေ၏။ ကာလမိတ္တိက တောအုပ်သို့ရောက်လျှင် ရန်သူဖြစ်ဖူးသော ဘီလူးကြီးသည် ဗလဒေဝမင်းကြီး လာသည်ကိုမြင်လျှင် တောအုပ်၌ ရွာဖန်ဆင်း၍ လက်ပမ်းသည်အသွင်ဖြင့် -

"မည်သူ လက်ဝှေ့ထိုးသတ်လိုသနည်း၊ လက်ပမ်းလုံးလိုသနည်း"

ဟူ၍ ကြုံးဝါးကြွေးကြော်လျက် လက်ပမ်းပေါက်ခတ်ကာ လှည့်လည်၏။ ဗလဒေဝမင်းကြီးလည်း နောင်တော်အား လက်ဝှေ့သတ်လိုကြောင်း ပြောဆို၏။ ဝါသုဒေဝမင်းကြီး တားမြစ်စဉ်မှာပင် ရထားပေါ်မှဆင်းကာ ဘီလူးထံသို့သွား၏။ ဟစ်အော်ကြုံးဝါး၍ လက်ပမ်းပေါက်ခတ်၏။ ဘီလူးလည်း ဗလဒေဝအား လက်ကိုဆန့်၍ကိုင်ကာ ကြာစွယ်ကြာရင်းကို စားဘိသည့်အလား ဝါးမျိုစားသောက်လေ၏။

http://www.dhammadownload.com



ဝါသုဒေဝမင်းလည်း ဗလဒေဝမင်းကြီး သေလွန်သည်ကိုသိလျှင် နှမတော် အဉ္စနဒေဝီနှင့် ပုရောဟိတ်တို့ကိုခေါ်ဆောင်၍ ညဥ့်သုံးယံပတ်လုံးသွားလေရာ နံနက် မိုးသောက်သည်ရှိသော် ရွာတစ်ရွာတစ်ရွာအစွန်သို့ရောက်လေ၏။ ထို့နောက် ထမင်းချက်ယူခဲ့ရန် နှမတော်နှင့် ပုရောဟိတ်ပုဏ္ဏားတို့ကိုလွှတ်၍ မိမိမှာမူကား ချုံတစ်ချုံတွင်းသို့ဝင်ကာ အိပ်လေ၏။ ဤတွင် ဇရာအမည်ရှိ မုဆိုးတစ်ဦးသည် ချုံလှုပ်သည်ကိုမြင်လျှင် ဝက်ဖြစ်လိမ့်မည်ထင်မှတ်၍ လှံဖြင့်ထိုးလေ၏။ လှံသည် ဝါသုဒေဝမင်းကြီး၏ခြေကို ထိုးမိလေ၏။ မင်းကြီးလည်း သတိထား၍ ထပြီးလျှင်-

"အဆွေ မကြောက်ပါနှင့်၊ ငါ့ထံ လာပါလော့"

ဟု ပြောဆိုလေ၏။ မုဆိုး ရောက်လာသည်ရှိသော် အမည်ကိုမေး၏။ ဇရာမှန်းသိလျှင်-

"ငါ့အား ဇရာမည်သောသူ ထိုး၍ သေလိမ့်မည်"ဟု ပညာရှိတို့ ပြောဖူး၏၊ ကေန်မချွတ် ယနေ့ ငါ သေရတော့မည်၊ လှံကိုနှုတ်၍ ကြပ်စည်းပေးပါ"

ဟူ၍ ခိုင်းလေ၏၊ မုဆိုးလည်း ကြပ်စည်းပေးပြီးနောက် ထွက်ခွာသွားလေ၏။ ဝါသုဒေဝမင်းကြီးလည်း ဝေဒနာပြင်းထန်လှသည့်အတွက် နှမတော်နှင့် ပုရောဟိတ်တို့ ဆောင်ယူလာခဲ့သောထမင်းကိုပင် မစားနိုင်တော့ပေ။ သေခါနီးသည်ရှိသော် နှမတော်နှင့်ပုဏ္ဏားတို့ကိုခေါ်၍-

"သင်တို့သည် နူးညံ့သိမ်မွေ့ကြကုန်၏၊ တစ်စုံတစ်ခုသောအမှုကိုပြုလုပ်၍ အသက်မွေးနိုင်ကြမည်မဟုတ်"

ဟု ပြောဆိုဆုံးမပြီးလျှင် မန္တန်တစ်ခုသင်ပေး၍ လွှတ်လိုက်၏။ မင်းကြီးသည် ထိုချုံထဲမှာပင် နတ်ရွာစံလေ၏။ ဤသို့လျှင်

http://www.dhammadownload.com



အဋ္ဌနဒေဝီကိုထား၍ မင်းညီတော် တစ်ကျိပ်သားမြေးတို့နှင့် ဒွါရာဝတီပြည်သူပြည်သားတို့လည်း ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သားသေသော သူကြွယ်လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာလည်း အတိတ်၊ ပစ္စုပ္ပန်နှစ်ဝတ်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုအခါ ရောဟိဏေယျသည် ယခုအခါ အာနန္ဒာ၊ ဝါသုဒေဝမင်းကြီးသည် သာရိပုတ္တရာ၊ ကြွင်းသောပရိသတ်သည် ဘုရားရှင်၏ပရိသတ်ဖြစ်လာပြီး ဃဋပဏ္ဍိတသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၅။ မာတုပေါသကဇာတ်



http://www.dhammadownload.com

# (၄၅၅)
# မာတုပေါသကဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ ကိုးကွယ်မှီခို အားထားရာ ဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက အမိကိုလုပ်ကျွေးသော မထေရ်တစ်ပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဟိမဝန္တာတော၌ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်မင်းရှိလေ၏။ အံဆင်းလှပြီး ကြည်ညိုဖွယ်ရာရှိသော ဆင်မင်းသည် ဆင်နှစ်သောင်းတို့ခြံရံကာ နေထိုင်လေ၏။

ဆင်မင်း၏မယ်တော်ကား မျက်စိအလင်းချို့တဲ့နေ၏၊ သို့ဖြစ်၍ ဆင်မင်းသည် ကောင်းနိုးရာရာ သစ်သီးဝလံ အစားအသောက်တို့ကိုရှာဖွေလျက် မယ်တော်ထံသို့ ပို့စေ၏။ ထိုသို့ပို့ခိုင်းသော ဆင်တို့မှာ ဆင်မင်း၏မယ်တော်ထံ ပို့ဆောင်မပေးဘဲ လမ်းခုလပ်၌ မိမိတို့ဘာသာ စားသောက်ပစ်ကြလေ၏။ ဆင်မင်းလည်း ထိုအကြောင်းကို

http://www.dhammadownload.com



စုံစမ်းသိရှိလေသည်ရှိသော် အခြွေအရံ ဆင်အပေါင်း တို့ကိုစွန့်လွှတ်၍ မယ်တော်ကိုသာ လုပ်ကိုင်ကျွေးမွေးတော့မည်ဟု ကြံစည်လျက် ညအခါသို့ရောက်လေသော် အခြား အခြားသော ဆင် တို့မသိစေဘဲ မယ်တော်ကို ဆောင်ယူခဲ့လေ၏။ ထို့နောက်ခဏ္ဍောရဏ တောင်ခြေရှိ ပဒုမ္မာကြာအိုင်တစ်အိုင်ကို အမှီပြု၍ တောင်ဝှမ်းတစ်ခု၌ထားကာ ရှိသေစွာ လုပ်ကိုင်ကျွေးမွေးပြုစုလေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်သည် တောအရပ်တွင် မျက်စိလည် လမ်းမှားကာ ပြန်လမ်းပျောက်နေသဖြင့် သည်းထန်စွာ ငိုကြွေးနေလေ၏။ ထိုငိုကြွေးသံကို ဆင်မင်း ကြားလတ်သည်ရှိသော်-

"ဤအသံရှင်ကား ကိုးကွယ်ရာကင်းမဲ့နေသူပေတည်း၊ ငါ အထင်အရှား ရှိနေပါလျက်နှင့် ပျက်စီးခြင်းငှာ မဖြစ်သင့်"

ဟူ၍ ကြံစည်အောက်မေ့ကာ မုဆိုးထံပါးသို့ သွားလေ၏။ မုဆိုးလည်း ဆင်မင်းကိုမြင်လျှင် စိုးရွံ့ထိတ်လန့်ကာ ထွက်ပြေးရန် ကြံလေ၏။ ထိုအခါ ဆင်မင်းလည်း-

"အို... ယောကျ်ား၊ မပြေးပါနှင့်၊ သင့်အတွက် ဘေးဒုက္ခ မရှိပါ၊ သင် အဘယ့်ကြောင့် ငိုကြွေးနေရသနည်း"

ဟု မေးလေ၏။

"အရှင် အကျွန်ုပ်သည် ဤတောအုပ်အတွင်း၌ မျက်စိလည် လမ်းမှားနေသည်မှာ ခုနစ်ရက်ပင် ကြာမြင့်ခဲ့ပါပြီ၊ သည့်အတွက် စိုးရွံ့ ထိတ်လန့်ကာ ငိုကြွေးနေခြင်း ဖြစ်ပါ၏"

"အို... ယောကျ်ား စိုးရွံ့ထိတ်လန့်ခြင်း မဖြစ်ပါနှင့်၊ ငါ လိုက်ပို့မည်"

ဟု ပြောဆိုကာ ကျောပေါ်သို့တင်ပြီးလျှင် လူတို့လမ်းခရီးသို့ လိုက်လံပို့ဆောင်ပေးလေ၏။ မုဆိုးကား ယုတ်မာသောစိတ်ရှိသူ

http://www.dhammadownload.com



ဖြစ်၏။ ဗာရာဏသီသို့ ပြန်ရောက်လျှင် မင်းကြီးအား ဆင်ဖြူတော်ကိုတွေ့ခဲ့ကြောင်း တင်လျှောက်မည်ဟူသော အကြံဖြင့် လမ်းတစ်လျှောက် သစ်ပင်တောတောင်တို့ကို အမှတ်အသားပြုခဲ့၏၊ သို့ဖြင့်ပင် တောအုပ်အတွင်းမှ လွယ်ကူစွာထွက်နိုင်ခဲ့ပြီး မကြာခင်မှာပင် ဗာရာဏသီသို့ ပြန်ရောက်လေ၏။

တစ်နေ့သ၌ မင်းကြီးသည် မိမိ၏ မင်္ဂလာဆင်တော် သေလွန်သဖြင့် စိတ်နှလုံး ညှိုးချုံးနေခဲ့၏။ သည့်အတွက် မင်္ဂလာဆင်တော် ပြုလုပ်ရန် သင့်တင့်လျောက်ပတ်သော ဆင်ကိုမြင်ပါက ပြောကြားပါရန် မြို့အလုံးကို စည်လည်စေ၏။

ထိုစည်လည်သံကို မုဆိုးယုတ်ကြားလျှင် မင်းကြီးထံ ဝင်ရောက်၍-

"အရှင်မင်းကြီး အကျွန်ုပ်သည် တောအုပ်တစ်ခုအတွင်း၌ ခုနစ်ရက်ကြာမျှ လမ်းမှားနေစဉ် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ကို မြင်ခဲ့ပါ၏၊ ထိုဆင်ဖြူတော်သည် မင်္ဂလာဆင်တော် ပြုလုပ်ရန် အကောင်းမွန်ဆုံး အသင့်လျော်ဆုံး ဖြစ်ပါ၏-

အရှင်မင်းကြီး ထိုဆင်ဖြူတော်ကို အလိုရှိပါက အကျွန်ုပ် လမ်းညွှန်ပါမည်၊ အကျွန်ုပ်နှင့်တကွ ဆင်ဆရာတို့ကို စေလွှတ်တော်မူပါလော့"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း အလွန် ဝမ်းမြောက်တော်မူသဖြင့် ကောင်းပြီဟု ဆိုကာ လုံလောက်သော လခရိက္ခာတို့ကိုပေးပြီး မုဆိုးအား ဆင်ဆရာနှင့်တကွ ဆင်ဖြူတော်ကို ဖမ်းဆီးရန် စေလွှတ်လိုက်လေ၏။

ဆင်ဆရာလည်း အခြွေအရံများစွာဖြင့် မုဆိုးကို လမ်းညွှန်ပြု၍ သွားလေရာ ပဒုမ္မာကြာအိုင်၌ ကျက်စားနေသော ဆင်မင်းကို မြင်လေ၏။ ဆင်မင်းလည်း ဆင်ဆရာကိုမြင်လျှင်-

http://www.dhammadownload.com



"ဤဘေးကား အခြားသောသူကြောင့် ဖြစ်သည်မဟုတ်၊ ငါ အသက်ကို ကယ်လိုက်သော မုဆိုးယုတ်ကြောင့်ဖြစ်၏၊ ငါအား အားခွန်ကြီးမား၏၊ ဆင်တစ်ထောင်လုံးကိုပင် မှုန့်မှုန့်ညက်ညက်ကြေအောင် ဖျက်ဆီးပစ်နိုင်၏၊ ငါ အမျက်ထွက်လတ်သော် တစ်နိုင်ငံလုံးရှိ စစ်သည်ဗိုလ်ပါတို့ကိုလည်း ချေမှုန့်ဖျက်ဆီးပစ်နိုင်၏-

သို့သော်လည်း ငါ ဒေါသအမျက်ထွက်ပါက ငါ၏သီလမှာ ပျက်စီးပေရော့မည်၊ ဦးခေါင်းကို လှံမဖြင့် ထိုးချင်ထိုးပါစေ၊ ငါသည် အမျက်မထွက်ဘဲ သည်းခံကာ နေရော့မည်"

ဟူ၍ အဓိဋ္ဌာန်ပြုလျက် ဦးကင်းကိုညွှတ်ကာ ရပ်လေ၏။ ဆင်ဆရာလည်း ပဒုမ္မာကြာသို့ ဆင်းသက်ကာ ဆင်မင်း၏လက္ခဏာကိုမြင်ရုံမျှနှင့်ပင် တန်ဖိုးကိုသိလေ၏။ သို့ဖြင့်-

"ချစ်သား လာပါလှည့်၊ ငါတို့ခေါ်ဆောင်ရာကို လိုက်ပါလှည့်"

ဟူ၍ ချိုသာပြေပြစ်စွာ ခေါ်ယူပြီးလျှင် နှာမောင်းကိုကိုင်၍ မင်းကြီးထံသို့ ဆောင်လေ၏၊ ဆင်မင်း၏မယ်တော်လည်း-

"သားတော်ဆင်မင်း မလာသည်ရှိသော် မင်း၊ အမတ်ကြီးစသူတို့ ယူဆောင်သွားကြခြင်း ဖြစ်လိမ့်မည်၊ ထိုအခါတွင် ငါသည် ဤတောဌ်ပင် ပျက်စီးရပေလိမ့်မည်"

ဟု အောက်မေ့လျက် ငိုကြွေးမြည်တမ်းလေ၏။

ဆင်ဆရာလည်း ဗာရာဏသီမရောက်ခင် လမ်းခုလတ်မှပင် မင်းကြီးထံ ဆင်ဖြူရတနာရရှိခဲ့ကြောင်း အထောက်တော်ဖြင့်ကြိုတင် ကြားလျှောက်စေ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မြို့ကိုတန်ဆာဆင်၍ ထားနှင့်၏။ ဆင်ဆရာလည်း သို့ရောက်လျှင် ပန်းနံ့သာတို့ဖြင့် ထုံမွှမ်းအပ်သော ဆင်တင်းကုပ်တို့ ဆင်မင်းကိုသွင်း၍ မင်းကြီးအား ကြားလျှောက်စေ၏။ မင်းကြီးလည်း အထူးထူးသော

http://www.dhammadownload.com



ခဲဘွယ်ဘောဇဉ်တို့ကို ဆောင်ယူသွားကာ ဆင်မင်းအား ကျွေးစေ၏။ ဆင်မင်းလည်း မယ်တော်နှင့်ကင်း၍ အစာမစားတော့ပြီဟု ဓိဋ္ဌာန်ထားသဖြင့် မည်သည့် စားကောင်းသောက်ဖွယ်ကိုမျှ မစားပေ။ ထိုအခါ မင်းကြီးလည်း-

''အို... ဆင်မင်း စားကောင်းသောက်ဖွယ်တို့ကို စားပါလော့၊ အစာမစားပါက ကြုံလှီဖျော့တော့ပါလိမ့်မည်၊

အို... ဆင်မင်း၊ မင်းမှုကိစ္စတို့ကား များပြားလှ၏၊ သင်ဆင်မင်းသည် ထိုမင်းမှုကိစ္စတို့ကို ဆောင်ရွက်ရလတ္တံ့''

ဟူ၍ အစာစားရန် တောင်းပန်လေ၏။ ဆင်မင်းလည်း မင်းကြီး၏စကားကို ကြားလျှင်-

''အရှင်မင်းကြီး မျက်စိမမြင်ဘဲ စောင့်ရှောက်သူ ကင်းမဲ့နေသည့် အထီးကျန် ဆင်အိုမသည် ခဏ္ဍောရဏတောင်သို့ ရှေးရှုလျက် သစ်ငုတ်အား ခြေဖြင့် ခတ်မိလေအံ့တကား''

ဟု ပြောကြားလေ၏။ မင်းကြီးလည်း ဆင်မင်း၏စကားကို မရှင်းလင်းသဖြင့် ပြန်လည်မေးမြန်းလေ၏။

''ဆင်မင်း၊ မျက်စိမမြင်၊ စောင့်ရှောက်သူကင်းမဲ့နေသည့် အထီးကျန် ဆင်အိုမဆိုသည်မှာ ဆင်မင်းနှင့် မည်သို့ တော်စပ်ပါသနည်း''

''အရှင်မင်းကြီး ထိုဆင်အိုမဆိုသည်မှာ အကျွန်ုပ်၏အမိဖြစ်ပါ၏၊ အကျွန်ုပ်ကား မျက်မမြင် ဆင်အိုမကြီးအား ရိုသေစွာ လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်ပါ၏''

ထိုစကားကိုကြားရလေသော မင်းကြီးလည်း တုန်လှုပ်အံ့ဩသွားရလေ၏။ ဤတွင် မင်းချင်းတို့အား-

http://www.dhammadownload.com



"အမောင်တို့ ဤဆင်မင်းကား မိခင်အိုကို လုပ်ကျွေးနေသော သူတော်ကောင်း ဆင်မြတ်ဖြစ်၏၊ အနှောင့်အဖွဲ့မှ လွှတ်ကြကုန်"

ဟု အမိန့်ပေးလေ၏။

ဆင်မင်းလည်း အနှောင်အဖွဲ့မှ ကင်းလွတ်သည်ရှိသော် မင်းကြီးအား မင်းကျင့်တရားဆယ်ပါးကို ဟောကြားကာ အဆုံးအမ ပေးပြီးလျှင် ဝိမဝန္တာတောသို့ ဝင်လေ၏။ မင်းကြီးနှင့်တကွ လူအပေါင်းတို့လည်း ပန်းနံ့သာ စသည်တို့ဖြင့်ပူဇော်ကာ လိုက်ပါပို့ဆောင်ကြလေ၏။ ဆင်မင်းလည်း ထိုနေ့မှာပင် ပဒုမ္မာကြာအိုင်သို့ရောက်၍ ကြာစွယ်ကြာရင်းတို့ကို ယူပြီးလျှင် နှာမောင်းအပြည့် ရေကိုစုပ်ယူ၍ အမိထံသို့သွားလေ၏။ ဤတွင် ခုနစ်ရက်ပတ်လုံး အစာမစားရ၍ အားနည်းနေသောအမိအား အင်အားပြည့်လာစေရန် ဦးခေါင်းထက်၌ နှာမောင်းဖြင့် ရေကိုသွန်းလောင်း၏။ ထိုအခါ မိခင်ဆင်အိုမကြီးလည်း မိုးရွာသည်ဟူသော အထိမ်းအမှတ်ဖြင့်-

"ငါ့ရင်မှဖြစ်၍ ငါ့ကို လုပ်ကျွေးမွေးမြူသော သားကောင်း ဆင်မင်းသည် အရပ်တစ်ပါးသို့သွားလေ၏၊ ယခုအခါ အခါမဟုတ်ပါဘဲနှင့် အဘယ်မိုး ယုတ်မာသည် ရွာရလေသနည်း"

ဟူ၍ မိုးကို ဆဲရေးလေ၏၊ ထိုအခါ ဆင်မင်းလည်း-

"အို… မိခင်၊ ထပါလော့၊ အဘယ့်ကြောင့် ဤမျှလောက် အိပ်နေရပါသနည်း၊ သားမောင် ရောက်လာခဲ့ပါပြီ၊ လျင်မြန်သော ဉာဏ်ရှိ၍ အခြံအရံများသော ကာသိမင်းသည် သားမောင်အား ကြည်ဖြူစွာ ပြန်လွှတ်လိုက်ပေပြီ"

ဟူ၍ စိုးရိမ်သောက ရောက်နေရှာသော မိခင်အား ပြောဆိုနှစ်သိမ့်လေ၏။ ဆင်မင်း၏စကားကိုကြားလျှင် မိခင်ဆင်အိုမလည်း-

"ကာသိတိုင်းကြီး၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူ

http://www.dhammadownload.com



တတ်သော မင်းမြတ်သည် အခါခပ်သိမ်း မိခင်ကို လုပ်ကျွေးပြုစုသော သားကောင်းသားမြတ်ကို ပြန်လည်လွတ်ပေးခြင်းအတွက် အသက်ရှည်ပါစေ"

ဟူ၍ ဆုမွန်ကောင်းတောင်းလေ၏။

မင်းကြီးလည်း ဆင်မင်းကိုကြည်ညို၍ ပဒုမ္မာကြာအိုင်၏ မနီးမဝေးရှိ အရပ်မှာပင် မြို့ရွာကိုတည်ပြီးနောက် ဆင်မင်းအားလည်းကောင်း၊ ဆင်မင်း၏မယ်တော်မားလည်းကောင်း၊ နိမန္တဝတ်ပြု၍ အမြဲ လုပ်ကျွေးလေ၏။ နောင်အခါ မယ်တော် သေလွန်သည်ရှိသော် ဆင်မင်းသည် ကရဏ္ဍကမည်သော ကျောင်းသခ်မ်းသို့သွား၍ ရသေ့ငါးရာတို့ကိုလုပ်ကျွေးကာ ကုသိုလ်ကောင်းမှုပြုလျက်နေလေ၏။ မင်းကြီးလည်း ဆင်မင်းမရှိလျှင် ဆင်မင်းသဏ္ဌာန် ကျောက်ရုပ်ကိုထုလုပ်စေပြီးလျှင် ကြီးစွာသော ပူဇော်သက္ကာရကို ပြုလေ၏။ ဇမ္ဗူဒိပ်ကျွန်း၌နေကြကုန်သောသူတို့သည်လည်း နှစ်စဉ်နှစ်တိုင်း စုဝေးကာ ဆင်မင်းပူဇော်ပွဲကို ပြုလုပ်ကြကုန်၏။

ဤဒေသနာတော်ကို ဟောတော်မူ၍ သစ္စာကိုပြသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသော မထေရ်လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာလည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့

ထိုအခါက ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာ၊ မုဆိုးယုတ်သည် ဒေဝဒတ်၊ ဆင်ဆရာသည် သာရိပုတ္တရာဖြစ်လာပြီး ဆင်မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကိုပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၆။ ဇုဏှဇာတ်



http://www.dhammadownload.com

# (၄၅၆)
## ဇုဏှဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဦးထိပ်ပန်ဆင်ရာ တရားမင်းသခင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။

အာနန္ဒာမထေရ်သည် ဘုရားရှင်ထံ၌ ပယ်လေးတန် ခံလေးပါး တစ်နည်းအားဖြင့် ဆုရှစ်ပါးကို ရရှိလေ၏။

ကနဦး ကာလ။

ဗုဒ္ဓဘုရားရှင် ပထမဗောဓိ၌ ဝါတော်နှစ်ဆယ်တို့ကာလပတ်လုံး အလုပ်အကျွေးဟူ၍ အမြဲမရှိပေ။

တစ်နေ့သ၌ ဗုဒ္ဓဘုရားရှင်သည် ရဟန်းသံဃာအပေါင်း ခြံရံလျက် ဂန္ဓကုဋီတိုက်၌ နေတော်မူ၍-

"ချစ်သားတို့ ငါဘုရားရှင်ကား ကြီးရင့်တော်မူချေပြီ။ အမြဲလုပ်ကျွေးမည့်သူကို သိကြကုန်"

ဟု မိန့်တော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ထ၍ရှိခိုးလျက်-

"အရှင်ဘုရား တပည့်တော် လုပ်ကျွေးပါမည်"

http://www.dhammadownload.com



ဟု တင်လျှောက်လေ၏။ ဘုရားရှင်က လက်ခံတော်မမူ၊ ထို့နောက် ရှင်မောဂ္ဂလာန် စသော မဟာသာဝကကြီးတို့က အသီးသီး လုပ်ကျွေးပါမည့်အကြောင်း လျှောက်တင်ကြ၏။ ဘုရားရှင်လည်း ပယ်တော်မူသည်သာတည်း။ ထိုအချိန်၌ ညီတော်အာနန္ဒာကား တစ်စုံ တစ်ရာ လျှောက်ထားခြင်းမရှိ။ တိတ်ဆိတ်ငြိမ်သက်၍သာ နေလေ၏။ ဤတွင် ရဟန်းတို့လည်း ညီတော် အာနန္ဒာအား အလုပ်အကျွေးရာထူး တောင်းခံရန် တိုက်တွန်းကြလေ၏။

ထိုအခါ ညီတော် အာနန္ဒာသည် ထ၍ လက်အုပ်ချီမိုး ရှိခိုး ဦးတင်ကာ-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် တပည့်တော်အား ပယ်လေးဆုအဖြစ်-

၁။ အရှင်ဘုရား ရအပ်သော သင်္ကန်းကို မပေးခြင်း၊

၂။ အရှင်ဘုရား ဘုဉ်းပေးတော်မူသောဆွမ်းကို မပေးခြင်း၊

၃။ အရှင်ဘုရားနှင့် ဂန္ဓကုဋီတိုက်ခန်းတစ်ခုတည်း၌ အတူနေခွင့် မပေးခြင်း၊

၄။ တပည့်တော်ကိုခေါ်၍ ပင့်ဖိတ်ရာသို့မကြွခြင်း၊

စသည်တို့ကိုလည်းကောင်း၊ ခံလေးပါးဆုအဖြစ်-

၁။ တပည့်တော် ပင့်ဆောင်ရာသို့ ကြွတော်မူခြင်း

၂။ အရှင်ဘုရားကို ဖူးမြော်ရန်လာသော ပရိသတ်ကို လာသောခဏ၌ ဖူးမြော်စေခြင်းငှာ ခွင့်ပေးသနားခြင်း၊

၃။ ယုံမှားသင်္ကာဖြစ်သောခဏ၌ မေးလျှောက်ခြင်းငှာ ခွင့်ရခြင်း

၄။ ဘုရားရှင် မျက်ကွယ်အရပ်၌ ဟောအပ်သော တရားတို့ကို တပည့်တော်အား ပြည်လည် ဟောကြားတော်မူခြင်း

http://www.dhammadownload.com



စသည့် ပယ်လေးတန် ခံလေးပါး ရှစ်ပါးသော ဆုတို့ကို ခွင့်ပြုပေးသနားတော်မူပါလျှင် ဘုရားရှင်အား တပည့်တော် သည် အမြဲထာဝရ လုပ်ကျွေးသွားပါမည်ဘုရား"

ဟူ၍ လျှောက်ထားလေ၏။ ဘုရားရှင်လည်း ညီတော် အာနန္ဒာ တောင်းဆိုချက်ကို လိုက်လျောလျက် အမြဲ လုပ်ကျွေးရန် ခွင့်ပြုတော်မူလေ၏။

ရှင်အာနန္ဒာလည်း ထိုအခါမှစ၍ နှစ်ဆယ့်ငါးဝါကာလ ပတ်လုံး အလစ်အလပ်မရှိ အလုပ်အကျွေးတာဝန်ကို ယူလေ၏။ ရှင် အာနန္ဒာအား -

၁။ သောတာပတ္တိဖိုလ်ကို ရသည်နှင့်ပြည့်စုံခြင်း၊

၂။ ရှေးကောင်းမှုအကြောင်းနှင့် ပြည့်စုံခြင်း၊

၃။ မိမိ စီးပွားကိုပေးသည်နှင့် ပြည့်စုံခြင်း၊

၄။ ဘုရားရှင်မျက်မှောက်၌ နေရသည်နှင့်ပြည့်စုံခြင်း၊

၅။ အသင့်အတင့် နှလုံးသွင်းခြင်းနှင့်ပြည့်စုံခြင်း၊

၆။ ဘုရားရှင်ကို မှီရသည်နှင့် ပြည့်စုံခြင်း၊

၇။ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ဆောင်နိုင် သည်နှင့် ပြည့်စုံခြင်း

စသည့် ဂုဏ်အင်္ဂါ ခုနစ်ပါးနှင့်ပြည့်စုံသဖြင့် ဘုရားရှင်၏ သာသနာတော်၌ လွန်စွာမှ ထင်ရှားလေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌-

"ဘုရားရှင်သည် အရှင်အာနန္ဒာအား ဆုရှစ်ပါးကိုပေး၍ ရောင့်ရဲစေ၏"

ဟူ၍ ပြောဆိုနေကြလေရာ ဘုရားရှင် ကြွလာတော်မူစဉ် အလုံးစုံ သိသွားတော်မူခဲ့၏။ ဤတွင်-

http://www.dhammadownload.com



"ရဟန်းတို့ ငါဘုရားရှင်သည် အာနန္ဒာအား ယခုအခါ၌သာလျှင် တောင်းသောဆုကို ပေးသည်မဟုတ်။ ရှေးအခါ၌လည်း ပေးဖူးပြီ"

ဟု မိန့်ဆိုကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်း၌ ဇုဏှအမည်ရှိ သားတော်တစ်ပါးရှိ၏။ ဇုဏှမင်းသားလည်း အရွယ်ရောက်သည်အခါ တက္ကသိုလ်ပြည်သို့သွားကာ ပညာသင်ကြားလေ၏။

တစ်နေ့သော ညဉ့်၌ ဆင်ဆရာအိမ်မှ မိမိနေရာသို့ပြန်လာရာ မှောင်မိုက်နေသဖြင့် ပတ်ဝန်းကျင်ကို သဲကွဲစွာ မမြင်ရသည့်အတွက် ထမင်းခွက်ကိုင်လာသော ပုဏ္ဏားတစ်ယောက်ကို တိုက်မိလေ၏။ ဤတွင် ပုဏ္ဏားလည်းလဲကျကာ ကိုင်ဆွဲလာသော ထမင်းခွက်လည်း ကွဲလေ၏။ ပုဏ္ဏားလည်း ဝမ်းပန်းတစ်နည်း ငိုကြွေးလေ၏။

မင်းသားလည်း ပုဏ္ဏားကိုသနားသဖြင့် လက်ကိုကိုင်၍ ထူမ၏။ ပုဏ္ဏားလည်း-

"ချစ်သား... သင်သည် ငါ့ထမင်းခွက်ကို ကွဲအောင် လုပ်ဘိ၏။ ထမင်းခွက်ဖိုး ပေးပါလော့.."

ဟူ၍ တောင်းခံလေ၏။

"ပုဏ္ဏား... ယခုအခါ၌ ငါသည် ထမင်းခွက်ဖိုးကို မပေးနိုင်သေးပါ။ ငါကား... ဗာရာဏသီမင်း၏သားတော် ဇုဏှမင်းသား ဖြစ်၏။ ငါမင်းဖြစ်သောအခါ လာ၍တောင်းပါလော့။ သင့်ထမင်းခွက်ဖိုးကို ပေးပါမည်"

http://www.dhammadownload.com



မင်းသားလည်း ထိုသို့ ကတိပြု၏။ အတတ်ပညာကို ပြည့်စုံစွာ တတ်မြောက်လေသော် ဗာရာဏသီပြည်သို့ ပြန်လေ၏။

ခမည်းတော်မင်းကြီးလည်း သားတော်ရောက်လာသည့်အခါ

"ငါ အသက်ရှင်စဉ်မှာပင် သားတော်အား မင်းအဖြစ်ကို ကြည့်လိုလှ၏"

ဟုပြောဆိုကာ မိမိ၏ထီးနန်းစည်းစိမ်အား လွှဲအပ်ပေးလေ၏။ ဇုဏှမင်းလည်း တရားနှင့်အညီ မင်းပြုလေ၏။ ထိုအကြောင်းကို ထမင်းခွက်ကွဲဖူးသော ပုဏ္ဏားကြားလျှင်-

"ငါ့ထမင်းခွက်ဖိုးကို တောင်းရမည်"

ဟု ကြံစည်လျက် ဗာရာဏသီပြည်သို့သွားလေ၏။ ဤတွင် ဇုဏှမင်းကြီးလည်း မြို့တော်အား ဆင်တော်ဖြင့် လက်ျာရစ် လှည့်လည်တော်မူစဉ်ဖြစ်၏။ ထိုအခါ ပုဏ္ဏားလည်း မင်းကြီး မြင်လောက်သော အရပ်တွင်နေလျက် လက်ကိုမြှောက်ကာ...

"အောင်စေသတည်း... အောင်စေသတည်း..."

ဟူ၍ အော်ဟစ် ကောင်းချီးပေးလေ၏။ မင်းကြီးလည်း မြင်တော်မမူသဖြင့် လွန်သွားလေ၏။ ပုဏ္ဏားလည် မင်းကြီး မမြင်သည့်အဖြစ်ကို သိလေသော်...

"အို... မင်းမြတ်၊ အကျွန်ုပ်၏စကားကို နာတော်မူဦးလော့။ အကျွန်ုပ်သည် အရှင်မင်းကြီးထံ အလှူခံလိုသောကြောင့် ဤအရပ်သို့ ရောက်လာခြင်းဖြစ်ပါ၏။

အို... မင်းမြတ်၊ ဝေးလံသောအရပ်မှ အလှူခံရန်ရောက်လာသော၊ ရပ်လျက်ရှိသော ပုဏ္ဏားတို့ကို မကြည့်ရှုဘဲ မသွားသင့်ဟူ၍ ပညာရှိတို့ ပြောဆိုကြကုန်၏"

http://www.dhammadownload.com



ဟူ၍ အသံကျယ်စွာဖြင့် ပဋိသန္ဓာရစကားကို ပြောကြား လေ၏။ ထိုအသံကို မင်းကြီးကြားလေသော် ဆင်ထိန်းအား ချွန်းအုပ် စေ၏။ ထို့နောက် နောက်သို့ လှည့်စေ၏။

"အို... ပုဏ္ဏား၊ ငါ နားထောင်ပါ၏၊ ရပ်တည်ပါ၏၊ ဤအရပ်သို့ ရောက်လာရခြင်းအကြောင်းရင်းကို ပြောဆိုပါလော့၊ ငါ့ထံ၌ ဘာကို အလိုရှိ၍ ဤအရပ်သို့ လာရသနည်း၊ အလိုရှိရာကို ပြောပါလော့၊ တောင်းခံပါလော့..."

မင်းကြီးလည်း ထိုသို့ ဖိတ်မန္တကပြုသည်ရှိသော်-

"အို... မင်းမြတ်၊ အကျွန်ုပ်အား ရွာငါးရွာကိုလည်းကောင်း၊ ကျွန်မတစ်ရာကိုလည်းကောင်း၊ နို့စားနွားမ ခုနစ်ရာကိုလည်းကောင်း၊ အထောင်မကသော ရွှေစင်တို့ကိုလည်းကောင်း၊ အဆင်းသဏ္ဍာန် လှပ၍ အမျိုးဇာတ်တူသော မယားနှစ်ယောက်တို့ကိုလည်းကောင်း ပေးလှူတော်မူပါလော့..."

ဟု တောင်းခံလေ၏။ ထိုအခါ မင်းကြီးလည်း-

"အို... ပုဏ္ဏား၊ သင်သည် ထို့သို့ တောင်းခံရလောက် အောင် ငါ၏ အကျိုးစီးပွားကို ပြုခဲ့ဖူးပါသလော"

ဟူ၍ မေးတော်မူလေ၏။

"အို... မင်းမြတ်၊ အကျွန်ုပ်သည် မင်းကြီး၏ အကျိုးစီး ပွားကို မပြုဖူးခဲ့ပါ။ ရှေးအခါက ပေါင်းဆုံရုံသာ ပေါင်းဆုံခဲ့ဖူးပါ၏"

"အို... ပုဏ္ဏား၊ မည့်သည့်ကာလ၊ မည့်သည့်အရပ်၌ သင်နှင့် ငါ ပေါင်းဆုံခဲ့ပါသနည်း..."

"အို... မင်းမြတ်၊ သင်နှင့်ကျွန်ုပ် တက္ကသိုလ်ပြည်၌ ဆုံခဲ့ ဖူးပါ၏။ ထိုအခါ ကာလတစ်ခုသောည၌ သင်သည် ကျွန်ုပ် ကိုင်ဆွဲ

http://www.dhammadownload.com



ထားသော ထမင်းခွက်ကို ကွဲအောင်တိုက်ခဲ့ဖူးပါ၏။ ပေါင်းဆုံခြင်းက ဤမျှသာဖြစ်ပါ၏''

အို… ပုဏ္ဏား၊ ငါ မှတ်မိပေပြီ၊ ငါ၏ကတိ တည်စေရပါမည်၊ သင့်အား ငါးရာသောရွာဆုကိုလည်းကောင်း၊ ကျွန်မတစ်ရာကိုလည်းကောင်း၊ နို့စားနွားမ ခုနစ်ရာကိုလည်းကာင်း၊ အထောင်မကသော ရွှေစင်နိက္ခကိုလည်းကောင်း၊ အဆင်းသဏ္ဍာန်လှပ၍ အမျိုးဇာတ်တူသော မယားနှစ်ယောက်ကိုလည်းကောင်း ပေးပါအံ့''

''အို… မင်းမြတ်၊ သင်ကား… ကတိတည်သောသူပေတည်း။ အကျွန်ုပ်သည် သူတော်ကောင်းနှင့်ပေါင်းဖော်မိပေပြီ။ကောင်းကင်အလယ်၌ ပြည့်ဝသောလမင်း ထွန်းလင်းသကဲ့သို့ အကျွန်ုပ်လည်း လိုအပ်သောဆုတို့ ပြည့်စုံပေပြီ။ အရှင်မင်းမြတ်နှင့်ပေါင်းဖော်ရခြင်းအတွက် အကျိုးကျေးဇူးကြီးလှပေပြီ''

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း ကတိအတိုင်း ပုဏ္ဏာတောင်းဆိုသော ဆုများစွာ စည်းစိမ်အခြံအရံတို့ကို ပေးလေ၏။ ပုဏ္ဏားလည်း လိုအပ်သောဆုတို့ ရရှိသည့်အတွက် ဝမ်းမြောက်ကြည်နူးမိလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

''ရဟန်းတို့…

ထိုစဉ်အခါက ပုဏ္ဏားသည် ယခုအခါ အာနန္ဒာဖြစ်လာပြီး ဗာရာဏသီမင်းကား ငါဘုရားရှင် ဖြစ်လာ၏''

ဟုမိန့်ဆိုကာ ဇာတ်ကိုပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၇။ ဓမ္မဒေဝပုတ္တဇာတ်



http://www.dhammadownload.com

# (၄၅၇)
# ဓမ္မဒေဝပုတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ ခညောင်းပူဇော်ကော်ရော်ရှိခိုးရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်အခါက ဒေဝဒတ်မြေမြိုရခြင်း၌ စပ်လျဉ်း၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး··· လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာမာဝစရ နတ်ပြည်၌ ဓမ္မနတ်သားနှင့်အဓမ္မနတ်သားတို့ ရှိကြလေ၏။

ဓမ္မနတ်သားသည် ညအခါ လူတို့စားသောက်ပြီး နေအိမ်၌ရှိနေကြစဉ် နတ်ဝတ်တန်ဆာတို့ကိုဝတ်ဆင်လျက် ရထားကိုစီးကာ အမတ်အပေါင်းအခြံအရံတို့ဖြင့် ရွာနိဂုံးဇနပုဒ် မင်းနေပြည်၏ကောင်းကင်၌ ရပ်လေ၏။ ထို့နောက်-

''အို··· လူအပေါင်းတို့၊ အကုသိုလ်ဒုစရိုက်ဆယ်ပါးဖြစ်သော-

http://www.dhammadownload.com



(၁) ပညာရှိသူတော်ကောင်း၏ ကျေးဇူးဂုဏ်သတင်းကို ဖျက်ဆီး ပြောဆိုခြင်း
(၂) စောင်းမြောင်းငြူစူ၍ ရန်ထောင်တတ်ခြင်း
(၃) အရက်အကြောက်ကင်း၍ ဖွတ်အတင်းပြုမူတတ်ခြင်း
(၄) လောဘမောက်ပို ရမ္မက်အလိုကြီးတတ်ခြင်း
(၅) ရက်စက်ကြမ်းကြုတ်တတ်ခြင်း
(၆) အကြင်နာမေတ္တာကင်းမဲ့ခြင်း
(၇) တည်ကြည်မှုစွမ်းအား၊ အကျင့်စွမ်းအား၊ ဉာဏ်စွမ်းအား နည်းပါးတတ်ခြင်း
(၈) တကြော်ကြော်အော်၍ ငေါက်သံဖြင့်ပြောဆိုတတ်ခြင်း
(၉) အမှတ်သတိမရှိဘဲ မေ့မေ့လျော့လျော့နေတတ်ခြင်း
(၁၀) သူတစ်ပါးအတွက်မစဉ်းစားဘဲ ကိုယ့်အကျိုးသက်သက်သာ လျှင်လုယက်တတ်ခြင်း..

အစရှိသည်တို့ကို ရှောင်ကြဉ်ကြလော့။ ကုသိုလ်သုစရိုက် ဆယ်ပါးဖြစ်သော-

(၁) သူ့အသက်ကို မသတ်ခြင်း
(၂) သူ့ဥစ္စာကိုခိုးယူမှု မပြုခြင်း
(၃) သူ့မယားကို မပြစ်မှားခြင်း (ကာယကံ ၃-ပါးကို စောင့် ထိန်းခြင်း)
(၄) မဟုတ်မမှန်သောစကားကို ပြောဆိုမှု မပြုခြင်း
(၅) ကုန်းချောမှု မပြုခြင်း
(၆) ကြမ်းတမ်းသောစကားကို မပြောဆိုခြင်း
(၇) အကျိုးမဲ့စကားကို မပြောဆိုခြင်း (ဝစီကံ ၄-ပါး စောင့် ထိန်းခြင်း)
(၈) သူ့စည်းစိမ် ပျက်ပြားအောင် မကြံစည်ခြင်း

http://www.dhammadownload.com



(၉) သူတစ်ပါးပျက်စီးအောင် မတောင့်တခြင်း
(၁၀) မှန်သောအယူကို ကျင့်သုံးခြင်း (မနောကံ ၃-ပါးအား စောင့်ထိန်းခြင်း)

အစရှိသည်တို့ကို ဖြည့်ကျင့်ကြကုန်လော့။ အမိအဖတို့ကို လုပ်ကျွေးကြကုန်လော့။ ဤသို့ ပြုသည်ရှိသော် နတ်ပြည်သို့လားရ၍ ကြီးမားသော စည်းစိမ်ချမ်းကို ခံစားကြရကုန်လတ္တံ့"

ဟုကြွေးကြော်လျက် ဇမ္ဗူဒိပ်ကျွန်းကို လကျာ်ရစ်လှည့်လည်လေ၏။

ဤတွင် အဓမ္မနတ်သားလည်း ရထားကိုစီး၍ အမတ်အပေါင်းတို့ခြံရံကာ-

"အကုသိုလ်ဒုစရိုက်ကို ကျင့်ကြကုန်"

ဟုဆိုကာ ဇမ္ဗူဒိပ်ကျွန်းကို လက်ဝဲရစ်လှည့်လည်လေ၏။ ထိုအခါ နတ်သားနှစ်ပါးလည်း ကောင်းကင်တစ်နေရာ၌ ဆုံမိကြလေ၏။ အချင်းချင်းမေးကြရာ-

"ငါတို့ကား... ဓမ္မနတ်သား၏ ပရိသတ်ဖြစ်၏"
"ငါတို့ကား... အဓမ္မနတ်သား၏ ပရိသတ်ဖြစ်၏"

ဟူ၍ အသီးသီး ပြောဆိုကြကုန်၏။ ထိုအခါ ဓမ္မနတ်သားလည်း-

အို... အဓမ္မနတ်သား၊ ငါကား... လူတို့၏စည်းစိမ်ချမ်းသာကို ပြုဘိ၏။ လူတို့အား ကောင်းမှုကုသိုလ်ကို ပြုစေ၏။ ရဟန်း၊ ပုဏ္ဏားတို့အား အမြဲပင် ချီးမွမ်း၏။ ဓမ္မနတ်သားဖြစ်သော ငါသည် လူ၊ နတ်တို့၏ အပူဇော်ခံရ၏၊ ငါ့အား လမ်းဖယ်ပေးပါလော့"

ဟု ပြောဆိုလေ၏။ ထိုအခါ အဓမ္မနတ်သားလည်း-

http://www.dhammadownload.com



"အို... မေ္ဗနတ်သား၊ ငါကား အခမ္ဗရထားကို အမြဲပင် စီးနင်း၏၊ မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိ၊ အားခွန်တို့ ကြီးမား၏၊ မည်သည့်အကြောင်းကြောင့် သင့်အား လမ်းဖယ်ပေးရနည်း"

"အို... အခမ္ဗနတ်သား၊ လောက၌ ကုသိုလ်တရားသည် ရှေးဦးစွာ ဖြစ်ပေါ်ခဲ့၏၊ နောက်မှ အကုသိုလ်တရားသည် ထင်ရှားစွာ ပေါ်ထွက်ခဲ့၏၊ ငါသည် ကြီးလည်းကြီး၏၊ မြတ်လည်းမြတ်၏၊ သင့်ထက်ရှေးလည်းကျ၏၊ သို့ဖြစ်၍ ငယ်သောသင်သည် ကြီးလည်း ကြီး၊ မြတ်လည်းမြတ်၊ ရှေးလည်းကျသော ငါ့အား လမ်းဖယ်ပေးပါ လော့"

"အို... မေ္ဗနတ်သား၊ တောင်းရမ်းသဖြင့်လည်းကောင်း၊ သင့်တင့်စွာပြောဆိုသဖြင့်လည်းကောင်း သင့်အား ငါသည် လမ်းမဖယ် ပေးနိုင်၊ ဖယ်ပေးရန်လည်းမထိုက်၊ ယခု ငါတို့နှစ်ယောက်စစ်ထိုး ကြအံ့၊ ရှုံးနိမ့်သူက လမ်းဖယ်ပေးပါစေ..."

"အို... အခမ္ဗနတ်သား၊ ငါသည် အရပ်ရှစ်မျက်နှာတို့၌ ပျံ့နှံ့ထင်ရှား၏၊ ခွန်အားကြီးမား၏၊ မနှိုင်းယှဉ်အပ်သော အခြံအရံရှိ ၏၊ ငါနှင့်တူသူ မရှိ၊ ဂုဏ်အင်္ဂါအလုံးစုံနှင့် ပြည့်ဝသော ငါ မေ္ဗနတ် သားအား သင်သည် အဘယ့်ကြောင့် အောင်နိုင်ရမည်နည်း"

"အို...မေ္ဗနတ်သား၊ စင်စစ်အားဖြင့် သံဖြင့်ရွှေကိုဖြတ်နိုင် ၏။ ရွှေဖြင့်မူ သံကိုမဖြတ်နိုင်၊ အကယ်၍ ယခုအခါ ငါအခမ္ဗနတ်သား သည် သင်မေ္ဗနတ်သားကို သတ်ငြားအံ့၊ သံသည်ရွှေကို ဖျက်ဆီး သကဲ့ သို့ ဖြစ်လေလိမ့်မည်သာတည်း"

"အို...အခမ္ဗနတ်သား၊ အကယ်၍ သင်သည် စစ်ထိုးခြင်း၌ အားရှိသည်ဖြစ်အံ့၊ သင်သည် အားကြီးသည်ဆိုစေကာမူ အရိအသေ ပြုသူတို့မရှိကုန်၊ ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ငါသည်သင့်ကို

http://www.dhammadownload.com



လမ်းပေးပါအုံ၊ သင်၏ ကြမ်းကြုတ်ရိုင်းပြသော စကားတို့အားလည်း ငါသည်းခံပါ၏"

ထိုသို့ ပြောဆိုသောခဏမှာပင် အခမ္မနတ်သားသည် ရထားထက်၌ ရပ်တည်မနေနိုင်တော့ဘဲ ဦးခေါင်းစောက်ထိုးဖြင့် မြေသို့ကျလေ၏။ မြေသည် ဟက်တက်ကွဲကာ အခမ္မနတ်တသားအား အဝီစိငရဲ သို့ ဆွဲချသွားလေ၏။

မြတ်စွာဘုရားရှင်လည်း ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက်-

"ရဟန်းတို့ စစ်ထိုးလိုသော အခမ္မနတ်သားသည် ဓမ္မနတ်သား၏စကားကိုကြားရ၍ ဦးခေါင်းစောက်ထိုး ခြေလက်မိုးမျှော်ဖြစ်လျက် စစ်မထိုးရပြီဟု ပြောဆိုကာ အောက်သို့ကျလေ၏၊ ဤသို့ကျသဖြင့် အခမ္မနတ်သားကို သတ်အပ်သည်မည်ပေ၏-

ရဟန်းတို့ သည်းခံခြင်းအားနှင့်ပြည့်စုံ၍ လွန်စွာအားအင်ကြီးမားကာ မှန်ကန်သော လုံ့လရှိသဖြင့် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော ဓမ္မနတ် သားသည် အခမ္မနတ်သား၏ စစ်မိုလ်ထုကို အောင်နိုင်ခဲ့၏။ အခမ္မနတ်သားကို အပြီးတိုင် နှိမ်နင်းနိုင်ခဲ့ပြီး ရထားစီးကာ သွားလိုရာခရီးကို နှင်နိုင်ခဲ့၏-

ရဟန်းတို့ အိမ်၌ရှိသော အမိအဖနှင့် ရဟန်းပုဏ္ဏားတို့ကို အရိုအသေမပြုသောသူသည် ဤလောက၌ပင် ကိုယ်ခန္ဓာကိုစွန့်ပစ်၍ အခမ္မနတ်သား ဦးခေါင်းစောက်ထိုးကျသကဲ့သို့ သေလွန်သောအခါ ငရဲသို့လားရမည်ဖြစ်၏။

ရဟန်းတို့ အိမ်၌ရှိသော အမိအဖနှင့် ရဟန်းပုဏ္ဏားတို့ကို အရိုအသေပြုသော သူသည် ဤလောက၌ပင် ခန္ဓာကိုယ်ကိုစွန့်ပစ်၍

http://www.dhammadownload.com



ဓမ္မနတ်သား ရထားစီးနင်းသွားရသကဲ့သို့ သေလွန်သောအခါ ကောင်းရာသုဂတိထံ လားရမည်ဖြစ်၏''

ဟူ၍ ရဟန်းတို့အား ဆုံးမတော်မူလေပြီ။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

''ရဟန်းတို့-

ထိုအခါက အဓမ္မနတ်သားသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏၊ အဓမ္မနတ်သား၏ပရိသတ်သည် ဒေဝဒတ်ပရိသတ်ဖြစ်လာ၍ ဓမ္မနတ်သား၏ပရိသတ်သည် ဘုရားရှင်၏ပရိသတ်ဖြစ်လာ၏၊

ထိုအခါက ဓမ္မနတ်သားသည်ကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏''

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၈။ ဥဒယဘဒ္ဒဇာတ်



http://www.dhammadownload.com

# (၄၅၈)
# ဥဒယဘဒ္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအသီးသီး၏ တရားမီးရှူး ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ကိလေသာအစွမ်းဖြင့် သာသနာတော်၌ ပျင်းရိငြီးငွေ့သော ရဟန်းတစ်ပါးရှိလေရာ ထိုရဟန်း ကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

(ပစ္စုပ္ပန်ဝတ္ထုသည် ကုသဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့။)

ရှေး လွန်လေပြီးသောကာလ။

ကာသိတိုင်းရှိ သုရုန္ဓနမြို့၌ ကာသိကရာဇ်မင်း စိုးစံသည် ရှိသော် ထိုမင်း၌ သားသမီးမထွန်းကားပေ။ ထိုအခါ မင်းကြီးလည်း မိဖုရားတို့အား သားဆုကို တောင်းခံစေလေ၏။

ကာလမကြာမီမှာပင် မိဖုရားကြီး၏ဝမ်း၌ သန္ဓေခလေ၏။ ဖွားမြင်သောအခါ သားရတနာလေးဖြစ်ပြီး ထိုသတို့သားအား လူတို့ ၏စိတ်နှလုံးကို ပွားစေတတ်သောကြောင့် ဥဒယဘဒ္ဒဟူသောအမည် ကို မှည့်ကုန်၏။ မင်းသားလည်း ခြေဖြင့်သွားနိုင်သောကာလ၌ မင်း ကြီး၏ တစ်ပါးသောမိဖုရားမှ သမီးတော်တစ်ပါး ဖွားမြင်ပြီး ဥဒယ ဘဒ္ဒါဟု အမည်ပေးလေ၏။

http://www.dhammadownload.com



ဥဒယဘဒ္ဒမင်းသားသည် ဖွားမြင်သည့်ကာလမှအစပြု၍ မြတ်သောအကျင့်နှင့် ပြည့်စုံ၏။ အရွယ်ရောက်လာသောအခါ အတတ်ပညာတို့ တတ်မြောက်ပြည့်စုံလာခဲ့၏။ မင်းသားသည် အိပ်မက်ဖြင့်လည်း မေထုန်အကျင့်ကို မသိစဖူးပေ။ ကိလေသာအာရုံ ကာမဂုဏ်တို့ ကပ်ငြိခြင်းမရှိ။ ခမည်းတော်မင်းကြီးလည်း မင်းသားအား ဘိသိက်သွန်းလောင်း၍ မင်းမြှောက်ပြီးလျှင် ကချေသည်မတို့ကို လုပ်ကျွေးစေမည်ဟု သားတော်ထံ အကြောင်းကြားလေ၏။

မင်းသားလည်း မင်းအဖြစ်ကို အလိုမရှိပေ။ ကိလေသာအာရုံ ကာမဂုဏ်တို့၌ ကပ်ငြိခြင်းမရှိ၍ အကြိမ်ကြိမ် ငြင်းပယ်လေ၏။ မင်းကြီးကလည်း မလျှော့သောဇွဲဖြင့် အဖန်ဖန် တိုက်တွန်းလေ၏။ မင်းသားလည်း နားအေးစေတော့ဟူ၍ သဘောထားကာ-

"ခမည်းတော်ဘုရား ဇမ္ဗူရာဇ်ရွှေစင် မိန်းမရုပ်ကိုထုလုပ်၍ အဆိုပါ အရုပ်နှင့်တူသော မိန်းမကို ရပါလျှင် မင်းပြုပါမည်"

ဟူ၍ လျှောက်ကြားလေ၏။ ထိုအခါ ခမည်းတော်၊ မယ်တော်တို့လည်း ဝမ်းသာအားရဖြင့် ဇမ္ဗူရာဇ်ရွှေစင် မိန်းမရုပ်တုကို ထုလုပ်စေ၏။ ရလျှင် ပုဏ္ဏားတို့အား ထိုဇမ္ဗူရာဇ်ရွှေစင်မိန်းမရုပ်တုအား ဆောင်ယူစေကာ ဇမ္ဗူဒိပ်ကျွန်းလုံးအနှံ့ လှည့်လည်ရှာဖွေစေ၏။ သို့ရာတွင် မရကြကုန်။ ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးကို တန်ဆာဆင်မြန်းစေလျက် ရွှေစင်ရုပ်နှင့်ယှဉ်၍ ကြည့်ကြကုန်၏။ ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးသည် ရွှေစင်ရုပ်ထက် များစွာ သာလွန်နေသည်ကို တွေ့မြင်ကြရကုန်၏။ ထိုအခါ ခမည်းတော် မယ်တော်တို့သည် မင်းသားနှင့် မင်းသမီး နှစ်ဦးစလုံးကို အလိုမရှိပါဘဲနှင့် ဖအေတူ မအေကွဲဖြစ်သော ဥဒယဘဒ္ဒမင်းသားနှင့် ဥဒယဘဒ္ဒါမင်းသမီးတို့အား လက်ထက်ထိမ်းမြားပေးကြပြီး မင်းသားကို မင်းမြှောက်၏။ မင်းသမီးကို မိဖုရားကြီးအရာ၌ထားစေ၏။

http://www.dhammadownload.com



မင်းနှင့် မိဖုရားတို့သည် တစ်ဦးနှင့်တစ်ဦး ကိလေသာအာရုံ ကာမဂုဏ်တို့ဖြင့် မရောယှက်ကြဘဲ မြတ်သောအကျင့်ဖြင့်သာ နေကြကုန်၏။ ယုတ်စွအားဖြင့် ကိလေသာအစွမ်းဖြင့် ဣန္ဒြေကိုဖျက်၍ အချင်းချင်း မကြည့်ဖူးကြကုန်။ ၎င်းတို့သည်-

"ငါတို့နှစ်ယောက်တွင် ရှေးဦးစွာ သေလွန်သူက အရောက်လာ၍ မည်သည့်အရပ်၌ ဖြစ်နေသည်ဟူ၍ ဖြစ်ရာအရပ်ကို ပြောကြစတမ်း"

ဟုဆိုကာ ကတိကဝတ် ပြုကြလေ၏။

ဥဒယဘဒ္ဒမင်းကြီးလည်း ဘိသိက်ခံသည်မှ အနှစ်ခုနစ်ရာ လွန်လေသောအခါ နတ်ရွာစံလေ၏။ ထိုအခါ ဥဒယဘဒ္ဒါမိဖုရားကြီးသည် ဘုရင်မအဖြစ် အုပ်ချုပ်လေ၏။ မင်းကြီးသည် တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်၍ စည်းစိမ်အခြံအရံများလှသဖြင့် စည်းစိမ်ယစ်ကာ ခုနစ်ရက်ပတ်လုံး သတိမရဘဲဖြစ်နေ၏။ လူတို့အရေအတွက်အားဖြင့် အနှစ်ခုနစ်ရာလွန်၍ ဆင်ခြင်သည်ရှိသော် နောင်ဘဝက အဖြစ်အပျက် ကတိကဝတ်ထားခဲ့သည်ကို အမှတ်ရ၍ ဥဒယဘဒ္ဒါ မိဖုရားကြီးကို ဥစ္စာဖြင့် ဖြားယောင်းစုံစမ်းကာ တရားဟောလျက် ကတိကဝတ်မှ လွတ်စေအံ့ဟု ကြံစည်၏။ (ထိုကာလ၌ လူတို့၏သက်တမ်းသည် အနှစ်တစ်သောင်း ရှည်လေ၏။

မိဖုရားလည်း နေ့ညဉ့်အဖို့၌ တံခါးပိတ်ကာ အစောင့်အရှောက် လုံစွာထားပြီးသော ဘုံခုနစ်ဆင့်၌ရှိသော မြင့်မြတ်သည့် ကျက်သရေတိုက်ခန်းတွင် တစ်ယောက်ထီးတည်း မတုန်မလှုပ် မိမိ၏ သီလကို ဆင်ခြင်လျက်နေလေ၏။

http://www.dhammadownload.com



ထိုအခါ သိကြားမင်းသည် ရွှေပဲရုပ်ဖြင့်ပြည့်သော ရွှေခွက်ကို ယူဆောင်လာပြီးလျှင် အိပ်ဆောင်တိုက်ခန်းသို့ဝင်၍ လျှောက်ပတ်သော နေရာ၌နေလျက်-

"တင့်တယ်လှပစွာရှိသော မင်းသမီး သင်သည် ပြာသာဒ်ထက်သို့တက်၍ တစ်ယောက်ထီးတည်း နေဘိ၏၊ သင့်ကို ငါ တောင်းပန်ပါ၏၊ ဤညတစ်ညလုံး သင်နှင့်ငါတို့ နှစ်ယောက်တည်း နေလိုပါ၏"

ဟု ပြောဆိုလေ၏။ ထိုစကားကိုကြားရလေသော် မိဖုရားကြီးလည်း လွန်စွာ အံ့ဩသွားမိပြီး-

"ဤသုရုန္ဓရမြို့ကြီးကာ ကျုံးသုံးတန်ခြံရံဘိ၏၊ မြဲမြံလှစွာပြအိုးပစ္စင်၊ တံခါးမုခ်တို့လည်းရှိ၏၊ သန်လျက်စွဲကိုင်သော သူရဲကောင်းတို့ စောင့်ရှောက်နေသဖြင့် ဝင်လာဖို့ရာ မလွယ်ကူပေ၊

သို့ပါလျက် မည်သည့်အကြောင်းကြောင့် အကျွန်ုပ်နှင့် ပေါင်းဖက်နေလိုရပါသနည်း"

ဟု မေးလေ၏။ ထိုအခါ သိကြားမင်းလည်း မိဖုရားအား ဥစ္စာဖြင့် ဖြားယောင်းလျက် စုံစမ်းသောအနေဖြင့်-

"ကောင်းမြတ်သော အဆင်းလက္ခဏာနှင့်ပြည့်စုံလှသော မင်းသမီး၊ အကျွန်ုပ်ကား နတ်သားဖြစ်၏၊ သင်၏အထံသို့ ရောက်လာခြင်းအတွက် ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ၊ အသင်သည် အကျွန်ုပ်ကို ကြိုက်နှစ်သက်ပါသလော၊ ကြိုက်နှစ်သက်သည်ရှိသော် ရွှေပဲရုပ်ပြည့်သော ဤရွှေခွက်ကို ပေးပါအံ့"

ဟူ၍ ချစ်ကြိုက်စေလိုကြောင်း ဖြားယောင်းသွေးဆောင်လေ၏။ ထို့အခါ မိဘုရားကြီးလည်း တန်ခိုးကြီးလှစွာသော နတ်မင်း၊ အကျွန်ုပ်သည် နတ်ကိုလည်းကောင်း၊ ဘီလူးကိုလည်းကောင်း၊ လူကိုလည်းကောင်း၊ ဥဒယဘဒ္ဒမင်းကိုကျော်လွန်၍ တစ်ပါးသောသူကို

http://www.dhammadownload.com



မတောင့်တပါ၊ မြန်မြန် ပြန်သွားပါကော့၊ နောက်တစ်ဖန် ပြန်မလာပါနှင့်"

ဟူ၍ ပြောဆိုနှင်ထုတ်လေ၏။ သိကြားမင်းလည်း မိဖုရား၏စကားကို ကြားလျှင် နေရာမှာပင် ကွယ်ပျောက်၍သွားလေ၏။

နောက်တစ်နေ့ ညသို့ရောက်လေသော် ရှေးနည်းတူ ရွှေပဲရုပ်ဖြင့် ပြည့်သောငွေခွက်ကို ယူဆောင်လာပြီးလျှင် ဖြားယောင်းလိုသဖြင့် -

"အို... နှမ၊ ကာမဂုဏ်စည်းစိမ်ကို ခံစားကုန်သောသူတို့အတွက် မွေ့လျော်ခြင်းတို့တွင် မေထုန်၌မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏၊ ထို့ကြောင့် သတ္တဝါတို့သည် မကောင်းမှုဒုစရိုက်ကို ပြုကျင့်ကြကုန်၏။ နှစ်သက်ဖွယ်ကောင်းလှစွာသော မင်းသမီး၊ ဤမေထုန်၌ မွေ့လျော်ခြင်းကို မပျက်ပါစေနှင့်၊ ရွှေပဲရုပ်ပြည့်သော ဤငွေခွက်ကို ပေးပါအံ့"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ မင်းသမီးသည်-

ဤသူကား ငါနှင့်စကားပြောရသည်ရှိသော် မကြာခဏ လာလတ္တံ့၊ ထို့ကြောင့် ယခုအခါ၌ ငါသည် စကားမပြောဘဲ နေအံ့"

ဟု ကြံစည်ကာ တစ်ခွန်းတစ်ပါဒမျှ စကားမပြောဘဲနေသည်ရှိသော် သိကြားမင်းလည်း နေရာမှာတင် ကွယ်ပျောက်သွားလေ၏။

နောက်တစ်နေ့ ညဉ့်အခါ၌လည်း ရှေးနည်းအတူ အသပြာပြည့်သော ကြေးခွက်ကို ယူလာပြီးလျှင်-

"အို... နှမ၊ သင်သည် ငါ့ကို မေထုန်အမှုဖြင့် မွေ့လျော်စေခြင်းဖြင့် ဖြည့်ဆည်းပေးမည်ဆိုပါက ဤအသပြာပြည့်သော ကြေးခွက်ကို ပေးပါအံ့"

ဟူ၍ ပြောဆိုခွင့်တောင်းလေ၏။ ထိုအခါမိဖုရားကြီးလည်း-

http://www.dhammadownload.com



"အို... ယောကျ်ား၊မိန်းမအား ဥစ္စာလက်ဆောင်ဖြင့် ဖြား ယောင်းသော ယောကျ်ားမည်သည် အလိုဆန္ဒရှိစေရန် ထိုမိန်းမကို ချီးမွမ်းကာ များသည်ထက်များသော ဥစ္စာဖြင့်လာသင့်၏။ ယခု မျက်မှောက်မှာပင် ထိုသဘောနှင့် ဆန့်ကျင်ကာ အလွန်နည်းသော ဥစ္စာဖြင့်လာဘိ၏။

ဟုပြောဆိုလေ၏။ သိကြားမင်းလည်း မိဖုရားကြီး၏စကား ကိုကြားလျှင် -

"ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်လှသော...မင်းသမီး၊ လူ့ ပြည်၌လူတို့အား အသက်နှင့်အဆင်းသည် တစ်နေ့တစ်ခြား ဆုတ်ယုတ်

ဘိ၏။ ထိုကြောင့်သာလျှင် သင့်အား သစ္စာကိုလည်း ဆုတ်ယုတ်စေ ဘိ၏။ ယနေ့ပင်လျှင် အလွန် အိုမင်းလှပေပြီ။

အခြံအရံများလှစွာသော မင်းသမီး...ဤသို့ ငါမြင်စဉ်မှာပင် လျှင် သင်၏အဆင်းသည် ဆုတ်ယုတ်နေသည်သာတည်း။ နေ့ည တို့ကုန်လွန် သည်ရှိသော် ခါဝေါစရာ အကောင်အထည်မရှိသော အဖြစ်သို့ ရောက် လတ္တံ့"

ကောင်းသောပညာရှိပြီး အိုမင်းလာပြီဖြစ်သော...မင်းသမီး၊ သင်သည် ဤအရွယ်ဖြင့် မြတ်သောအကျင့်ကို ကျင့်လော့။ သို့ဆိုပါက အဆင်းလည်း လွန်စွာ ပြည့်စုံပါဘိ၏။.."

ဟူ၍ မိဖုရားကြီးအား ဥစ္စာတို့ တဖြည်းဖြည်းနည်းပါးရခြင်း အကြောင်းအရင်းကို ပြောကြားလေ၏။ ထိုအခါ မိဖုရားကြီးလည်း နတ်ပြည်၌ရှိသော စည်းစိမ်ချမ်းသာအား မေးမြန်း စုံစမ်းလိုသော ကြောင့် -

"အို...တန်ခိုးကြီးသောနတ်မင်း၊ လူတို့ အိုကုန်သကဲ့သို့ နတ်တို့ မအိုကုန်ဖူးလော။ နတ်တို့ကိုယ်၌ အရေတို့ မတွန့်လိပ်

http://www.dhammadownload.com



ကုန်ဖူးလော။ နတ်တို့၏ ခန္ဓာကိုယ်သည် အဘယ်ကြောင့် မအိုမင်း ရလေသနည်း။''

ဟူ၍ သိကြားမင်းကို မေးပြန်၏။ ထိုအခါ သိကြားမင်း လည်း-

''အို...မင်းသမီး၊ လူတို့ အိုကုန်သကဲ့သို့ နတ်တို့မှာမူ မအိုမင်းကြကုန်။ လူတို့ကိုယ်၌ အရေတွန့်လိပ်ကြကုန်၏။ နတ်တို့ မှာမူကား နေ့စဉ်နေတိုင်း အဆင်းလှကုန်၏။ စည်းစိမ်ဥစ္စာတို့ ပွား များလာကြကုန်၏။''

ဟူ၍ နတ်တို့၏ ဂုဏ်ကျေးဇူးကို ပြောကြားလေ၏။ ထို စကားကိုကြားလျှင် မိဖုရားကြီးလည်း-

''အို...တန်ခိုးကြီးသောနတ်မင်း၊ ဤလူ့ပြည်၌ လူပေါင်း များစွာတို့သည် မည်သည့်အရာကိုကြောက်၍ နတ်ပြည်သို့ မရောက်ကြ သနည်း။ ပညာရှိတို့ ဟောကြားအပ်သော နတ်ရွာလမ်းခရီးသည် အဘယ်မှာနည်း။ မည်သည့်အရပ်၌ တည်နေသော သူသာလျှင် တမလွန် လောကကို မကြောက်ကြသနည်း''

ဟူ၍ နတ်ပြည်သို့ ရောက်ရာရောက်ကြောင်း လမ်းခရီးကို မေးမြန်းလေ၏။ ထိုအခါ သိကြားမင်းသည် နတ်ရွာလားစေတတ် သော အကျင့်တရားတို့ကို ပြောဆို ဆုံးမလို၍-

''အို...နှမ၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးတို့ဖြင့် မကောင်း မှုကို မပြုရာ။ အိမ်၌ နေရသော်လည်း များစွာသော ထမင်း အဖျော် တို့ကို ပေးလှူရာ၏။ ယုံကြည်သောစိတ်၊ နူးညံ့သောစိတ်ရှိသည်ဖြစ် ၍ အလှူအဖို့ကို အမျှပေးဝေလျှက် အဆုံးအမကို လိုက်နာကာ လေး ပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် သင်္ဂြိုဟ်ရာ၏။ ချစ်ဖွယ်သော စကား၊ ပြေပြစ်နူးညံ့သော စကားကို ပြောဆိုရာ၏။ ဤဆိုအပ်ပြီးသော ဂုဏ် ကျေးဇူး၌ တည်သောသူသည် တမလွန်လောကကို မကြောက်ပေ''

http://www.dhammadownload.com



ဟူ၍ ပြောကြားလေ၏။ ထို့နောက် မိဖုရားကြီးသည်-

"အို…မြင့်မြတ်သောနတ်မင်း၊ သင်သည် အမိအဖကဲ့သို့ အကျွန်ုပ်ကို ဆုံးမပေ၏။ တင့်တယ်သော အဆင်းရှိသည့် သင်နတ်မင်းကို မေးလိုပါ၏။ သင်သည် မည်သူဖြစ်ပါသနည်း။"

ဟုမေးလေ၏။ ထိုအခါ သိကြားမင်းလည်း မိမိဖြစ်ခဲ့သော နောက်ဘဝကို ပြောကြားလိုသဖြင့်-

"အို…မင်းသမီး၊ ငါက လူဖြစ်စဉ်အခါ သင်၏ချစ်လင် ဥဒယဘဒ္ဒမင်းသား ဖြစ်၏။ ဖြစ်ရာအရပ်မှလာ၍ ပြောကြားစတမ်း ဟူသော ကတိကဝတ်ကြောင်း သင့်ထံသို့ လာခဲ့၏။ သင်နှမကိုခေါ်၍ ငါသွားမည်။ သင်သည် ကတိကဝတ်မှ လွတ်ပေပြီ။

ဟူ၍ ရှေးအကြောင်းရင်းကို ထုတ်ဖော် ပြောဆိုလေ၏။ ထိုအခါ မိဖုရားကြီးသည် လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လျှက်-

"အရှင်…အရှင်သည် ဥဒယဘဒ္ဒမင်းသား အကယ်ပင် ဖြစ်ပါပြေားအံ့။ ကတိကဝတ်ကြောင့် ဤအိပ်ရာတိုက်ခန်းသို့ လာသည် ဖြစ်ပါအံ့။ သင်မင်းသားနှင့် နောက်တဖန်ပြန်၍ လင်မယားအဖြစ် ပေါင်းဖော်ရအောင် အဆုံးအမပေးတော်မူပါ"

ဟူ၍ ခယတောင်းပန်လေ၏။ ထိုအခါ သိကြားမင်းသည် ကုသိုလ်ကမ္မပထတရားတို့အား နှေးညမပြတ် ပွားများရန် တိုက်တွန်းလိုသဖြင့်-

"အို… ဥဒယဘဒ္ဒါမင်းသမီး သတ္တဝါတို့အတွက် အရွယ်သုံးပါးသည် လျင်မြန်စွာလွန်လေ၏၊ အိုမင်းရ၏၊ နာရ၏၊ မလွဲမသွေ သေကြရ၏၊ ခန္ဓာကိုယ်သည် မမြဲ၊ မမေ့မလျော့ပါနှင့်၊ ကုသိုလ်ကမ္မ ပထတရား ဆယ်ပါးကို ကျင့်ပါလော့-

http://www.dhammadownload.com



အို… ဥဒယဘဒ္ဒါမင်းသမီး၊ သူတစ်ပါးနှင့် မအပ်စပ်သော ဥစ္စာဖြင့် ပြည့်ဝသော ပထဝီမြေပြင်၌ တစ်ယောက်တည်း ဧကရာဇ် မင်း ဖြစ်သော်ငြားလည်း တဏှာ၏အလိုသို့လိုက်သော သူသည် ထိုဧကရာဇ် မင်းအဖြစ်ကိုလည်း စွန့်လွှတ်ရ၏။ မမေ့မလျော့ပါနှင့်၊ ကုသိုလ်ကမ္မ ပထတရားဆယ်ပါးကို ကျင့်ပါလော့-

အို…ဥဒယဘဒ္ဒါမင်းသမီး မိဘ၊ ညီအစ်ကို၊ သားမယား တို့သည် ဥစ္စာဖြင့် မရောင့်ရဲနိုင်ကြကုန်၊ အချင်းချင်းလည်း စွန့်လွှတ် ကြကုန်၏၊ မမေ့မလျော့ပါနှင့်၊ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ပါလော့-

အို… ဥဒယဘဒ္ဒါမင်းသမီး ခန္ဓာကိုယ်သည် တစ်ပါးသော သတ္တဝါတို့၏ အစာဖြစ်သည်ဟူ၍လည်းကောင်း၊ သံသရာ၌ သုဂတိ၊ ဒုဂ္ဂတိဘဝတို့၌နေရခြင်းလည်း အနည်းငယ်မျှသော နေခြင်းဟူ၍လည်း ကောင်း သိမြင်၍ မမေ့မလျော့ပါနှင့်၊ ကုသိုလ်ကမ္မပထတရားဆယ်ပါး ကို ကျင့်ပါလော့"

ဟူ၍ အကျိုးအကြောင်းပြကာ ဆုံးမလေ၏။ မိဖုရားကြီး လည်း သိကြားမင်းဟောသော တရားစကားကို ကြားနာရသဖြင့် အလွန် ကြည်ညိုသည်ဖြစ်၍-

"အရှင် သတ္တဝါတို့၏အသက်သည် နည်းပါးလှ၏၊ ဆင်း လည်း ဆင်းရဲ၏၊ တိုလည်း တိုတောင်းလှ၏၊ ထိုအသက်သည်လည်း ဝဋ်ဆင်းရဲနှင့်ယှဉ်၏ဟုပြောဆိုခြင်းမှာ ကောင်းလေစွတကား။အကျွန်ုပ် သည် ဤသုရုန္ဓနမြို့ကြီးကိုစွန့်လွှတ်၍ တစ်ယောက်ထီးတည်း ရသေ့ ရဟန်း ပြုပါလော့"

ဟူ၍ သိကြားမင်းထံ ဝန်ခံလေ၏။ သိကြားမင်းလည်း အဆုံး အမ ဩဝါဒပေးပြီးလျှင် မိမိနေရာ တာဝတိံသာသို့ တက် လေ၏။

http://www.dhammadownload.com



မင်းသမီးလည်း မိုးသောက်ချိန်ရောက်သောအခါ တိုင်းပြည်အား အမတ်တို့ကို အပ်နှင်း၍ ရသေ့ရဟန်းပြုပြီးလျှင် မြို့တွင်းဥယျာဉ်တော်၌နေလျက် ရဟန်းတရားကို အားထုတ်၍ သေလွန်သောအခါ သိကြားမင်း၏ အလုပ်အကျွေး နတ်မိဖုရား ဖြစ်လေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်တွင် ငြီးငွေ့ပျင်းရိ၍ လူထွက်လိုသော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

ထိုအခါက ဥဒယဘဒ္ဒါမင်းသမီးသည် ယခုအခါ ရာဟုလာမယ်တော်ဖြစ်လာပြီး သိကြားမင်းသည်ကား ငါဘုရားရှင်ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၅၉။ ပါနီယဇာတ်



http://www.dhammadownload.com

# (၄၅၉)
# ပါနီယဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာသခင် ဦးထိပ်တင်ရာဖြစ်သော မြတ်စွာဘုရားရှင်ဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္ပာယ်သီတင်းသုံးစဉ်က အဆွေခင်ပွန်းဖြစ်ကုန်သော ရဟန်းငါးရာတို့သည် ညသန်းခေါင်ယံဝယ် ကာမဝိတက်ကြံစည်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး··· လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာသိကတိုင်းရှိ ရွာငယ်တစ်ရွာ၌ အဆွေခင်ပွန်းနှစ်ဦးရှိလေ၏။ ၎င်းတို့သည် ရေဘူးကိုယ်စီယူ၍ လယ်တောသို့သွားကာ လျောက်ပတ်သောနေရာ၌ ထား၏။ ထို့နောက် လယ်ကို ခုတ်ထွင်ကြလေ၏။ ရေငတ်သောအခါ ရေဘူးမှရေကို သောက်ကြလေ၏။ ထိုအဆွေခင်ပွန်းနှစ်ယောက်အနက် တစ်ယောက်သည် ၎င်း၏ရေကုန်မည်စိုးသဖြင့် အဆွေခင်ပွန်း၏ရေကို ခိုးသောက်လေ၏။

ညချမ်းကာလရောက်သောအခါ လယ်တောမှထွက်၍ ရေချိုး ကြသည်ရှိသော်-

http://www.dhammadownload.com



"ငါ့အား… ကာယဒွါရ၊ ဝစီဒွါရ စသည်၌ မကောင်းမှု တစ်စုံတစ်ရာပြုခြင်းများရှိခဲ့လေသလော"

ဟူ၍ စိုးရိမ်စိတ်ဖြင့် ဆင်ခြင်သောအခါ ရေကိုခိုးသောက်မိသော မကောင်းမှုကိုမြင်၍-

"ငါ့သန္တာန်၌ တဏှာပွားမိပါက အပါယ်သို့ကျလတ္တံ့"

ဟုကြံစည်တွေးတောမိပြီး ရေခိုးသောက်မိသောအပြစ်အား အာရုံပြုမိလေ၏။ ဤတွင် ဝိပဿနာကို အထပ်ထပ်အခါခါပွားစေသည့်နောက် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

ရေချိုးပြီးကြသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါ၏အဖော်-အဆွေခင်ပွန်းလည်း-

"အဆွေ… ငါတို့ အိမ်သို့ ပြန်ကြမည်"

ဟုပြောဆိုလေ၏။ ပစ္စေကဗုဒ္ဓါကလည်း-

"အဆွေ… ငါ့မှာ အိမ်သို့ပြန်ရန် အကြောင်းမရှိတော့။ အဘယ်ကြောင့်ဆိုသော် ငါသည် ယခုအခါ ပစ္စေကဗုဒ္ဓါဖြစ်သွားခဲ့ပေပြီ"

ဟုပြောလေရာ ယုံကြည်မှုမရှိခဲ့။

"အဆွေ… ပစ္စေကဗုဒ္ဓါမည်သည်ကား အဆွေကဲ့သို့မဟုတ်၊ ဆံပင်လက်နှစ်သစ်ရှိသော ဖန်ရည်စွန်းသောအဝတ်ကိုသာ ဝတ်၏"

ဤစကားကြားရလေသော် ပစ္စေကဗုဒ္ဓါလည်းသတိရသွားပြီး ဦးခေါင်းကိုလက်ဖြင့် သုံးသပ်လေ၏။ ထိုအခါ လူ့အသွင်ကွယ်ပျောက်လျက် ဆံပင်လက်နှစ်သစ်သာရှိ၍ ဖန်ရည်စွန်းသောအဝတ်ဖြင့် ရဟန်းအသွင် ဖြစ်လာ၏။ ထို့နောက် ကောင်းကင်၌ရပ်ကာ တရားဟောကြားဆုံးမပြီးလျှင် နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

ထိုမှတစ်ပါး အဆိုပါကာသိကရွာ၌ပင် သူကြွယ်တစ်ဦးရှိလေ၏။ ငှင်းထိုင်နေရာနှင့်မလှမ်းမကမ်းမှ လင်မယားနှစ်ယောက်

http://www.dhammadownload.com



ဖြတ်သွားသည်ကိုမြင်ရလေသော် မယားအပေါ်၌ တပ်မက်စိတ်ကိလေသာများ နိုးကြွးလာ၏။ ဤတွင်သူကြွယ်လည်း အသိဝင်လာ၍…

"ငါကား တပ်မက်စိတ်ကိလေသာတို့ဖြင့် မလျော်ကန်သည်ကို ပြုကျင့်ပါက အပါယ်သို့ကျလတ္တံ့"

ဟု ထိတ်လန့်လျက် လောဘကိုအာရုံပြုကာ ဝိပဿနာကိုပွားစေသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်လာပြီး နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

ထိုမှတစ်ပါး ကာသိကတိုင်း ကာသိကရွာ၌နေကြသည့် သားအဖနှစ်ယောက်တို့သည် အတူတကွ ခရီးထွက်လာကြ၏။ ၎င်းတို့သွားကြသည့် လမ်းခရီးတောအုပ်တွင်း၌ သူခိုးသူဝှက်တို့ ရှိကြကုန်၏။ (ထိုသူခိုးတို့လည်း သားအဖအား ဖမ်းမိပြီဆိုပါက သားကိုချုပ်နှောင်၍ အဖကိုပြန်လွှတ်ကာ ဥစ္စာငွေကြေးတို့နှင့်ပြန်လည်ရွေးစေ၏။ ထိုကဲ့သို့ပင် ညီအစ်ကိုနှစ်ယောက်ကိုဖမ်းမိလျှင် ညီကိုချုပ်နှောင်၍ အစ်ကိုကို ဥစ္စာအယူလွှတ်၏။ ဆရာတပည့်ကိုဖမ်းမိလျှင် ဆရာကိုချုပ်နှောင်၍ တပည့်အား ဥစ္စာကိုအယူလွှတ်၏)

ထိုအခါ ခရီးသည်သားအဖလည်း ထိုတောအရပ်သို့ဝင်၍ သူခိုးတို့ဖမ်းမိလျှင် တစ်ယောက်နှင့်တစ်ယောက် သားအဖဟူ၍ မပြောကြစတမ်းဟု ကတိကဝတ်ပြုကြလေ၏။ မကြာခင်မှာပင် တောအုပ်အတွင်းသို့ဝင်မိသည်ရှိသော် သူခိုးတို့တွေ့မြင်သွားပြီး ဖမ်းဆီးခြင်းကိုခံကြရလေ၏။ ထိုအခါ -

"သင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မည်ပုံတော်စပ်လေသနည်း"

ဟု မေးကြကုန်၏။ ထိုအခါ သားဖြစ်သူက-

"ငါတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှတော်စပ်ခြင်းမရှိ"

ဟုဖြေလေ၏။ ဤသို့ဖြင့် သာအဖနှစ်ဦးလည်း သူခိုးတို့၏လက်မှလွှတ်လေ၏။ တောအုပ်မှထွက်၍ ညချမ်းအချိန်သို့ရောက်သည်ရှိ

http://www.dhammadownload.com



သော် သားဖြစ်သူလည်း မိမိသီလကိုဆင်ခြင်မိသည်ရှိသော် မုသားကို မြင်လေ၏။ ထိုအခါ-

"ငါ၌ မကောင်းမှုမုသားပွားလတ်သည်ရှိသော် အပါယ်သို့ ကျလတ္တံ့။ မကောင်းမှုအား ချိုးနှိမ်မှုဖြစ်မည်"

ဟု ကြံစည်ကာ မုသားကိုအာရုံပြု၍ ဝိပဿနာကိုပွားသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်လာပြီး နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

ထိုမှတစ်ပါး ကာသိရွာမှ ရွာစားတစ်ဦးသည် 'သားကြီး၊ ငါးကြီးတို့ကို မသတ်ရ' ဟူ၍ စည်လည်မောင်းခတ်ခြင်းကို ပြုစေ၏။ ထိုအခါ ရွာသူရွာသားတို့လည်း စုဝေးရောက်ရှိလာကြပြီး-

"အရှင်... ယခုအခါသည် ဗလိနတ်စာကျွေးသော ကာလဖြစ်ပါ၏၊ ထို့ကြောင့် သတ္တဝါသားကောင်တို့ကိုသတ်ဖြတ်၍ ဗလိနတ်စာကျွေးလိုပါ၏"

ဟု ပြောဆိုလေ၏။ ထိုအခါ ရွာစားလည်း-

"အမောင်တို့... သို့ဆိုပါက ထုံးစံရှိသည့်အတိုင်း လုပ်ဆောင်လော့"

ဟူ၍ အမိန့်ပေးခွင့်ပြုလေ၏။ ရွာသူရွာသားအပေါင်းတို့လည်း သတ္တဝါများစွာတို့ကို သတ်ဖြတ်၍ ဗလိနတ်စာကျွေးကြကုန်၏။ ထိုအဖြစ်ကို ရွာစားမြင်ရလေသော်-

"ငါ့စကားကြောင့်... သတ္တဝါတို့ကိုသတ်ဖြတ်ကြကုန်၏"

ဟူ၍ သံသယဖြစ်ကာ လေသာပြတင်းကိုမှီလျက် ဝိပဿနာကိုပွားစေသည်ရှိသော် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ရှိပြီး နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

ထိုမှတစ်ပါး ကာသိတိုင်းမှာပင် ရွာစားတစ်ဦး သေရည်သေရက်ရောင်းဝယ်ခြင်းကို တားမြစ်လေ၏။ ထိုအခါ ရွာသူရွာသားတို့လည်း-

http://www.dhammadownload.com



"အရှင်… ရှေးအခါကတည်းကပင် သေရည်သေရက် သောက်ပွဲဟူ၍ ရှိပါ၏။ အစဉ်အလာအတိုင်း ထိုပွဲကိုကျင်းပလိုပါ၏"

ဟု တောင်းဆိုခွင့်ပန်ကြလေ၏။ ဤတွင် ရှာစားလည်း-

"အမောင်တို့… ရှေးထုံးစံရှိသည့်အတိုင်း ပြုကြကုန်လော့"

ဟူ၍ ခွင့်ပြုလေ၏။ လူတို့လည်း သေသောက်ပွဲကို ကျင်းပသည်ရှိသော် အပျော်လွန် အမူးလွန်သဖြင့် ခိုက်ရန်ဖြစ်ပွားကြလေ၏။ အချင်းချင်း သတ်ပုတ်၊ရိုက်နှက်၊ထိုးခုတ်ကြသဖြင့် ခြေကျိုး၊လက်ကျိုး၊ ခေါင်းကွဲ၊နားပဲ့ဖြစ်ကြကုန်လျက် များစွာသောဆင်းရဲကို ခံစားရကုန်၏။ ထိုအဖြစ်ကို ရှာစားမြင်လျှင်-

"ငါခွင့်ပြုသောကြောင့် ဤသို့သော ဆင်းရဲခြင်းဖြစ်ရ၏။ ငါသာခွင့်မပြုပါက ဤသို့ ဖြစ်လာလိမ့်မည်မဟုတ်"

ဟူ၍ ကြံစည်ကာ လေပြတင်းကိုမှီ၍ ဝိပဿနာကို ပွားသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

နောင်ကာလအဖို့၌ အဆိုပါ ပစ္စေကဗုဒ္ဓါ ငါးဆူတို့သည် တစ်ပေါင်းတည်းဖြစ်ကုန်လျက် ဗာရာဏသီပြည်သို့ ဆွမ်းခံလှည့်ကြကုန်၏။ ဤတွင် မင်းအိမ်တံခါးသို့ ရောက်ကြလေ၏။ မင်းကြီးလည်း ကြည်ညိုစိတ်ဖြစ်ပေါ်လျက် နန်းတော်သို့ပင့်ဆောင်ကာ ရိုသေစွာ ဆွမ်းလုပ်ကျွေးပြုစု၏။ ပစ္စေကဗုဒ္ဓါတို့ ဆွမ်းကိစ္စပြီးစီးသည်ရှိသော် မင်းကြီးလည်း-

"အရှင်ဘုရားတို့…

အရှင်ဘုရားတို့သည် ပထမအရွယ်၌ ရဟန်းပြုကြသည်ကား တင့်တယ်လှပါပေ၏။ ကာမဂုဏ်ငါးပါး၌ မည့်သည့်အပြစ်ကိုမြင်၍ ရဟန်းပြုကြလေသနည်း"

ဟူ၍ မေးလျှောက်သည်ရှိသော် ပစ္စေဗုဒ္ဓါငါးဆူအနက်မှ ပထမပစ္စေဗုဒ္ဓါလည်း-

http://www.dhammadownload.com



"အရှင်မင်းကြီး...

ငါသည် လယ်တောကိုခုတ်ထွင်ရာ၌ အခွေခင်ပွန်းဖြစ်သူ၏ရေကို ခွင့်ပြုခြင်းမရှိဘဲ ခိုးသောက်မိခဲ့၏။ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်တစ်ဖန်မပြုတော့ပြီဟုဆိုကာ ရဟန်းပြုခဲ့ခြင်းဖြစ်ပါ၏"

ဟု မိန့်ကြားလေ၏။ ဒုတိယပစ္စေကဗုဒ္ဓါသည်လည်း...

"အရှင်မင်းကြီး...

ငါသည် သူတစ်ပါးမယားအား တွေ့မြင်သည့်ခဏ၌ တပ်မက်ငြိစွန်းသောကိလေသာတဏှာ ဖြစ်ပေါ်ခဲ့၏။ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်တစ်ဖန်မပြုတော့ပြီဟုဆိုကာ ရဟန်းပြုခဲ့ခြင်း ဖြစ်ပါ၏"

ဟုမိန့်ကြားလေ၏။ တတိယပစ္စေကဗုဒ္ဓါလည်း-

"အရှင်မင်းကြီး...

ငါသည် သားအဖနှစ်ယောက်ခရီးသွားရာ သူခိုးတို့၏ဖမ်းဆီးခြင်းကို ခံရ၏။ သူခိုးတို့မေးသောအခါ မည်သို့မျှမတော်စပ်ကြောင်း မုသားဆိုခဲ့၏။ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်တစ်ဖန်မပြုတော့ပြီဟုဆိုကာ ရဟန်းပြုခဲ့ခြင်း ဖြစ်ပါ၏"

ဟု မိန့်ကြားလေ၏။ စတုတ္ထပစ္စေကဗုဒ္ဓါလည်း-

"အရှင်မင်းကြီး...

ငါသည် ဗလိနတ်စာကျွေး၍ ယဇ်ပူဇော်သောအချိန်၌ လူတို့သည် သတ္တဝါတို့ကိုသတ်ဖြတ်ရန် ခွင့်တောင်းကြ၏။ ငါလည်း ခွင့်ပြုမိခဲ့၏။ ထို့ကြောင့် သတ္တဝါများ သွေးချောင်းစီးခဲ့ရ၏။ ထိုမကောင်းမှုကို စက်ဆုပ်မိသောကြောင့် ရဟန်းပြုခဲ့ခြင်းဖြစ်၏"

ဟု မိန့်ကြားလေ၏။ ပဉ္စမမြောက်ပစ္စေကဗုဒ္ဓါလည်း-

http://www.dhammadownload.com



"အရှင်မင်းကြီး… ငါသည် သေသောက်ပွဲသဘင်ပြုချိန် အခါ၌ လူတို့အား သေသောက်ပွဲကျင်းပရန် ခွင့်ပြုမိခဲ့၏။ ထိုအခါ လူတို့သည် မူးရူးပျော်ပါးကြရာမှ ခိုက်ရန်ဖြစ်ပွားကြကုန်၏။ ဒဏ်ရာ အနာတရများ ရရှိကြကုန်၏။ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် ရဟန်းပြုခဲ့ခြင်း ဖြစ်ပေ၏"

ဟု မိန့်ကြားလေ၏။ မင်းကြီးလည်း ပစ္စေကဗုဒ္ဓါငါးဆူတို့ ရဟန်းပြုခြင်းအကြောင်းကို သိရလျှင်-

"အရှင်ဘုရားတို့… ရဟန်းအဖြစ်သည် အရှင်ဘုရားတို့နှင့် သာလျောက်ပန်လျော်ကန်လှပါ၏"

ဟူ၍ ချီးမွမ်းလျှောက်ထားလေ၏။ သင်္ကန်း၊ဆေး အစရှိသည့် အထူးထူးသောလှူဖွယ်ဝတ္ထုတို့ကိုလည်း လှူဒါန်းလေ၏။ ပစ္စေကဗုဒ္ဓါ တို့လည်း သာဓုအနုမောဒနာတရားများ ချီးမြှင့်ပြီး နန္ဒမူလိုဏ်ဂူသို့ ကြွကုန်၏။

မင်းကြီးလည်း ထိုအခါမှစ၍ ဝတ္ထုကာမတို့၌တပ်မက်တွယ်တာခြင်းမရှိတော့။ မိန်းမတို့ကို ကြည့်ရှုခြင်းမပြု၊ စကားလည်းမပြော။ ကျက်သရေတိုက်သို့ဝင်ကာ ကျောက်ဖြူနံရံကို ကသိုဏ်းရှုသည်ရှိသော် ကာလမကြာမီမှာပင် ဈာန်ကိုရလေသည်။ ဤတွင်-

"အချင်းတို့… ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ်ဖြစ်၏။ ငါကား မကောင်းသောအနံ့၊ များစွာသော ဆူးငြောင့်၊ ဘေးရှိသောကာမဂုဏ်တို့ကို မှီဝဲမိ၍ ဈာန်ချမ်းသာကိုမရခဲ့…"

ဟူ၍ ကာမဂုဏ်တို့ကို ပြစ်တင်ကဲ့ရဲ့လေ၏။ ထိုအခါ မိဖုရားကြီးလည်း-

http://www.dhammadownload.com



"ဤမင်းကား... ပစ္စေကဗုဒ္ဓါတို့၏စကားကို ကြားရသည်မှစ၍ ဆန့်ကျင်သောသဘောရှိလာ၏။ ငါတို့နှင့်စကားပြောဆိုခြင်းမရှိဘဲ ကျက်သရေခန်းတွင်း၌သာနေ၏။ အခြေအနေကိုစုံစမ်းမည်"

ဟု ကြံစည်ကာ ကျက်သရေတိုက်ခန်းတံခါး၌ရပ်လေသော မင်းကြီးထံမှ ကာမဂုဏ်တို့အား ကဲ့ရဲ့သောဥဒါန်းစကားတို့ကို ကြားရလေ၏။ ဤတွင်-

"အရှင်မင်းကြီး... ကာမဂုဏ်တို့သည် သာယာဖွယ်အလွန်ကောင်းမြတ်သော ချမ်းသာခြင်းပင် ဖြစ်ပါ၏။ ကာမဂုဏ်တို့ထက်လွန်မြတ်သောချမ်းသာခြင်းမရှိ။ ကာမဂုဏ်တို့ကို မှီဝဲသောသူတို့သည် နတ်ပြည်သို့ရောက်ရကုန်၏"

ဟူ၍ မင်းကြီးကြားအောင် ချီးမွမ်းစကားဆိုလေ၏။ မင်းကြီးလည်း မိဖုရားကြီးထံမှ မလျှော်လင့်သောစကားကို ကြားလိုက်ရသည်ရှိသော်-

"ဟယ်... သူယုတ်မ၊ အဘယ်မည်သောစကားကို ဆိုလေသနည်း"

ဟူ၍ ပြောဆိုခြိမ်းခြောက်ပြီးသည့်နောက်-

"အို... မိဖုရား၊ ကာမဂုဏ်တို့သည် မသာယာအပ်။ အလွန်ဆင်းရဲခြင်းကို ဖြစ်စေ၏။ ကာမဂုဏ်တို့ထက်လွန်ကဲသော ဆင်းရဲခြင်းမရှိ။ ကာမဂုဏ်တို့ကို မှီဝဲသောသူတို့သည် ငရဲသို့ရောက်ရကုန်၏။

ကာမဂုဏ်တို့သည် ထက်စွာသွေးအပ်သော သန်လျက်နှင့်တူကုန်၏။ လူတို့၏သွေးကိုသောက်သော သန်လျက်ကြီးနှင့်တူကုန်၏။ ရင်၌ထိုးအပ်သော လှံမနှင့်တူကုန်၏။ ကာမဂုဏ်တို့သည် ထိုသန်လျက်ဖြင့်ခုတ်ခြင်း၊ လှံမဖြင့်ထိုးခြင်းထက် လွန်စွာဆင်းရဲကုန်၏။

အို... မိဖုရား၊ ကာမဂုဏ်တို့မည်သည် ပြောင်ပြောင်တောက်လောင်နေသော မီးကျီးခဲ၊ မီးကျီးတွင်းနှင့်တူကုန်၏။ နေ့အခါ ပြင်းထန်

http://www.dhammadownload.com



စွာပူသော နေမင်းကြီးနှင့်လည်းတူ၏။ ကာမဂုဏ်တို့သည် ထိုမီးကျီးခဲ၊ မီးကျီးတွင်း၊ နေပူထက်လွန်စွာ ပူပြင်းကာ ဆင်းရဲလှကုန်၏၊

အို... မိဖုရား ကာမဂုဏ်တို့သည် လက်တလော သေစေတတ်သော အဆိပ်နှင့် တူကုန်၏ ကျိုက်ကျိုက်ဆူဝေနေသော ဆီနှင့်တူကုန်၏၊ မီးဖြင့်ချက်ကျိုအပ်သော ကြေးနီရည်နှင့်တူကုန်၏။ ကာမဂုဏ်တို့သည် ထိုအဆိပ်၊ ဆီပူ၊ ကြေးနီပူတို့ထက် လွန်စွာ ပူပြင်းတောက်လောင်ကာ ကြီးစွာသော ဆင်းရဲခြင်းကို ဖြစ်စေ၏''

ဟူ၍ ကာမဂုဏ်တို့ကို ကဲ့ရဲ့ပြစ်တင် ရှုတ်ချကာ တရားဟောကြားပြီး တိုင်းပြည်အား အမတ်တို့ကို အပ်နှင်းလေ၏။ ထို့နောက် ဈာန်တန်ခိုးဖြင့် ကောင်းကင်ခရီးမှ ဟိမဝန္တာသို့ကြွမြန်းကာ ရသေ့ရဟန်းပြုပြီး တရားဓမ္မတို့ကို ကျင့်ကြံ၏။ သေလွန်သည်ရှိသော် ဗြဟ္မာပြည်သို့ လားရလေ၏''

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်-

''ရဟန်းတို့...

ထိုစဉ်အခါက မိဖုရားကြီးသည် ယခုအခါ ရာဟုလာမယ်တော်ဖြစ်လာပြီး ဗာရာဏသီမင်းကြီးသည်ကား ငါ ဘုရားရှင်ဖြစ်လာလေ၏''

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com

# ၄၆၀။ ယုဥ္စယဇာတ်



http://www.dhammadownload.com

# (၄၆၀)
# ယုဓဉ္စယဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ ခညောင်းဝပ်တွာ ပူဇော်ရာဖြစ်သော မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဖြစ်၏။

ရဟန်း အပေါင်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့် အခိုက်-

"ငါ့အရှင်တို့...မြတ်စွာဘုရားရှင်သည် လူ့ဘောင်၌နေသည် ဖြစ်အံ့၊ စကြာမင်းဖြစ်ရာ၏၊ ထိုသို့ဖြစ်ပါလျက် စကြာမင်းအဖြစ်ကို စွန့်ပယ်ကာ ကာမဂုဏ်တို့၏အပြစ်ကိုမြင်၍ ညဉ့်သန်းခေါင်ယံတွင် ဆန္နအမတ်ကိုခေါ်၏၊ ထို့နောက် ကဏ္ဍကမြင်းကိုစီးလျက် တောထွက်တော်မူ၍ အနော်မာမြစ်ကမ်း၌ ရဟန်းပြီးလျှင် ခြောက်နှစ်တာကာလ ပတ်လုံး ဒုက္ကရစရိယာအကျင့်ကိုကျင့်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူ၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကြွလာတော်မူလာပြီး အကြောင်းစုံ သိတော်မူလျှင်-

"ရဟန်းတို့ ငါဘုရားရှင်သည် ယခုအခါ၌သာလျှင် မြတ်သော တောထွက်ခြင်းကို ပြုသည်မဟုတ်၊ ရှေးအခါ၌ ဗာရာဏသီပြည်ကြီးကိုစွန့်၍ တောထွက်တော်မူခဲ့ဖူးလေပြီ"

http://www.dhammadownload.com



ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသောကာလ။

ရမ္မပြည်၌ သဗ္ဗဒတ္တအမည်ရှိ ရမ္မင်း မင်းပြုသည်ရှိသော် ထိုမင်း၌ သားတော်တစ်ထောင်ရှိ၏။ ထိုသားတော်တစ်ထောင်အနက်မှ ယုဓိဋ္ဌိလ အမည်ရှိ သားတော်အကြီးဆုံးကို အိမ်ရှေ့မင်းအဖြစ်ကို ပေးလေ၏။ ထိုအိမ်ရှေ့မင်းသည် နေ့စဉ်နေ့တိုင်း ကြီးစွာသော အလှူကို ပေးလေ၏။

ကာလကြာမြင့်သည်ရှိသောအခါ အိမ်ရှေ့မင်းသည် တစ်နေ့သ၌ တင့်တယ်သော ရထားကိုစီးလျက် ဥယျာဉ်ကစားထွက်လေ၏။ ဤတွင် သစ်ပင်ဖျား၊ မြက်ဖျားရှိ ပင့်ကူအိမ်တို့၌ ကပ်ငြိလျက်ရှိသော ပုလဲလုံးသဏ္ဌာန် ဆီးနှင်းပေါက်တို့ကိုမြင်လျှင်-

"အချင်း ရထားထိန်း၊ ဤအပေါက်တို့ကား မည်သည့်အပေါက် ဖြစ်လေသနည်း"

ဟု မေးလေ၏။ ရထားထိန်းလည်း-

"အရှင်မင်းသား အဆိုပါအပေါက်တို့ကား ဆီးနှင်းပေါက်များ ဖြစ်ကြပါ၏"

ဟု ဖြေဆိုလေ၏ အိမ်ရှေ့မင်းလည်း တောကစားပြီး ညချမ်းအချိန်၌ ပြန်လေသည်ရှိသော နံနက်အခါက မြင်တွေ့ခဲ့ရသော ဆီးနှင်းပေါက်တို့ကိုမမြင်ရ၍-

"အချင်း ရထားထိန်း ဆီးနှင်းပေါက်တို့ ဘယ်သို့ရောက်ကုန်ကြသနည်း"

ဟု မေးလေ၏။ ရထားထိန်းလည်း-

"အရှင်မင်းသား နေထွက်သည်ရှိသော် အလုံးစုံသော ဆီးနှင်းပေါက်တို့သည် ပျက်စီး၍ မြေသို့ကျကာ ပျောက်ပျက်သွားကြပါ၏"

http://www.dhammadownload.com



ဟု ဖြေဆိုလျှောက်ထားလေ၏။ ထိုအခါ အိမ်ရှေ့မင်းသား လည်း ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်လျက်-

"သတ္တဝါသခ်ါရတို့ကား ဆီးနှင်းပေါက်နှင့် တူပါပေသည် တကား၊ ငါသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ မနှိပ်စက်မီမှာပင်လျှင် မယ်တော်၊ ခမည်းတော်တို့ကိုတောင်းပန်၍ ရဟန်းပြုရန်သင့်၏"

ဟု ဆင်ခြင်တွေးတော သုံးသပ်ကာ နန်းဆောင်သို့မပြန်တော့ဘဲ တရားလွှတ်တော်တွင် တရားစီရင်၍နေသော ခမည်းတော်ထံ ဝင်ရောက်ခစားဖူးမြော်ပြီး-

"အို…ခမည်းတော်မင်းကြီး အမတ်အပေါင်းတို့ကိုခြံရံလျက် ရှိသော ခမည်းတော်မင်းကြီးအား ရှိသေစွာ ရှိခိုးပါ၏၊ အကျွန်ုပ်သည် ရဟန်းပြုလိုပါ၏၊ ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူပါလော့"

ဟု တောင်းပန်လျှောက်ထားလေ၏။ ထိုအခါ ခမည်းတော် မင်းကြီးလည်း-

"အို… ချစ်သား၊ ချစ်သားအဖို့ ကာမဂုဏ်စည်းစိမ်တို့ နည်းပါး၍ ဤစကားကို ဆိုလေသလော၊ ဖခမည်းတော်သည် ပြည့်ဝစေရန် စီစဉ်ဖန်တီးပေးပါအံ့၊ ချစ်သားအပေါ် ဆင်းရဲအောင်ပြုသူတို့အားလည်း တားမြစ်ပေးပါအံ့၊ ရဟန်းမပြုနှင့်"

ဟူ၍ တားမြစ်လေ၏။ အိမ်ရှေ့မင်းသားလည်း ခမည်းတော် စကားကိုကြားလျှင်-

"အို… ခမည်းတော်မင်းကြီး အကျွန်ုပ်အဖို့ ကာမဂုဏ် စည်းစိမ်တို့ နည်းပါးယုတ်လျော့ခြင်းမရှိပါ၊ အကျွန်ုပ်အားလည်း ဆင်းရဲအောင် နှိပ်စက်ကလူ ပြုသူလည်းမရှိပါ၊ အကျွန်ုပ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ မဖျက်ဆီးနိုင်သော မှီခိုရာကို ရှာဖွေလိုပါ၏၊ အကျွန်ုပ်အား ရဟန်း ပြုခွင့်ပေးပါလော့"

ဟု လျှောက်ထား တောင်းပန်ပြန်လေ၏။

http://www.dhammadownload.com



"အို... ချစ်သား၊ ခမည်းတော်သည် ချစ်သားအား ရဟာန်း မပြုရန် တောင်းပန်ပါ၏၊ ပြည်ရွာတိုင်းကား ဇနပုဒ်သားတို့မှာလည်း ရဟာန်းမပြုရန် တောင်းပန်ကြပေလိမ့်မည်၊ သို့ဖြစ်၍ရဟာန်းမပြုပါနှင့်"

မင်းကြီးလည်း သားတော် အိမ်ရှေ့မင်းအား အဖန်တလဲလဲ တားမြစ်တော်မူလေ၏။ ထိုအခါ အိမ်ရှေ့မင်းသားလည်း-

"အို ခမည်းတော်မင်းကြီး၊ အကျွန်ုပ် ရဟာန်းပြုလိုသည့် ကိစ္စကို မတားမြစ်ပါနှင့်၊ အကျွန်ုပ်အား ကာမဂုဏ်အာရုံတို့နှင့် မနှစ် မွှန်းပါစေနှင့်၊ အဖန်တလဲလဲ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏အလို သို့ လိုက်ရသည် မဖြစ်ပါစေနှင့်"

ဟူ၍ အဖန်တလဲလဲ တောင်းပန်ပြန်လေ၏။ သည့်အတွက် မင်းကြီးလည်း တုံ့ပြန်ပြောဆိုရန် စကားကိုရှာမရပေ။ မယ်တော် မိဖုရားကြီးလည်း ထိုအကြောင်းကို သိတော်မူသည်ရှိသော် ရွှေထမ်း စင်ဖြင့် သားတော်ထံ အတင်းသွားရောက်ကာ-

"ချစ်သား ငါသည် ချစ်သားအား တောင်းပန်ပါ၏၊ ချစ်သားကို အမြဲတစေ တွေ့မြင်လိုလှပါ၏၊ သို့ဖြစ်၍ ရဟာန်းမ ပြုပါနှင့်"

ဟူ၍ တားမြစ်ပြန်လေ၏။ မင်းသားလည်း မယ်တော်၏နှုတ် မှ အဆိုပါစကားကို ကြားရလျှင်-

"အို... မိခင်၊ နေထွက်လာသည်ရှိသော် မြက်ပင်ဖျား၊ သစ်ပင်၊ သစ်ရွက်ဖျားတို့၌ တင်နေလျက်ရှိကြသော ဆီးနှင်းပေါက် တို့သည် မြေပြင်သို့ကျရောက် ကွယ်ပျောက်ကြသည့်ပမာ လူတို့၏ ဘဝသက်တမ်းကား နည်းပါးလှ၏။ သို့ဖြစ်၍ အကျွန်ုပ် ရဟာန်းပြု မည့်အပေါ် မတားမြစ်ကြပါနှင့်"

ဟူ၍ မယ်တော်အား တောင်းပန်လေ၏။ မယ်တော်လည်း အဖန်တလဲလဲ တားမြစ်သည်သာပင်။ ထိုအခါ အိမ်ရှေ့မင်းသားလည်း-

http://www.dhammadownload.com



"အို…ခမည်းတော်မင်းကြီး၊ မယ်တော်အား ယခုပင် ယာဉ်ပေါ်သို့တင်စေပါလော့၊ မယ်တော်သည် ခက်ခဲသောခရီးကို ကူးဖြတ်မည့် အကျွန်ုပ်အတွက် အတားအဆီး မဖြစ်ပါစေနှင့်"

ဟူ၍ ခမည်းတော်မင်းကြီးအား လျှောက်ထားလေ၏။ မင်းကြီးလည်း-

"အို… မိဖုရားကြီး သင် ယခုပင် သွားပါလော့၊ သင်၏ပြာသာဒ်ရှိရာသို့ ပြန်ပါလေလော့"

ဟူ၍ နှင်လေ၏။ မိဖုရားကြီးလည်း မင်းကြီး၏အမိန့်အတိုင်း အခြွေအရံတို့နှင့် စံမြန်းရာပြာသာဒ်သို့ ပြန်သွားရကာ သတင်းစကားကိုသာ နားထောင်နေရလေတော့၏။ မင်းကြီးလည်း အိမ်ရှေ့မင်းသား ယုဓဉ္စယအား တားမြစ်၍မရတော့သဖြင့် ရဟန်းပြုခွင့် ပေးလိုက်ရလေ၏။ ထိုအခါ အိမ်ရှေ့မင်း၏ညီတော် ယုဓိဋ္ဌိလည်း နောင်တော်နှင့်အတူ ရဟန်းပြုလိုကြောင်း လျှောက်ထားတောင်းပန်လာသဖြင့် ဖခမည်းတော်လည်း ခွင့်ပြုလိုက်ရလေ၏။

ထို့နောက် မင်းသားညီနောင်တို့လည်း ခမည်းတော်ထံမှ အခွင့်ရသည်နှင့် လူအပေါင်းတို့ခြံရံကာ လွှတ်တော်မှ ထွက်ကြကုန်၏။ မိဖုရားကြီးလည်း သားတော်ကို ပြာသာဒ်ထက်မှကြည့်၍-

"ငါ့သား ရဟန်းပြုလျှင် ဤရမ္မမြို့ကြီးသည် တိတ်ဆိတ်ခြောက်ကပ်သွားကုန်အံ့"

ဟု အောက်မေ့ကာ-

"အို… မောင်းမအပေါင်းတို့၊ သင်တို့သည် မင်းကြီးရှိရာသို့ လျင်မြန်စွာ သွားရောက်ကြကုန်လော့၊ မင်းကြီးထံရောက်သည့်အခါ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေဟူ၍ ဆိုကြပါလော့၊ ထို့နောက် သဗ္ဗဒတ္တမင်းကြီးသည် သားတော်ကြီး ယုဓဉ္စယကို ရဟန်းပြုခွင့်ပေး

http://www.dhammadownload.com



လိုက်သည့်အတွက် ရမ္မမြို့ကြီးသည် တိတ်ဆိတ်ခြောက်ကပ်သွားပေလိမ့်မည်ဟု ဆိုကြကုန်လော့-

မောင်းမအပေါင်းတို့ နှပျို၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ယုဓဉ္စယမင်းသားကား သားတစ်ထောင်တို့တွင် အမြတ်ဆုံးဖြစ်၏၊ ခွန်အားအကြီးဆုံးလည်းဖြစ်၏၊ ထိုမင်းသားကား ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ရဟန်းပြုလေပြီတကား''

ဟူ၍ ငိုကြွေးမြည်တမ်းလေ၏။ မင်းသားညီနောင်တို့လည်း မြို့ပြင်သို့ရောက်လျှင် လူအပေါင်းတို့ကိုပြန်စေလျက် ဟိမဝန္တာသို့ ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်တို့ကိုဖြစ်စေလျက် သစ်သီးကြီးငယ်တို့ဖြင့် မျှတ၍နေကာ သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရောက်ရလေ၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာလည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ တော်စပ်တော်မူပြီးနောက်-

''ရဟန်းတို့ ထိုစဉ်က ခမည်းတော် မယ်တော်တို့သည် ယခုအခါ သာကီဝင်မင်းများဖြစ်လာ၍ ယုဓိဋ္ဌိမင်းသားသည် အာနန္ဒာ၊ ယုဓဉ္စယမင်းသားကား ငါ ဘုရားရှင်ဖြစ်လာ၏''

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

http://www.dhammadownload.com



http://www.dhammadownload.com

# (၄၆၁)
# ဒသရထဇာတ်

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအသီးသီးတို့အပေါ် တရားနည်းလမ်းကျစွာ ဆုံးမသြဝါဒပေးတော်မူလေ့ရှိသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်စဉ် ဖခင် သေလွန်သဖြင့် စိုးရိမ်သောကတို့နှိပ်စက်ခြင်း ခံနေရသော သူကြွယ်ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

ရှေး လွန်လေပြီးသောကာလ။

ဗာရာဏသီပြည် ဒသရထမင်း မင်းပြုသည်ရှိသော် ထိုမင်း၌ မောင်းမအပေါင်း တစ်သောင်းခြောက်ထောင် ရှိလေ၏။ ထိုမောင်းမတို့၏အကြီးဖြစ်သော မိဖုရားကြီးသည် သားတော်နှစ်ပါးနှင့် သမီးတော်တစ်ပါးကို ဖွားမြင်လေ၏။ သားတော်ကြီးကား ရာမမင်းသား၊ သားတော်ငယ်ကား လက္ခဏမင်းသားဖြစ်ကြကာ သမီးတော်မှာမူ သီတာဟူ၍ အမည်ရှိလေ၏။

အခါတစ်ပါး၌ မိဖုရားကြီးသည် နတ်ရွာစံ ကံကုန်ခဲ့၏။ မင်းကြီးလည်း မိဖုရားကြီးအား သဂြိုဟ်ခြင်းအမှုကိစ္စ ပြီးစီးသည်ရှိ

http://www.dhammadownload.com



သော် မင်းသမီးတစ်ပါးကို မိဖုရားကြီးအရာ၌ ထားလေ၏။ ထိုမိဖုရားကြီးမှ သားတော်တစ်ပါး ဖွားမြင်လေရာ ဘရတ မင်းသားဟူ၍ အမည်မှည့်လေ၏။ မင်းကြီးလည်း ထိုသားတော်အပေါ်၌ ချစ်ခင်ခြင်းကြီးစွာဖြစ်လေရာ မင်းသား၏မယ်တော် မိဖုရားကြီးကိုခေါ်၍-

"ရှင်မ သင့်အား သင်လိုသောဆုကိုပေးမည်၊ တောင်းခံလော့"

ဟု ဆိုလေ၏။ မိဖုရားကြီးလည်း လိုအပ်မှ တောင်းခံမည်ဟု ဆိုကာ ဆိတ်ဆိတ်သာနေလေ၏။ သို့ဖြင့် ဘရတမင်းသား ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ မိဖုရားကြီးလည်း မင်းကြီးထံ အခစားဝင်ရောက်ပြီး-

"အရှင်မင်းကြီး အရှင်မင်းကြီးသည် အကျွန်ုပ် လိုအပ်သောဆုကို ပေးသနားတော်မည်ဟု ဆိုခဲ့ဖူးပါ၏၊ ထိုစဉ်က မတောင်းခံခဲ့ပါ၊ ယခုမှု တောင်းခံပါတော့မည်-

အရှင်မင်းကြီး အကျွန်ုပ်၏သားတော် ဘရတမင်းသားအား မင်းအဖြစ်ကို ပေးတော်မူပါလော့"

ဟူ၍ လျှောက်ထား တောင်းခံလေ၏။ ဤတွင် မင်းကြီးလည်း လက်ဖျစ်တီးကာ-

"ဟယ်··· အယုတ်တမာမ၊ သင်သည် ငါ့အား မအပ်မရာသော စကားကို အဘယ့်ကြောင့် ဆိုရလေသတည်း၊ သွားလော့၊ ငါ၏သားတော်ကြီး ရာမမင်းသားကား မီးပုံကြီးနှင့်မခြား ထွန်းလင်းတောက်ပ၏၊ သို့ပါလျက် ငါ့သားတော်ကြီးကိုသတ်၍ သင့်သားငယ်အား မင်းအဖြစ်ကို ပေးရမည်လော"

ဟု ပြောဆို ခြိမ်းခြောက်လေ၏။ မိဖုရားကြီးလည်း လက်မလျှော့ဘဲ အဖန်တလဲလဲ တောင်းဆို၍နေလေ၏။

တစ်နေ့သ၌ မင်းကြီးလည်း-

http://www.dhammadownload.com



"မိန်းမတို့မည်သည်ကား သူတစ်ထူး၏ကျေးဇူးကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကြကုန်၏၊ ဤမိဖုရားလည်း ကောက်ကျစ်စဉ်းလဲကာ တံစိုးလက်ဆောင်ပေး၍ ငါ့သားတော်ကြီးအား သတ်ကောင်း သတ်စေမည်ဖြစ်၏၊ ၄င်း၏ အတွင်းစိတ်ခါတ်ကို တပ်အပ်သေချာ မသိနိုင်"

ဟု တွေးတောမိကာ သားတော်ကြီး ရာမမင်းသားနှင့် သားတော်ငယ် လက္ခဏမင်းသားညီနောင်တို့ကို ခေါ်လိုက်၏၊ ထို့နောက်-

"ချစ်သားတို့ သင်တို့သည် ဤတိုင်းပြည်၌နေလျှင် သင်တို့အတွက် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်ပေ၏၊ သို့ဖြစ်၍ အရပ်တစ်ပါးတို့ သွားကြကုန်၊ ခမည်းတော် နတ်ရွာစံ ကံတော်ကုန်သောအခါကျမှသာလျှင် လာ၍ မင်းပြုကြကုန်လော့"

ဟု ပြောဆိုပြီး ၄င်း၏လက္ခဏာအား ပုရောဟိတ်ပုဏ္ဏားတို့ကို လက္ခဏာဖတ်ကြားစေ၏။ ပုရောဟိတ်ပုဏ္ဏားတို့လည်း အသက် ၁၂ နှစ်သာ ရှည်မည့်အကြောင်းကို ဖတ်ကြားကြလေ၏။ ထိုအခါမင်းကြီးလည်း သားတော်တို့အား-

"ချစ်သား ဆယ့်နှစ်နှစ်လွန်မှသာလျှင် တိုင်းပြည်ကိုပြန်လာ၍ မင်းပြုလုပ်ကြကုန်လော့"

ဟူ၍ မှာထားတော်မူ၏။ သားတော်နှစ်ပါးလည်း ခမည်းတော်မင်းကြီးကို ရှိခိုး၍ ငိုကြွေးကာ ပြာသာဒ်မှ ဆင်းသက်ကြလေ၏။ သီတာမင်းသမီးမြင်လျှင် ငိုကြွေးလျက် ခမည်းတော်ထံ ရှိခိုးခွင့်ပန်ကာ မောင်တော်တို့နှင့်အတူ လိုက်ပါလေ၏။ ရာမမင်းသားတို့လည်း အခြံအရံများစွာဖြင့် တိုင်းပြည်မှ ထွက်ကြကုန်၏။ ထို့နောက် အခြွေအရံတို့ကို ပြန်စေလျက် ဟိမဝန္တာသို့ဝင်ကာ ကျောင်းသင်္ခမ်းဆောက်လုပ်နေထိုင်ကြပြီး သစ်သီးကြီးငယ်တို့နှင့်မျှတစွာ နေကြလေ၏။

http://www.dhammadownload.com



ထိုအခါ လက္ခဏာသုခမိန်သည် နှမတော် မင်းသမီးနှင့်အတူ နောင်တော်ရာမ သုခမိန်ထံ ချဉ်းကပ်လျက်-

"နောင်တော် နော်တော်ကား အကျွန်ုပ်တို့၏ ဖခင်အရာ၌ တည်ပါ၏၊ သို့ဖြစ်၍ သစ်သီးကြီးငယ်တို့ကို လိုက်လံရှာဖွေသော အလုပ်ကို မလုပ်ပါနှင့်၊ ကျောင်းသင်္ခမ်းတွင်သာ ငြိမ်းအေးစွာနေပါလော့၊ အကျွန်ုပ်တို့မောင်နှမ ရှာဖွေကျွေးမွေးပါမည်"

ဟု ပြောဆိုခွင့်တောင်းလေ၏။ ရာမသုခမိန်လည်း ခွင့်ပေးလေ၏။ ထိုအခါ လက္ခဏာသုခမိန်နှင့် သီတာမင်းသမီးတို့သည် တောသို့ သစ်သီးများရှာဖွေကာ နောင်တော်ရာမသုခမိန်အား လုပ်ကျွေးကြလေ၏။ ရာမသုခမိန်ကား ကျောင်းသင်္ခမ်းတွင်သာ လုပ်ကျွေးခံ၍နေလေ၏။

ဤတွင် ဒသရမင်းကြီးလည်း သားတော် သမီးတော်တို့ကို လွမ်းဆွတ် စိုးရိမ်ပူဆွေးတော်မူသဖြင့် ဆယ့်နှစ်နှစ်မျှပင် အသက်မရှည်တော့ဘဲ ကိုးနှစ်မြောက်မှာပင် နတ်ရွာစံ ကံတော်ကုန်လေ၏။ ထိုအခါ မိဖုရားကြီးလည်း သဂြိုဟ်ခြင်းအမှုကိစ္စကို ပြုစေပြီးလျှင်-

"အမတ်တို့ ငါ၏သားတော် ဘရတမင်းသားအား မင်းမြှောက်ကြကုန်"

ဟူ၍ ဆိုလေ၏။ ဤတွင် အမတ်တို့က-

"အရှင်မိဖုရား ဤတိုင်းပြည်၏ ထီးနန်းရှင်တို့ကား တောဌ်ပင် ရှိကြပါသေး၏၊ အရှင်မိဖုရား၏ဆန္ဒကို လက်သင့်မခံနိုင်ပါ"

ဟု လျှောက်တင်ကြလေ၏။ ထိုအခါ ဘရတမင်းသားလည်း:-

"ငါ၏နောင်တော်ကြီး ရာမသုခမိန်ကို ပင့်ဆောင်၍ မင်းမြှောက်ရမည်"

http://www.dhammadownload.com



ဟု ကြံစည်ကာ မင်းမြှောက်တန်ဆာငါးပါးတို့ကိုယူ၍ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ရာမသုခမိန်ရှိမည့်နေရာသို့ သွားကြလေ၏။ အနီးသို့ရောက်လျှင် သစ်တပ်တည်ဆောက်၍ နားနေစခန်းချကြ၏။ ထို့နောက် အမတ်တို့နှင့်တကွ ရာမသုခမိန်ထံ ဆည်းကပ်ကာ ရှိခိုးပြီး ခမည်းတော်မင်းကြီး နတ်ရွာစံကြောင်း လျှောက်ထားကာ ခြေရင်း၌ဝပ်စင်းကာ ငိုကြွေးလေ၏။ ရာမသုခမိန်ကား ငိုကြွေးခြင်းမပြုရုံမက စိုးစဉ်ငယ်မျှပင် ဣန္ဒြေဖောက်ပြန်ခြင်း မရှိပေ။

ညချမ်းအချိန်သို့ရောက်လေသော် လက္ခဏာသုခမိန်နှင့် သီတာမင်းသမီး မောင်နှမနှစ်ယောက်တို့သည် သစ်သီးရှာဖွေရာမှ ပြန်လာကြကုန်၏။ ထိုအခါ ရာမသုခမိန်လည်း-

"ငါ့ညီနှင့် နှမတို့ကား ငယ်ရွယ်သူများ ဖြစ်ကြကုန်၏၊ ငါကဲ့သို့ ဉာဏ်ပညာ အဆင်ခြင်ဉာဏ်မရှိကြ၊ ခမည်းတော် နတ်ရွာစံခဲ့ပြီဟု ရုတ်ချည်းပြောချလိုက်လျှင် နှလုံးကွဲကြရာ၏၊ သို့ဖြစ်၍ ဥပါယ်တံမျဉ်ဖြင့် ရေသို့ဆင်းသက်စေပြီးမှ ဤအကြောင်းကို ပြောကြားတော့မည်"

ဟု ကြံစည်စိတ်ကူးကာ မောင်နှမနှစ်ယောက်တို့ကို ခေါ်လေ၏။ ထို့နောက်-

"သင်တို့သည် ယနေ့ အချိန်ကြာမြင့်မှ လာကြ၏၊ သို့ဖြစ်၍ အပြစ်ပေးရမည်၊ ရေကန်ဆင်း၍နေကြလော့"

ဟု အမိန့်ပေးလေ၏၊ ထိုအခါ မောင်နှမနှစ်ယောက်တို့လည်း နောင်တော်၏စကားကို မပယ်ရှားဝံ့ဘဲ ရေကန်သို့ဆင်းသက်ကာ နေကြလေ၏။ ထိုအခါကျမှ နောင်တော်ဖြစ်သူ ရာမသုခမိန်လည်း ခမည်းတော် ဒသရမင်းကြီး နတ်ရွာလားကြောင်းကို ပြောကြားလေ၏။ ထိုအကြောင်းကို မောင်နှမနှစ်ယောက်တို့ကြားလျှင် တွေဝေမိန်းမောကြကုန်၏။ ထိုအကြောင်းကို သုံးကြိမ်တိုင်တိုင်ပြောကြားရာ သုံး

http://www.dhammadownload.com



ကြိမ်တိုင်အောင် တွေဝေမိန်းမောကြကုန်၏။ ထိုအခါ မောင်နှမနှစ်ယောက်တို့ကို ရေမှဆယ်ယူကာ သက်သာရာကို ရစေ၏။ အချင်းချင်းလည်း ငိုကြွေးကြကုန်၏။

ထိုအခါ ဘရတမင်းသားသည် လက္ခဏာသုခမိန်မှစ၍ အလုံးစုံသောသူတို့သည် စိုးရိမ်ပူဆွေး ငိုကြွေးကြကုန်၏။ နောင်တော်ရာမသုခမိန်ကား စိုးရိမ်ပူဆွေးခြင်း အလျဉ်းမရှိ။ သည့်အတွက် ဘရတမင်းသားက အကြောင်းရင်းကို သိလိုသဖြင့်-

"အို… နောင်တော်ကြီး၊ အဘယ့်ကြောင့် စိုးရိမ်တော်မူအပ်သောအရာကို မစိုးရိမ်ရလေသနည်း၊ ခမည်းတော်မင်းကြီး နတ်ရွာလားကြောင်းကိုကြား၍လည်း နောင်တော်ကြီးအဖို့ စိုးရိမ်ပူဆွေးခြင်း ကင်းရလေသနည်း"

ဟု မေးမြန်းလေ၏။ ထိုအခါ ရာမသုခမိန်လည်း ညီငယ်နှင့် နှမငယ်များအား တရားပြကာ ဆုံးမပြောကြားလိုသဖြင့်-

"အို…ညီထွေး ဘရတ၊ ကိုယ်ခန္ဓာ ပိန်ချုံးချည့်နဲ့သည့်တိုင်အောင် စိုးရိမ်ပူဆွေး ငိုကြွေးနေ၍လည်း သေသောသူသည် တစ်ဖန် အသက်ပြန်၍ မရှင်နိုင်။ ထိုသို့ဖြစ်ပါလျက် သိက္ခမ်းလိမ္မာသော ပညာရှိသည် မိမိကိုယ်ကို အဘယ့်ကြောင့် ပူပန်စေရပါမည်နည်း-

အို… ညီထွေးဘရတ၊ အသက်အရွယ် ငယ်သောသူ၊ မိုက်မဲသောသူ၊ ပညာရှိသောသူ၊ စည်းစိမ်ဥစ္စာ ကြွယ်ဝသူ၊ ဆင်းရဲသောသူ ဤအလုံးစုံသောသူတို့သည် သေမင်း၏ခံတွင်း၀၌ လဲလျောင်းကြရကုန်၏-

အို… ညီထွေး ဘရတ မှည့်သော သစ်သီးတို့အား အမြဲကြွေကျရခြင်းတည်း ဟူသော ဘေးဖြစ်သကဲ့သို့ ထို့အတူ ဖြစ်လာကုန်သော သတ္တ၀ါတို့အား အမြဲ သေရခြင်းဘေးသည် ဖြစ်လာ၏"

http://www.dhammadownload.com



ရာမသုခမိန်လည်း ထိုသို့ ညီငယ် ညီမငယ်တို့အား အဖြစ်အပျက်တရားတို့ကို ဆုံးမပြောဆိုပြီးနောက်-

"အို... ညီထွေး ဘရတ၊ နံနက်အခါ၌ များစွာသော သူတို့ကို မြင်ရကုန်၏။ ထိုသူတို့တွင် အချို့သောသူတို့ကို ညချမ်းအခါ၌ မမြင်ကြရကုန်-

ညချမ်းအခါ၌ များစွာသောသူတို့ကို မြင်ရကုန်၏၊ ထိုသူတို့တွင် အချို့သောသူတို့ကို နံနက်အခါ၌ မမြင်ကြရကုန်-

အို... ညီထွေး ဘရတ၊ အကယ်၍ ငိုကြွေးမြည်တမ်းသောသူသည် မိမိကိုယ်ကို ညှဥ်းဆဲတွေဝေစေ၍ တစ်စုံတစ်ခုသော အကျိုးစီးပွားကို ဆောင်နိုင်ငြားအံ့၊ ပညာရှိသောသူသည် ထိုငိုကြွေးမြည်တမ်းခြင်းကို ပြုလုပ်ရာ၏-

အို... ညီထွေးဘရတ၊ ငိုကြွေးမြည်တမ်းသဖြင့် မိမိကိုယ်ကို ညှဥ်းဆဲသကဲ့သို့ဖြစ်ကာ ပိန်ချုံးစေဘိ၏၊ အဆင်းလည်းမလှချေ၊ ထိုငိုကြွေးမြည်တမ်းခြင်းဖြင့် တမလွန်ဘဝသို့ ပြောင်းသွားသောသူတို့သည် မစောင့်နိုင်ကုန်၊ ထိုကြောင့် ငိုကြွေးမြည်တမ်းခြင်းသည် အကျိုးမရှိ"

ဟူ၍ ဆုံးမပြန်၏၊ ဆက်လက်၍ ပညာဖြင့်ဆင်ခြင်လျှင်သောကတရားတို့တွင် စင်စေတတ်ကြောင်းကို ဆုံးမလိုသဖြင့်-

"အို... ညီထွေး ဘရတ၊ ဥပမာအားဖြင့် နေအိမ်ကို မီးလောင်သည်ရှိသော် ရေအိုးရာထောင်တို့ဖြင့် ငြိမ်းစေဘိသကဲ့သို့ ထို့အတူ မြဲမြံတည်ကြည်လျက် အကြားအမြင်ရှိသော ပညာရှိသည် စိုးရိမ်ပူဆွေးမှုဖြစ်ခြင်းကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲဝါဂွမ်းကို လွင့်ဖျောက်သကဲ့သို့ စိုးရိမ်ပူပန်ခြင်းကို လွင့်ဖျောက်ရာ၏၊

အို... ညီထွေးဘရတ သတ္တဝါတို့သည် တစ်ယောက်တည်းသာလျှင် သေလွန်ရ၏။ တစ်ယောက်တည်းသာ အမျိုးလေးပါး၌

http://www.dhammadownload.com



ဖြစ်ရ၏၊ အလုံးစုံသော သတ္တဝါတို့အား ဆွေမျိုးတို့နှင့် ယှဉ်ခြင်းသာလျှင် သုံးဆောင်ခြင်းသာလျှင် ဖြစ်ကုန်၏-

သို့ဖြစ်၍ အကြားအမြင် များစွာရှိလျက် ပစ္စုပ္ပန် တမလွန် နှစ်တန်သော လောကကို ကောင်းစွာသိမြင်သော ပညာရှိအား လောကဓံတရားရှစ်ပါးကို သိမြင်၍ များစွာ မစိုးရိမ် မပူပန်ခြင်းတို့သည် ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း စိတ်ကိုလည်းကောင်း မပူပန်စေနိုင်ကုန်-

ငါသည် အခြံအရံကိုလည်းကောင်း စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ ဆွေမျိုးတို့ကိုလည်းကောင်း၊ ကြွင်းသော ဥစ္စာကိုလည်းကောင်းစွာ စောင့်ရှောက်အံ့၊ သိမြင်သောသူအား ဤသို့ စောင့်ရှောက်ခြင်းသည် လျောက်ပတ်၏"

ဟူ၍ ညီထွေး ဘရတအား အမြဲမရှိသော အနိစ္စတရားကို ဟောကြားဆုံးမတော်မူ၏။ ညီတော်၊ နှမတော်တို့လည်း ရာမသုခမိန်၏ တရားဒေသနာကိုကြားနာရလျှင် စိုးရိမ်ပူဆွေးခြင်းတို့ လျော့ပါးကင်းပျောက်ကုန်၏။ ဤတွင် ဘရတမင်းသားလည်း-

"အို… နောင်တော် ရာမသုခမိန်၊ ဗာရာဏသီပြည်၌ မင်းပြုတော်မူပါ"

ဟူ၍ လျှောက်ထားတောင်းပန်လေ၏။ ထိုအခါ ရာမသုခမိန်လည်း-

"ညီထွေး ဘရတ လက္ခဏသုခမိန်နှင့် သီတာမင်းသမီးတို့ကိုခေါ်၍ မင်းပြုကြကုန်လော့၊ ခမည်းတော်မင်းကြီးသည် ငါ့အား တစ်ဆယ့်နှစ်နှစ်လွန်မှသာ ပြန်လာ၍ မင်းပြုလော့ဟု မှာတော်မူခဲ့၏၊ ငါသည် ယခု ညီထွေးနှင့်လိုက်ပါ၍ မင်းပြုပါလျှင် ခမည်းတော်၏

http://www.dhammadownload.com



စကားကို နားမထောင်ရာရောက်ပေမည်၊ သို့အတွက် သုံးနှစ်လွန်မှ သာ ငါလာ၍ မင်းပြုပါမည်''

ဟု မှာကြား၏ ဘရတမင်းသားလည်း-

''နောင်တော် သုခမိန်၊ ဤသုံးနှစ်တာကာလပတ်လုံး အဘယ်သူ မင်းပြုပါလိမ့်မည်နည်း''

''ညီထွေး သင်တို့ မင်းပြုကြကုန်လော့''

''နောင်တော် အကျွန်ုပ်တို့ မင်းမပြုလိုကြပါကုန်''

''ညီထွေး ဤသို့ဆိုပါက ငါလာသည့်တိုင်အောင် ဤမြက်ခြေနင်းတို့သည် မင်းပြုကြကုန်လတ္တံ့''

ဟု ပြောဆိုကာ မြက်ခြေနင်းကို ချွတ်၍ပေးလိုက်၏။

ဤတွင် လက္ခဏာမင်းသား၊ ဘရတမင်းသားနှင့် သီတာမင်းသမီးတို့လည်း ရာမမင်းသား၏မြက်ခြေနင်းကို ယူဆောင်ကာ ဗာရာဏသီပြည်သို့ ပြန်ကြကုန်၏။ တိုင်းပြည်သို့ ပြန်ရောက်သည်ရှိသော် ရာမမင်းသား၏ မြက်ခြေနင်းတို့ကို မင်းမြှောက်လေ၏။ အမတ်တို့လည်း အမှုအခင်းများကို စီရင်ဆုံးဖြတ်ရာ၌ တရားပလ္လင်ပေါ်၌ မြက်ခြေနင်းတို့ကို တင်ကာ စီရင်ဆုံးဖြတ်ကြကုန်၏။ တရားစီရင်ဆုံးဖြတ်ရာ၌ သမာသမတ်မကျလျှင် မြက်ခြေနင်းတို့သည် အချင်းချင်း ရိုက်ခတ်ကြကုန်၏။ ထိုအခါတွင် အမှုကိုတည့်မတ်အောင် ပြန်လည်စီရင်ဆုံးဖြတ်ရ၏။ ကောင်းစွာ စီရင်ဆုံးဖြတ်လျှင် သမာသမတ်ကျလျှင် မြက်ခြေနင်းတို့လည်း ငြိမ်သက်စွာ ပကတိအတိုင်း နေလေ၏။

ရာမသုခမိန်လည်း သုံးနှစ်တာကာလလွန်လေသော် တိုင်းပြည်သို့ပြန်လာကာ ဥယျာဉ်တော်သို့ဝင်လေ၏။ ရာမသုခမိန် ပြန်လာပြီဆိုသော သတင်းကြားရလျှင် မင်းသားတို့သည် အမတ်အပေါင်းခြံရံလျက် ဥယျာဉ်တော်သို့ သွားရောက်ကြိုဆို နှုတ်ခွန်းဆက်ကြ၏။ ထို့နောက် ရာမမင်းသားအား သီတာမင်းသမီးနှင့် လက်ဆက်စေ၍

http://www.dhammadownload.com



မင်းနှင့်မိဖုရားအား ဘိသိက်သွန်းကြကုန်၏။ ထို့နောက် တန်ဆာဆင်အပ်သော ရထားဖြင့် မြို့တော်သို့ဝင်ကာ စန္ဒကပြာသာဒ်တော်၌ စံတော်မူလေ၏။ နှစ်ပေါင်းတစ်သောင်းခြောက်ထောင်ကာလပတ်လုံး တရားနှင့်အညီ မင်းပြုပြီး သေလွန်သည်ရှိသော် နတ်ပြည်ကို လားရလေ၏။

မြတ်စွာဘုရားရှင်လည်း ဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ ဖခင်သေလွန်သဖြင့် သည်းအူပြတ်မျှ စိုးရိမ်ပူဆွေးလျက်ရှိသော သူကြွယ်လည်း သတိသံဝေဂရကာ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့–

ထိုအခါက ဒသရမင်းကြီးသည် ယခုအခါ သီရိသုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏။

မိဖုရားကြီးသည်ကား မယ်တော်မာယာ။

သီတာဒေဝီမင်းသမီးသည် ရာဟုလာမယ်တော်။

ဘရတမင်းသားသည် အာနန္ဒာ။

လက္ခဏာသုခမိန်သည် သာရိပုတ္တရာ။

ရာမမင်း၏ပရိသတ်သည် ယခုအခါ ငါဘုရားရှင်၏ပရိတ်သတ်ဖြစ်လာပြီး ရာမမင်းကြီးသည်ကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

နန္ဒာမိုးကြယ်

ဤတွင် အတွဲ (၁၇) ပြီး၏။